www.burmeseclassic.com

# သတိုးတောဝ

ရေးသည်

# ဒေဝလကျော်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | - ၅၀၁၅၂၆၁၀၀၈ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - ၅၀၁၄၄၂၁၀၀၈ |
| ထုတ်ဝေသူ | - ဦးဝင်းသူရလွင် (အိပ်မက်အသစ်စာပေ) ၃၈ (၃ လွှာ)၊ ၁၅၃-လမ်း၊ တာမွေမြို့နယ်။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | - ဦးဇော်မြင့်ဝင်း (ကာလာဇုန်ပုံနှိပ်တိုက်) ၁၈၄(ဘီ)၊ ၃၁ လမ်း (အထက်)၊ ပန်းဘဲတန်းမြို့နယ်။ |
| မျက်နှာဖုံးဒီဇိုင်း | - Khit Phone Mo |
| ပုံနှိပ်ခြင်း | - ပထမအကြိမ် ဖေဖော်ဝါရီလ၊ ၂၀၀၉ ခုနှစ် |
| အုပ်ရေ | - ၁၀၀၀ |
| တန်ဖိုး | - ၁၆၀၀ ကျပ် |


**အိပ်မက်အသစ်** မှထွက်ရှိပြီးစာအုပ်များ

| | | |
|---|---|---|
| ၁။ | ပြာဖြစ်သွားသောပန်းသီးနှင့်အခြားမော်ဒန်ဝတ္ထုတိုများ | သစ္စာနီ |
| ၂။ | အဆောင်သူအတွက်. . . | ဝေမှူးသွင် |
| ၃။ | ဝလိုဘယ်လိုက်လေးရှင်း ရွှေဟောင်းလူဆိုးနဲ့ . . . . . | မောင်စူးစမ်း |
| ၄။ | ဝလက်စီမိစ္ဆာနှင့်သံမဏိမီးလျှံ | တာရာလင်းနွယ် |
| ၅။ | မိုးရာသီပတ်ဖျိုး | တာရာမင်းဝေ၊ ဝေမှူးသွင် |
| ၆။ | ကမ်းဝေးလှောင်အိမ် | သစ္စာနီ၊ မင်းခိုက်စိုးစန် |
| ၇။ | သူရဲကောင်းပြဇာနှင့်ရွှေလျားနေသောရဲတိုက် | တာရာလင်းနွယ် |
| ၈။ | မှုကြီးတစ်ဦး၏ဖါလူ့ဒါအရသာ | ဝေမှူးသွင် |
| ၉။ | ကြက်ခြေခတ်နှစ်ခု | တာရာမင်းဝေ၊ ဝေမှူးသွင် |
| ၁၀။ | မင်းလူ. . ဝေမှူးသွင်. . Lမင်းပြည့်မွန် | မင်းလူ၊ ဝေမှူးသွင်၊ L မင်းပြည့်မွန် |
| ၁၁။ | ပြတင်းပေါက်ကလွင့်ကျသွားတဲ့အိပ်မက် | L မင်းပြည့်မွန် |
| ၁၂။ | အိပ်မက်တစ်မက်စာ | ရွှေထိုက် |
| ၁၃။ | တစ်ဝက်တစ်ပျက်ည | မင်းခိုက်စိုးစန်၊ L မင်းပြည့်မွန် |
| ၁၄။ | အနေ့းသွားလွှန်းပျံယာဉ် | ဝေမှူးသွင် |
| ၁၅။ | ဟိုး. . . ရှေးရှေးတုန်းက | ရွှေထိုက် |
| ၁၆။ | ငှက်ဆိုးတွန်အိုန် | သတိုးဇော |
| ၁၇။ | စောင့်နေသူ | သတိုးဇော |
| ၁၈။ | ညဦးနက်သန်းခေါင်ခွေးတစ်ဟောင် | သတိုးဇော |
| ၁၉။ | ဂျစ်ပစီသင်ခန်းစာ | လင်းညို့ဒွေး |
| ၂၀။ | မိန္နာမျက်ရည် | ဒေဝလကျော် |
| ၂၁။ | ဖွဲလမ်းခြင်းခရီးသည် | သတိုးဇော |
| ၂၂။ | မာယာကစားပွဲ | လင်းညို့ဒွေး |
| ၂၃။ | အပြာရောင်မှတ်ဉာဏ်အပိုင်းအစများ | ဝေမှူးသွင် |
| ၂၄။ | ချစ်သူ့ရွာ | လူနေ |
| ၂၅။ | အမှောင်ကြောက်သူ | သတိုးဇော၊ ဒေဝလကျော် |

ဆက်လက်ထွက်ရှိမည့်စာအုပ်များ

| | | |
|---|---|---|
| ၂၆။ | ယမမင်းရဲ့ကဗျာ | ဒေဝလကျော် |
| ၂၇။ | ညည်းတွားရှိက်တဲ့ဗုံသံ | သတိုးဇော |


**အိပ်မက်အသစ်**

အမှတ်-၃၈၊ (၃-လွှာ)၊ ၁၅၃ လမ်း၊ တာမွေမြို့နယ်၊

ဖုန်း-၀၉၅၁၁၂၄၂၈၊ ၅၅၁၄၀၃


www.burmeseclassic.com

www.burmeseclassic.com

Eainmakathit presents

# သတိုးတေဇ၊ ဒေဝလက်ျာ

## အမှောင်ကြောက်သူ

Eainmakathit
38 (3rd-fl), 153rd Lane, Tamwe Ts, Yangon.
095112428, 551403

www.burmeseclassic.com

www.burmeseclassic.com



# ထက်ကြပ်မကွာ

သတိုးဝေဇ

အိပ်မက်အသစ်

www.burmeseclassic.com

www.burmeseclassic.com



"မင်း သူ့ကို သေတဲ့အထိတော့ လက်လွှန် ခြေလွန် မလုပ်သင့်ဘူးကွာ။ ဒီလို အသုံးမကျတဲ့ကိစ္စကို ဘာဖြစ်လို့ လုပ်ရတာလဲ"

ဟု စမတ်ဂျာက စိတ်ဆိုးမာန်ဆိုးဖြင့် ပြောလိုက်၏။ သူက လုပ်ဖော်ကိုင်ဖက် (ခိုးဖော်ခိုးဖက်)ဖြစ်သူ စပေါ်တီကို အပြစ်တင်နေခြင်း ဖြစ်သည်။

သူရော စပေါ်တီပါ နှစ်ယောက်စလုံးသည် အိမ်ဖောက်ထွင်းခိုးယူသည့် သူခိုးများ ဖြစ်ကြ၏။ ယခုတော့ အိမ်တစ်အိမ်ကို ဖောက်ဝင်ရင်း အိမ်ရှင်ဖြစ်သူက နိုးလာရာ စပေါ်တီ၏လက်ချက်ဖြင့် သေသွားသောကြောင့် ဖြစ်သည်။ သူတို့လို သူခိုးများအဖို့ ခိုးမှုအပြင် လူသတ်မှုပါ ထပ်ဆင့်လာလျှင် မလွယ်ကြောမှာ ပြတတ်သည် မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



စပေါ်တီက ညဥ့်ကောင်းကင်နောက်ခံတွင် ထီးထီးမားမားကြီး ရှိနေသော တစ္ဆေတစ်ကောင်နှင့် တူသည့် အိမ်ကြီးဆီ လှမ်းကြည့်လိုက်ရင်း တုန်လှုပ်စွာဖြင့်...

"ငါကသူ့ကို မသဟ်ရင် သူက ငါ့ကို သတ်တော့ မှာကွ။ နောက်ပြီး သူ ရန်မူပုံကလည်း သွေးရိုးသားရိုး မဟုတ်ဘူး"

"ဘာ... ဘယ်လို သွေးရိုးသားရိုး မဟုတ်တာလဲ"

"ဟိုသင်းကွာ...သူလုပ်ပုံကိုင်ပုံတွေက လူနဲ့မတူဘူးလို့ ပြောတာ။ အရူးလိုပဲ။ အန္တရာယ်ရှိတဲ့ အရူးတစ်ကောင်နဲ့တူတယ်"

စမတ်ဂျာကတော့...

"ဘာပဲဖြစ်ဖြစ်ကွာ သူ့ကို အော်လားဟစ်လား မလုပ်နိုင်ရုံလောက် ခြိမ်းခြောက်လိုက်ရင် ပြီးတဲ့ဥစ္စာ"

"ခြော်...မင်းကတော့ ပြောမှာပေါ့။ သူ့ကို မင်းကမှ မတွေ့လိုက်ရတဲ့ဥစ္စာ၊ အဲဒီငနဲက လူလိုသူလိုကို ဆက်ဆံလို့မရပါဘူး ဆို"





စပေါ်တီက ပြောရင်း စောစောက အဖြစ်အပျက်ကို ပြန်သတိရပြီး ကျောချမ်းသွားသည်။ ထိုအိမ်ရှင်၏ လက်ချက်ဖြင့် ယခုထိတိုင် နာကျင်နေသေးသော သူ့ညာဘက်ခြေသလုံးကြွက်သားကို အသာအယာပွတ်သပ်လိုက်၏။

စောစောတုန်းက ထိုအိမ်ရှိ အခန်းတစ်ခန်းထဲသို့ စပေါ်တီ ဖောက်ထွင်းဝင်ရောက်ပြီး စားပွဲခုံတစ်လုံးကို မွှေနှောက်ရှာဖွေနေခဲ့သည်။ ထိုစဥ်မှာပင် အိမ်ရှင်ဖြစ်သူက ထိုအခန်းထဲသို့ ဆိုက်ဆိုက်မြိုက်မြိုက် ဝင်လာခြင်းဖြစ်၏။ သူဝင်လာပုံက ခြေသံမျှပင် မကြားရ။

စပေါ်တီက ခိုးယူရမည့် ပစ္စည်းများကို ရှာဖွေနေရင်း အလိုအလျောက် မသိစိတ် အာရုံက နှိုးဆော်သောကြောင့် လှည့်ကြည့်လိုက်ရာတွင် ထိုအိမ်ရှင်ဖြစ်သူကို မြင်လိုက်ရခြင်းဖြစ်သည်။ မြင်လိုက်သည်နှင့် တစ်ပြိုင်နက် ထိုအိမ်ရှင်ဖြစ်သူ၏ သွင်ပြင်အမူအရာက ထူးဆန်းနေမှန်း သူ အလိုလို သတိထားမိသည်။ ဘာမှန်းတော့မသိ။

အိမ်ရှင်ဖြစ်သူက သာမန်ပင် အများသူငါသို့ အညိုရောင်ဖျော့ဖျော့ ညအိပ်ဝတ်စုံကို ဝတ်ထားသည်။

www.burmeseclassic.com



သမား့ရိုးကျ လူတစ်ယောက်အဖို့ (ကိုယ့်အိမ်ထဲကို သူခိုးဝင်လာသောကြောင့်) အိပ်ရာမှ နိုးလာရပြီဆိုလျှင် စိတ်လှုပ်ရှားမှု၊ စိုးရိမ်ပူပန်မှု စသော အမူအရာ တစ်မျိုးမျိုးတော့ ရှိနေမည်မှာ အမှန်ပင်။ သို့သော် ယခုတော့ ဒီလိုမဟုတ်။ ထိုအိမ်ရှင်ဖြစ်သူက ချွန်မြမြသွားတွေ အကြားမှာ လျှာကို တစ်လစ်ထုတ်ပြီး ထော်လန်လန် ဖြစ်နေသည့် နှုတ်ခမ်းများကို လျှာဖြင့်သပ်လိုက်သည်။ သူ့အမူအရာက ဆာလောင်မွတ်သိပ်နေပုံမျိုးနှင့် တူသည်။ ထိုအမူအရာကို ကြည့်ပြီး စပေါ်တီရင်ထဲတွင် မသတီသလို ခံစားလိုက်ရသည်။ သူ၏ သူခိုးသက်တမ်း တစ်လျှောက်လုံးတွင် ဒီလိုမျိုး တစ်ခါမှ မကြုံခဲ့ဖူးပါ။

ယခုတော့...အိမ်ရှင်ဖြစ်သူက သူ့အိမ်ထဲ သူခိုးဝင်သည်ကို ကျေနပ်အားရနေပုံမျိုး။ ဝဝဖြိုးဖြိုး ကြက်တစ်ကောင်ကို တွေ့လိုက်ရသော မြေခွေးတစ်ကောင်၏ မျက်နှာမျိုး ဖြစ်နေသည်။ ထိုသူ၏ မျက်လုံးအကြည့်များကို စပေါ်တီ မနှစ်မြို့သလို ခံစားရသည်။ ထို့ကြောင့် နောက်သို့ ခြေလှမ်း အနည်းငယ်ဆုတ်လိုက်ရင်း (ဖောက်ထွင်းမှုကျူးလွန်တိုင်း) ဆောရန်ဆီးကာ သဆော မျိုးဖြင့် သူယူဆောင်လာလေ့ရှိသည့် ခဲသွပ်ထားသော





ပိုက်လုံးပျော့ကို ဆွဲထုတ်လိုက်သည်။

"အနားမကပ်နဲ့နော် ကိုယ့်လူ"

စပေါ်တီက သူ၏လက်နက်ကို ဝှေ့ယမ်းပြရင်း သတိပေးလိုက်သည်။ သို့သော် အိမ်ရှင်ဖြစ်သူက သူ့စကားကို မကြားသည်လား၊ ကြားလျက်နှင့် ဂရုမစိုက်သည်လားတော့ မပြောတတ်။ ရှေ့သို့ ထပ်တိုးလာသည်။ စပေါ်တီ၏ကျောက စားပွဲခုံနှင့် ကပ်နေလေပြီ။ နောက်ထပ် ဆုတ်စရာနေရာ မရှိတော့။ ထို့ကြောင့် သူက ထပ်မံ၍...

"ကျုပ် ခင်ဗျားကို အန္တရာယ်မပြုချင်ဘူး။ နောက်ဆုတ်နော်"

ဟု သတိပေးလိုက်သည်။ သူ့မျက်ဝန်းထောင့်ကမူ ထိုလူ၏ အမူအရာကို မျက်ခြည်မပြတ် ကြည့်နေရ၏။

အိမ်ရှင်ဖြစ်သူ၏ ခန္ဓာကိုယ်မှ ကြွက်သားများ ထောင်တင်းလာသည်ကို မြင်လိုက်ရသည်။ တိုက်ခိုက်တော့မည်ဖြစ်ကြောင်း ကြိုတင်အချက်ပေးလိုက်သည့် အလားပင်။ ထိုသူက အကာအကွယ်လည်း မရှိ။ ပရိယာယ်ဆင်ခြင်းလည်း မရှိဘဲ ဖြောင့်ကျကျ ရှေ့သို့ တိုးလိုက်ပြီးနောက် တိရစ္ဆာန်တစ်ကောင်ကဲ့သို့ လွှားခနဲ



www.burmeseclassic.com

www.burmeseclassic.com



ခုန်အုပ်လိုက်၏။

သို့သော် လမ်းတစ်ဝက် လေထဲမှာပင် ထိုသူ၏ ဝမ်းဗိုက်နှင့် စပေါ်တီ၏ ဘွတ်ဖိနပ်ဦးပိုင်းတို့ ပြင်းထန်စွာ ဆောင့်လိုက်မိကြပြီး ကြမ်းပြင်ပေါ် ဗုန်းခနဲ ပုံလဲကျသွားသည်။ ထိုလူသည် ကြမ်းပြင်ပေါ်တွင် နှစ်ပတ်မျှ လိမ့်သွားပြီးနောက် လက်တစ်ဖက်က ဝမ်းဗိုက်ကို နှိပ်ရင်း အခြားလက်တစ်ဖက်က ကွေးကောက်နေသည်။ သူ့ဦးခေါင်းက တစ်ဖက်သို့ လည်ကျနေ၏။ ပွင့်ဟနေသော မေးရိုးပေါ်တွင် ချွန်ထက်သည့် သွားများ၏ အသွင်သဏ္ဍာန်က ဆတ်ခနဲထိုးဟပ်ကိုက်ဆွဲတော့မည့် ခွေးတစ်ကောင်၏ပါးစပ်နှင့် တူနေလေသည်။

စပေါ်တီသည်လည်း (စမတ်ဂျာလိုပင်) ဖောက်ထွင်းခိုးယူသည့်လုပ်ငန်းကို တိုးတိုးတိတ်တိတ် အေးအေးဆေးဆေး ပြီးသွားစေချင်သည်သာဖြစ်၏။ သို့ရာတွင် ယခုပြဿနာက အိမ်ရှင်ဖြစ်သူ ကိုယ်တိုင်က လူတစ်ယောက်လို မတုံ့ပြန်ခဲ့ခြင်းပင်ဖြစ်သည်။

ထိုသူက သူ၏ထူးဆန်းသော ချွန်ထက်နေသည့် သွားများဖြင့် စပေါ်တီ၏ ညာဘက်ခြေသလုံးကို မိမိရရ လှမ်းဟပ်ကာ ကိုက်ဆွဲထားလိုက်သည်။ နာကျင်လွန်း





သောကြောင့် စပေါ်တီက အိမ်ရှင်ဖြစ်သူကို ခဲပိုက်လုံးဖြင့် တအားလွှဲရိုက်လိုက်သည်။ မလွှတ်သေး။ နောက်တစ်ကြိမ် တအားလွှဲရိုက်လိုက်ပြန်သည်။ ဒီတစ်ခါ ရိုက်ချက်က ပို၍ပင် ပြင်းထန်သေးသည်။ နောက်ဆုံး အသက်ထွက်သည်အထိ လက်လွန်သွားပြီးတော့မှ သူ့ခြေထောက်က သွားတွေကြားမှ လွတ်လာတော့၏။

"အဲဒီလူက တိရစ္ဆာန်တစ်ကောင်လိုပဲ
ကွ။ သူ့ရဲ့မျက်လုံးအကြည့်ကိုက လူနဲ့မတူ
ဘူး။ သတ္တဝါရိုင်း တစ်ကောင်လိုပဲ"

စမတ်ဂျာအဖို့တော့ ထိုကိစ္စကို စိတ်မဝင်စားပါ။ သူမြင်တွေ့ရသည့်အချိန်တွင် အိမ်ရှင်ဖြစ်သူ၏အလောင်းသည် သာမန် သူလိုငါလို အလောင်းတစ်လောင်းပင်ဖြစ်၏။ လောလောဆယ်တွင် စမတ်ဂျာ စိတ်အနှောင့်အယှက် ဖြစ်နေရသည်က သူတို့၏ ဖောက်ထွင်းခိုးယူမှုသည် မမျှော်လင့်ဘဲ လူသတ်မှုဖြစ်သွားသောကြောင့်ပင်။

☼ ☼ ☼



www.burmeseclassic.com

www.burmeseclassic.com



အစတုန်းက ဒီအိမ်ကို ဖောက်ထွင်းခိုးယူမည့်ကိစ္စသည် ငှက်ပျောသီး အခွံနွှာစားရသလောက်ပင် လွယ်ကူလိမ့်မည်ဟု စမတ်ဂျာ ယူဆထားခဲ့သည်။ ဒီလိုကြီးမားသော အိမ်ကြီးတစ်အိမ်လုံးတွင် အိမ်ရှင် တစ်ယောက်တည်းသာ နေထိုင်သည်ဟု သိခဲ့ရ၏။

စနေ၊ တနင်္ဂနွေနေ့များတွင် (ရုံဖန်ရံခါ ဗုဒ္ဓဟူးနေ့များတွင်) အယောက်နှစ်ဆယ်ခန့်ရှိသော ဧည့်သည်များ လာရောက်လည်ပတ်ကြပြီး နောက်တစ်နေ့ မနက်အထိ နေတတ်ကြသည်ကို သိရသည်။

ထိုသတင်းကို စမတ်ဂျာ၏ အစ်မဖြစ်သူက ထိုအိမ်ကို သန့်ရှင်းရေးလုပ်ပေးရသည့် အလုပ်သမကြီးထံမှ အစ်အောက်ယူလာခြင်း ဖြစ်သည်။ ထိုအလုပ်သမကြီးကတော့ ထူးဆန်းသော ဧည့်သည်များ လာရောက်လည်ပတ်ကြပြီး ဘယ်လိုကိစ္စတွေ လျှို့လျှို့ဝှက်ဝှက်လုပ်ကြကိုင်ကြသည်ကို အတော်ပင် စပ်စုချင်ဟန်ရှိ၏။ သို့ရာတွင် စမတ်ဂျာက သူတို့ ဘာလုပ်လုပ် စိတ်မဝင်စားပါ။ သူစိတ်ဝင်စားသည်က ဧည့်သည်မလာသော ညများတွင် ထိုအိမ်ကြီးထဲ၌ အိမ်ရှင်တစ်ယောက်တည်း နေထိုင်သည်ဟူသော အချက်ပင်ဖြစ်၏။ ယင်းအချက်





သာလျှင် သူ့လုပ်ငန်းနှင့် သက်ဆိုင်သည် မဟုတ်ပါလား။

ထိုအိမ်ကြီးနှင့် ပတ်သက်၍ ထူးခြားဆန်းကျယ်သော နာမည်ဆိုးများ၊ ကောလာဟလများ ပျံ့နှံ့နေသည့်တိုင် သူဂရုမစိုက်ပါ။ အစတုန်းကတော့ သူတစ်ယောက်တည်း ဝင်ရောက်ခိုးယူမည်ဟုပင် စိတ်ကူးလိုက်သေး၏။ သို့သော် အခက်ကြုံချင်တော့ သူရထားသည့် သတင်းအချက်အလက်က သိပ်မပြည့်စုံ။

ထိုအိမ်တွင် တယ်လီဖုန်းရှိသည်။ ခွေးတော့ မရှိ။ ပိုက်ဆံတွေ ဘယ်အခန်းမှာ ထားသလဲ ဆိုသည်ကိုတော့ သတင်းသိုးသိုးသန့်သန့် ကြားသည်။ သို့သော် သူခိုးအချက်ပေးခေါင်းလောင်းများ တပ်ဆင်ထားခြင်း ရှိ၊မရှိကိုတော့ သူမသိပေ။ သူ့ကို သတင်းပေးသော သန့်ရှင်းရေး အလုပ်သမကြီးကလည်း အိမ်ထဲအနှံ့ သေသေချာချာမှ ရောက်ဖူးရဲ့လားမသိ။

ထို့ကြောင့်ပင် စပေါ်တီကို သူနှင့်စပ်တူတွဲလုပ်ရန် ကမ်းလှမ်းလိုက်ခြင်းဖြစ်သည်။ ဖောက်ထွင်းခိုးယူ၍ ရသမျှကို တစ်ယောက်တစ်ဝက် ခွဲယူကြမည်ဟူသော ကတိကဝတ်ပင်ဖြစ်သည်။ ယခုတော့ ဒီကောင့်ကိုခေါ်



www.burmeseclassic.com

www.burmeseclassic.com



လာမိသည့်အတွက် နောင်တရနေရပြီ။ သူ့ကြောင့် ယခုတော့ လူသတ်မှု ဖြစ်ရပြီ။ နောက်ပြီး ကိုယ့်ဘာသာကိုယ် တစ်ယောက်တည်း ပိုင်ဆိုင်ရမည့် ပိုက်ဆံများကို သူနှင့် တစ်ယောက်တစ်ဝက် ခွဲဝေယူရဦးတော့မည်။

သူ့လက်ယဲတွင် ကိုင်လာသော အတက်ချီကေ့စ်ထဲ၌ ပိုက်ဆံတွေ အထုပ်လိုက်ပါလာသည့်အပြင် ရွှေထည် ငွေထည် ပစ္စည်းများလည်း ပါလာ၏။ ထိုလက်ဝတ်ရတနာများတွင် ပိုင်ဆိုင်မှုသက်သေခံ အမှတ်အသားများ ရှိမည်မှာ သေချာသော်လည်း ကိစ္စမရှိပါ။ ယင်းတို့ကို အရည်ကျိုလိုက်လျှင် ထုခွဲရောင်းချ၍ ရမည်ပင်။ ထိုပစ္စည်းများအားလုံးကို သူတစ်ယောက်တည်း ပိုင်ဆိုင်ရလျှင် ဘယ်လောက်ကောင်းလိမ့်မည်နည်းဟု စမတ်ဂျာ တွေးနေမိ၏။

☼ ☼ ☼

စပေါ်တီကတော့ ယခုချိန်ထိတိုင် ကြောက်လန့်စိတ် မပြေသေး။ ဒီအိမ်ကြီးထဲကို စဝင်ကတည်းက သူ့စိတ်ထဲတွင် မသိုးမသန့် ခံစားနေခဲ့ရသည်။ အိမ်ထဲမှ ပရိဘောဂများကို ထွင်းထုထားသည့် လက်ရာများ





ပန်းပုရုပ်လုံးများကလည်း မသတီစရာ။ အမှောင့်ပယောဂလိုလို။ ရုပ်ပုံတွေအားလုံး၏ မျက်နှာများကလည်း မိစ္ဆာဆန်နေသည်။ စပေါ်တီက အယူသီးတတ်သူတစ်ယောက်တော့ မဟုတ်။ သို့သော် ဒီအိမ်တစ်အိမ်လုံးရှိ အခမ်းအနား အပြင်အဆင်များသည် အောက်လမ်းဂမ္ဘီရနွယ်နေသည်ဟု အလိုလို ခံစားနေရသည်။

ကြီးမားသော ဝက်သစ်ချသား စားပွဲကြီး၏ ခြေထောက်များပေါ်တွင် ရှေးဟောင်းဒဏ္ဍာရီလာ မကောင်းဆိုးဝါး ရုပ်ပုံများကို ထွင်းထုထားသည့် စားပွဲပေါ်တွင် တပ်ထားသည့် ခွက်ကြီးနှစ်ခွက်က သမားရိုးကျ ခွက်များ မဟုတ်ကြချေ။ လူ့ဦးခေါင်းခွံရိုးနှစ်လုံးဖြစ်သည်။ တကယ့်ဦးခေါင်းခွံအစစ်တွေပဲလား။ တကယ့်ဦးခေါင်းခွံနှင့် တစ်သဝေမတိမ်း တူအောင် ထွင်းထုထားသော လက်ရာများလားတော့ မပြောတတ်ပေ။

အခန်းတစ်ခန်းထဲတွင်ကား နံရံပေါ်၌ လက်ဝါးကပ်တိုင်ကို ဇောက်ထိုးချိတ်ထားသည်။ ထိုလက်ဝါးကပ်တိုင်၏ အောက်ဘက်စင်ကလေးပေါ်တွင်ကား အနက်ရောင် ဖယောင်းတိုင်ကိုးတိုင် စိုက်ထား၏။ ဘာ



www.burmeseclassic.com

www.burmeseclassic.com



အခိပ္ပာယ်မှန်း မသိသော်လည်း ထိုအရာများကို ကြည့်ရင်း စပေါ်တီ၏ ခေါင်းထဲ၌ တဆစ်ဆစ်ကိုက်ခဲလာခဲ့သည်။ ယခု အိမ်အပြင်သို့ ရောက်သည့်တိုင် ထိုခံစားမှု၏ လွှမ်းခြုံထားသော အငွေ့အသက်က ရှိနေသေးသည်။ ကားပေါ် မြန်မြန်ပြန်တက်ပြီး ဒီနေရာနှင့် မိုင်ပေါင်းများစွာ ဝေးကွာသော နေရာသို့ရောက်အောင် သွားမှဖြစ်တော့မည်ဟု စပေါ်တီက တွေးလိုက်၏။

※ ※ ※

လယ်ကွင်းနှစ်ကွင်းကို ဖြတ်ကျော်ပြီး သူတို့ ကားရပ်ထားသည့် နေရာအထိရောက်အောင် ဖုန်ထူသော အဖြူရောင် လမ်းကလေးအတိုင်း လာခဲ့ကြလေသည်။ ကောင်းကင်ကား တိမ်ကင်းစင် ကြည်လင်နေသောကြောင့် လရောင်က ရွှန်းလဲ့လဲ့တောက်ပကာ လမ်းမပေါ်သို့ အလင်းရောင် ဖြာကျနေ၏။ စပေါ်တီက ခြံစည်းရိုးကို တိုးဝင်ကာ ရေမြောင်းကို ဖြတ်ကျော်လိုက်သည်။ ထို့နောက် လမ်းမကြီးပေါ်သို့ တက်လိုက်၏။

သူ့နောက်က လိုက်ပါလာသော စမတ်ဂျာ တခ်





ယောက် ခြံစည်းရိုးပေါက်ထဲ တိုးဝင်သည်ကို စောင့်နေလိုက်သည်။ ပြီးတော့မှ သူကပင် ဦးဆောင်ကာ ကားရပ်ထားရာဆီသို့ လျှောက်ခဲ့တော့သည်။

ခြေလှမ်းဆယ့်နှစ်လှမ်းမျှသာ လျှောက်ရသေးသည်။ နောက်မှ လှမ်းအော်ပြောလိုက်သော စမတ်ဂျာ၏အသံကြောင့် သူ့ခြေလှမ်းတွေ ရပ်တန့်သွားရ၏။

"ဟေ့ကောင်... စပေါ်တီ၊ မင်း ခြေထောက်မှာ ဘာတွေလဲ"

စပေါ်တီက သူ့ခြေထောက်ကို ငုံ့ကြည့်လိုက်သည်။ ဘာမှမတွေ့။ သူ့ဘွတ်ဖိနပ်များကို ခါတိုင်းမြင်နေကျအတိုင်းလိုပင် မြင်ရသည်။ ထို့ကြောင့် သူက...

"ဘာဖြစ်လို့လဲ"

"မဟုတ်ဘူး၊ မင်းနောက်မှာ..."

ထိုစကားကြောင့် စပေါ်တီက သူ့နောက်ဘက်သို့ လှည့်ကြည့်လိုက်၏။ ကားလမ်းပေါ် သူစ,တက်ခဲ့ရာနေရာမှ ယခု သူရပ်နေရာ နေရာ၏ အနောက်ဘက် ငါးပေအကွာခန့်ထိ ကြားတွင် စီတန်းသော ခြေရာများကို တွေ့လိုက်ရလေသည်။ ခြေရာတွေက အရောင်



www.burmeseclassic.com

www.burmeseclassic.com



ရှင့်ရှင့်။

စပေါ်တီက သူ့ခြေထောက်ကို မ,ပြီး ဖိနပ်ခွာကို ပြန်ကြည့်လိုက်သည်။ ဖုန်တွေ ပေနေသည်ကလွဲ၍ ဘာမှမရှိ။ သူက ခြေရာများကို တစ်ဖန် လှမ်းကြည့်လိုက်ပြန်သည်။ ခြေရာများက အနက်ရောင်ဟု ထင်ရ၏။ သို့ရာတွင် အရောင်စိုလက်နေသည်ဟုလည်း အောက်မေ့ရသည်။

စမတ်ဂျာကတော့ ခြေရာတွေကို အနီးကပ်မြင်ရအောင် ငုံ့ကြည့်နေ၏။ ခေါင်းပြန်မော့လိုက်သည့်အခါ သူ့မျက်နှာပေါ်တွင် အံ့သြစိတ်ရှုပ်ထွေးသော အမူအရာကို မြင်ရသည်။ သူက စပေါ်တီ၏ ဘွတ်ဖိနပ်ဆီ လှမ်းကြည့်လိုက်၏။ မြေကြီးပေါ်တွင် ထင်နေသည့် ခြေရာများကတော့ ဖိနပ်မပါသည့် ခြေဖဝါးရာများသာ ဖြစ်သည်။

စမတ်ဂျာက ခြေရာတစ်ခုကို လက်ညှိုးဖြင့် လှမ်းတို့ကြည့်၏။ ထို့နောက် သူ့လက်ညှိုးတွင် ပေကျံလာသော အရာကို လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်ပြီး...

"အနီရောင်ကွ...သွေးတွေလိုပဲ"

ဟု သူက ပြောလိုက်လေသည်။





ထိုစကားကြောင့် စပေါ်တီတစ်ယောက် ဆောက်တည်ရာမရ ဖြစ်သွားသည်။ သူက ကြောက်လန့်တုန်လှုပ်နေသော မျက်လုံးပြူးကြီးများဖြင့် ချာချာလည်ကြည့်လိုက်ပြီးနောက် တစ်ဟုန်ထိုး ပြေးတော့သည်။ သူပြေးသည့်နောက်သို့ ခြေရာများကလည်း ထက်ကြပ်မကွာ လိုက်သွားကြသည်။ ထူးခြားသည်က ယခုလိုက်သော ခြေရာများသည် အပြည့်မထင်ဘဲ ရှေ့ပိုင်းတစ်ဝက်သာ ထင်ကျန်နေ၏။ အဓိပ္ပာယ်ကတော့ ခြေရာတွေလည်း အလားတူ အပြေးလိုက်နေသည် ဟူသည့် သဘောပင်။

စမတ်ဂျာလည်း ရပ်မနေရဲဘဲ စပေါ်တီနောက်သို့ ပြေးလိုက်ခဲ့သည်။ ကားထဲသို့ ဝင်ထိုင်မိသည်နှင့် တစ်ပြိုင်နက် တံခါးကို ဝုန်းခနဲ ဆောင့်ပိတ်လိုက်ကြ၏။ စမတ်ဂျာက မောကြီးပန်းကြီးဖြင့် အသက်ရှူရင်း ခိုးရာပါပစ္စည်းများ ထည့်လာသည့် လက်ဆွဲသေတ္တာကို ကားနောက်သို့ ပစ်ထည့်လိုက်သည်။ စပေါ်တီက ကားကို စက်နှိုးရင်း...

"ဒီနေရာက မြန်မြန်ထွက်သွားမှ ဖြစ်မယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်အေးအေးထား... သူငယ်ချင်း။
ဒီကိစ္စကို ငါတို့ သေသေချာချာ စဉ်းစားဖို့
လိုတယ်"

စပေါ်တီက ဘာကိုမှ စဉ်းစားလိုဟန် မရှိတော့ပေ။ ကားကို ဂီယာထိုးပြီး တရကြမ်းမောင်းထွက်ခဲ့တော့သည်။

တစ်မိုင်ခန့် မောင်းလာခဲ့ကြပြီးသောအခါ စမတ်ဂျာက ကားပြတင်းပေါက်မှ ခေါင်းပြူ၍ သူတို့လာခဲ့ရာ လမ်းတစ်လျှောက်သို့ နောက်ပြန် လှည့်ကြည့်လိုက်သည်။

"ဘာခြေရာမှ မတွေ့ရဘူးကွ။ ငါတို့
မျက်ခြည်ဖြတ်ထားနိုင်ခဲ့ပြီ"

ထို့နောက် စမတ်ဂျာက တစ်စုံတစ်ခုကို တွေးမိဟန်ဖြင့်...

"ဟိုအိမ်ကနေ ငါတို့ ကားရပ်ထား
တဲ့နေရာအထိတော့ ခြေရာတွေ ကျန်နေမယ်
ထင်တယ်နော်"

"ကျန်လည်း ဘာဖြစ်သေးလဲကွာ...။
ငါတို့ကို ဘယ်သူက လိုက်ဖမ်းနိုင်မှာမို့





လို့လဲ"

စပေါ်တီက ကြောက်စိတ်ပြေလာပြီ ဖြစ်သဖြင့် ခါတိုင်းလို ကျွမ်းကျင်တည်ငြိမ်မှုမျိုး ပြန်ပေါ်လာလေပြီ။ သူကပင် ဆက်၍...

"ဒါတွေဟာ လရောင်အောက်မှာ ငါ
တို့ မျက်စိမှားတာလည်း ဖြစ်ချင်ဖြစ်မှာပါ"

စမတ်ဂျာကတော့ သူ့လက်တွင် ယခုတိုင် စွန်းနေဆဲဖြစ်သော သွေးစက်ကို ကြည့်ရင်း...

"အမြင်မှားတာတော့... မဟုတ်တာ
သေချာတယ်"

※ ※ ※

ရုတ်တရက် စိတ်ကူးတစ်ခုရလာသည်နှင့် စပေါ်တီက သူ့ဘောင်းဘီခြေထောက်အစကို ဆွဲတင်ပြီး ငုံ့ကြည့်လိုက်၏။ အကိုက်ခံထားရသော သွားရာမှ သွေးနည်းနည်းထွက်နေသည်။ ခြေအိတ်မှာ စိုနေသည်ကို တွေ့ရ၏။ သို့ရာတွင် ဒီလောက်နှင့်လည်း ဖိနပ်အောက်ခံကို ဖြတ်၍ ခြေရာထင်ဖို့ မဖြစ်နိုင်။



www.burmeseclassic.com

www.burmeseclassic.com



စမတ်ဂျာက သချာအောင် ကားလာခဲ့သည့် လမ်းတစ်လျှောက် နောက်ဘက် ကိုက်အနည်းငယ်အထိ သွားကြည့်လိုက်သေးသည်။ ခေတ္တမျှ တုံ့ဆိုင်းနေပြီး နောက် စပေါ်တီကပါ သူ့နောက်သို့ လိုက်လာ၏။ စမတ်ဂျာက...

"ကားနောက်ကိုလိုက်လာတဲ့လက္ခဏာ တော့ မတွေ့ရဘူးကွ။ ငါ့အထင်...ဟာ..."

သူက စပေါ်တီ၏ နောက်ဘက် မြေပြင်ပေါ် လှမ်းကြည့်ရင်း အံ့သြတကြီး ရေရွတ်လိုက်သည်။

သူ၏အာမေဋိတ်သံကြောင့် စပေါ်တီကပါ နောက် လှည့်ကြည့်လိုက်၏။ ကားရပ်ထားရာဆီမှ စပေါ်တီ၏ နောက်သို့ လိုက်လာသော သွေးခြေရာများက အထင်း သား။

စပေါ်တီက ပြန်လှည့်ပြီး ကားဆီသို့ လျှောက် သွားသည်။ ခြေရာများကလည်း ပြန်လှည့်ပြီး သူ့ နောက်သို့ လိုက်သွားကြပြန်၏။

"ကဲ...ဘယ်လိုလုပ်ကြမလဲ"

စပေါ်တီက ကားထဲတွင် ထိုင်ချရင်း မေးလိုက် သည်။ ခေါင်းရှုပ်နေသော စမတ်ဂျာက ဘာပြန်ဖြေ





ရမှန်းမသိ။

ဟုတ်ကယ်တော့လည်း ဖြေစရာမလိုပါ။ ခြေရာများ က သူ့နောက်လိုက်နေခြင်းမဟုတ်။ စပေါ်တီ၏ကိစ္စ သာ ဖြစ်သည်။

စမတ်ဂျာ တွေးပူနေသည်က တစ်ခုတည်းသာ ရှိ၏။ ဒီအတိုင်းသာ ဆက်၍ သူနဲ့ စပေါ်တီ တတွဲတွဲ လုပ်နေဦးမည် ဆိုလျှင်ကား ခြေရာများကို နောက် ယောင်ခံ၍ လိုက်လာသည့်ရဲများအဖို့ သူ့ကိုပါ အလွယ် တကူ ဖမ်းမိသွားနိုင်သည်။ နောက်ပြီး ခိုးရာပါပစ္စည်း များကို ဝေစုခွဲရမည့်ကိစ္စကလည်း ရှိသေးသည်။

နောက်ထပ် ဆယ့်လေးငါးမိုင်ခန့် မောင်းလာပြီး သည်အထိ သူတို့နှစ်ယောက် အတွေးကိုယ်စီဖြင့် စကား မဆိုမိကြဘဲ ရှိသေးသည်။ လူပြတ်သော လမ်းကလေး တစ်ခု အရောက်တွင် သူတို့ကားကို ရပ်လိုက်ကြ ပြန်သည်။ စောစောကအတိုင်းပင်။ စပေါ်တီက ကား ပေါ်မှ ဆင်းပြီး ခြေလှမ်းအနည်းငယ် စမ်းလျှောက်ကြည့် ပြန်၏။ အဖြေကတော့ မထူးခြားပါ။ ခြေရာများက စပေါ်တီနောက်မှ ထက်ကြပ်မကွာ လိုက်နေဆဲပင်။ စပေါ်တီကတော့ အကြောက်ကြီး ကြောက်နေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် စမတ်ဂျာက…

"ကဲ…သူငယ်ချင်း၊ ဒီနေရာမှာပဲ ငါတို့ ဖဲစုခွဲလိုက်ကြရအောင်။ ပြီးရင် ငါ့ကို ကား လမ်းပေါ်မှာပဲ ထားပစ်ခဲ့ကွာ။ မကောင်း ဘူးလား"

စပေါ်တီက သူ့ကို သံသယဖြင့် ကြည့်နေသည်။ သို့သော် စမတ်ဂျာက ထပ်ပြီး ဖိအားပေးလိုက်၏။

"မင်းအနေနဲ့ ဒီခြေရာတွေ လိုက်မလာ အောင် ချချပစ်ခဲ့နိုင်ရင်တော့ ကောင်းသွား မှာပဲကွ။ အဲဒီလိုမှ မလုပ်နိုင်ဘူးဆိုရင်… အင်းလေ…ကိစ္စမရှိပါဘူး။ ငါတို့နှစ်ယောက် တတွဲတွဲ လျှောက်သွားနေမှာထက်စာရင် တစ်ယောက်တစ်လမ်းစီ ပြေးတာက ရဲတွေ ခြေရာဖျောက်ဖို့ ပိုလွယ်လိမ့်မယ်ထင်တယ်"

စပေါ်တီကတော့ သိပ်စိတ်မပါလှ။ သို့သော် ရွေးချယ်စရာ အခြားနည်းလမ်းလည်း မရှိတော့ပေ။

စမတ်ဂျာက ကားနောက်ခန်းထဲမှ လက်ဆွဲ သေတ္တာကို ယူပြီး သူတို့နှစ်ယောက် အကြားတွင် ထားကာ ဖွင့်လိုက်သည်။ စပေါ်တီက အထဲမှာပါသော





ငွေစက္ကူထုပ်များကို နှစ်စုခွဲကာ ပုံနေ၏။ ပိုက်ဆံတွေကို ကြည့်ရင်း စမတ်ဂျာ၏ စိတ်ထဲတွင် နှမြောတသ ဖြစ်သလို ခံစားလိုက်ရသည်။

သွေးစက်ခြေရာတွေကြောင့် မကြာခင် စပေါ်တီကို ရဲက ခြေရာခံမိသွားမှာ သေချာသည်။ သူ အဖမ်းခံရ လျှင် သူ့ဝေစု ပိုက်ဆံများကိုလည်း ဆုံးရှုံးရပေတော့ မည်။ နောက်ဆုံးတော့ ဒီပိုက်ဆံတွေဟာ အလဟဿ ဖြစ်သွားမှာပါပဲ။ တကယ်ဆိုလျှင် စပေါ်တီအား ပိုက်ဆံ များ ခွဲဝေပေးခြင်းသည် ဖြုန်းတီးမှုသက်သက်သာလျှင် ဖြစ်လေတော့သည်။

ထိုအတွေးနှင့်အတူ စမတ်ဂျာက သူ့မိတ်ဆွေ ထံတွင် ဆောင်ထားသော ခဲပိုက်ပျော့ကို တိတ်တဆိတ် ဆွဲထုတ်ယူလိုက်သည်။ ထို့နောက် ခေါင်းငုံ့ကာ ဝေစု ပိုက်ဆံများကို နှစ်ပုံ ပုံနေသည့် စပေါ်တီ၏ နောက်စေ့ တည့်တည့်သို့ တအားလွှဲရိုက်ချလိုက်လေတော့သည်။

နောက်ပိုင်းကိစ္စများအား လွယ်လွယ်လေးသာ ဖြစ် သည်။ အနီးဆုံးတွေ့ရသော တူးမြောင်းကူး တံတား တစ်ခုပေါ် အရောက်တွင် စမတ်ဂျာက ကားကို ရပ် လိုက်သည်။ ထို့နောက် စပေါ်တီ၏ အလောင်းကို



www.burmeseclassic.com

www.burmeseclassic.com



တွန်းချလိုက်၏။ စပေါ်တီ၏ ခန္ဓာကိုယ်ကြီး နစ်မြုပ်သွားပြီး ရေမျက်နှာပြင်ပေါ်တွင် ပူဖောင်းကလေးများ ပလုံစီထလာသည်အထိ သူ စောင့်ကြည့်နေလိုက်သေးသည်။ ထို့နောက် သူ ကားကို ဆက်လက်မောင်းထွက်ခဲ့လေတော့သည်။

နောက်သုံးရက်ခန့်ကြာမှ စမတ်ဂျာတစ်ယောက် အိမ်သို့ ပြန်ရောက်လာသည်။ သူ့လက်ထဲတွင်လည်း လက်ဆွဲသေတ္တာကို ကျစ်ကျစ်ပါအောင် ဆုပ်လျက်သား။ မီးဖိုချောင်ထဲသို့ ဝင်လာသော သူ့တစ်ကိုယ်လုံး ရွှဲရွှဲစိုနေ၏။ သူက ကုလားထိုင်တစ်လုံးကို ဆွဲယူပြီး ထိုင်ချလိုက်သည်။ သူ့ပုံစံက လဲပြိုကျသွားတော့မည့်ကဲ့သို့ ဖြစ်နေသည်။ ဇနီးဖြစ်သူက စိုးရိမ်သွားပြီး...

"ဘီလ်...ဘာဖြစ်လာတာလဲ။ ရှင့်နောက်က ရဲတွေ လိုက်လာလို့လား"

"ဟင့်အင်း.... ရဲတွေ လိုက်လာတာ မဟုတ်ပါဘူး။ လိုက်လာတာက ဒီပြင်ဟာပါ"

သူက အဝင်လှေကား တံခါးခုံပေါ်မှ စွန်းထင်းရာများကို ညွှန်ပြလိုက်သည်။ သို့သော် ဇနီးသည်က အပြင်





တွင် ရေစိုလာသော သူ့ခြေရာများ ဖြစ်သည်ဟုပင် ထင်နေလေ၏။ စမတ်ဂျာက...

"ရေစိုအဝတ်တစ်ခု ယူပြီး အဲဒီခြေရာတွေကို သုတ်ပစ်လိုက်စမ်း။ ဘယ်သူမှ မမြင်သွားခင် မြန်မြန်လုပ်"

သို့သော် ဇနီးဖြစ်သူက ကြောင်ငေးကြည့်နေဆဲရှိသေးသည်။ သူက...

"လုပ်လေ...မြန်မြန်...လုပ်စမ်းပါ"

သူမက အဝင်တံခါးဝအနီးတွင် ဒူးထောက်ထိုင်ချလိုက်ပြီး ခြေရာများကို ရေစိုအဝတ်ဖြင့် သုတ်ပစ်လိုက်သည်။ ပြောင်စင်သွားသောအခါတွင်မှ မီးကို ဖွင့်လိုက်၏။

သူမ အံ့အားသင့်သွားသည်။ မီးဖိုချောင်ထဲအထိ နင်းလျှောက်သွားသော သွေးစက်ခြေရာများကို ထပ်တွေ့လိုက်ရသောကြောင့်ဖြစ်၏။ သူမက ထိုခြေရာများကိုပါ ဆေးကြောသုတ်သင်ပစ်ပြီးနောက် သူ့ခင်ပွန်းရှိရာဆီသို့ သွားကာ...

"ရှင့်ခြေထောက်မှာ ဒဏ်ရာများ ရလာသလား"



www.burmeseclassic.com

www.burmeseclassic.com



"မရပါဘူး၊ ခြေရာတွေက ငါ့ခြေရာတွေ မဟုတ်ဘူး လစ်ရဲ့။ ငါ့နောက်ကို လိုက်နေတဲ့ ခြေရာတွေ"

"ဘာ... ရှင့်နောက်ကို လိုက်နေတယ်၊ ဟုတ်လား။ ရှင် ဘယ်လိုလုပ်ပြီး အိမ်ပြန်လာသလဲ"

စမတ်ဂျာက ရှင်းပြလိုက်သည်။ သူသည် စပေါ်တီကို ရှင်းပစ်လိုက်ပြီးနောက် ကားကိုပါ အစဖျောက်ခဲ့သည်။ ထို့နောက် အိမ်ပြန်ရန် ခြေကျင်လျှောက်ခဲ့၏။ လျှောက်လာခဲ့ပြီး ဘာမှမကြာလိုက်မီ နောက်သို့ ပြန်လှည့်ကြည့်လိုက်သောအခါ သူ့နောက်တွင် ထက်ကြပ်မကွာ ပါလာသည့် သွေးခြေရာများကို တွေ့လိုက်ရသဖြင့် ပြောမပြတတ်လောက်အောင် ကြောက်လန့်တုန်လှုပ်သွားလေသည်။ စပေါ်တီ မရှိတော့သောကြောင့် ခြေရာတွေ သူ့နောက်ကိုပင် လိုက်ရန် ပစ်မှတ်အဖြစ် ရွေးချယ်လိုက်လေသလား။

သူက လမ်းအနည်းငယ် ဆက်လျှောက်ကြည့်လိုက်သည်။ ခြေရာများက လိုက်မြဲလိုက်နေကြသည်။ သေချာနေပေပြီ။ စမတ်ဂျာက စီးကရက်တစ်လိပ်ကို မီးညှိ





သောက်ရင်း သူ ဘာလုပ်ရမည်ကို ခေါင်းအေးအေးနှင့် ခြေစားသည်။ လမ်းလျှောက်သွားနေ၍တော့ မဖြစ်တော့ပြီ။

နောက်ဆုံးတွင် သူ အကြံတစ်ခုရလာသည်။ ခြေရာမထင်အောင် လှေတစ်စီး စင်းလုံးငှားပြီး ချောင်းရိုးအတိုင်း ခုန်ဆင်းသွားဖို့ပင်ဖြစ်၏။

ထိုစိတ်ကူးကို အကောင်အထည်ဖော်လိုက်သည်။ လမ်းတွင် အနေဆင်းရဲ၊ အစားဆင်းရဲတဲ့ကိစ္စများကိုကား အပွဲ့ပြနေစရာပင် မလိုတော့။ ဗိုက်ဆာသော်လည်း အောင့်ထားရသည်။ ညဘက်ကျမှ ကုန်းပေါ်တက်ဝယ်ဘာ စားရ၏။ သူ့နောက်က လိုက်လာသော ခြေရာများကို လူမမြင်စေရန်အတွက်လည်း အမှောင်ဆုံးလမ်းများကိုမှ ရွေးပြီး လျှောက်ရသေးသည်။

ဒီခြေရာတွေနှင့် အိမ်ကို တန့်ဘန်းမတ်မတ် ပြန်သွားလျှင် ဒုက္ခရောက်မည်ကို သိသောကြောင့် မိုးမရွာခင်း နှစ်ရက်လုံးလုံး စောင့်နေရသေးသည်။ မိုးရွာသော ခြေရာတွေ ရေစိုပြီး ပျက်သွားမည် မဟုတ်ပါလား။ ယခုလောက်ဆိုလျှင် လမ်းပေါ်တွင် ထင်ကျန်ခဲ့သော ခြေရာများကတော့ မိုးရေထဲတွင် စီးမျောကာ



www.burmeseclassic.com

www.burmeseclassic.com



ပျက်သွားလောက်ပြီ ထင်သည်။ အိမ်ထဲတွင်တော့ ဇနီးဖြစ်သူ လဇ်တစ်ယောက်သာ သူသွားလေရာနောက် တကောက်ကောက်လိုက်ပြီး ခြေရာများကို ဖျက်၍ မဆုံးနိုင်အောင် ရှိသည်။

"ရှင်က ဘာဖြစ်လို့ ဖိနပ် အသစ် တစ်ရန် မလဲလိုက်တာလဲ"

စမတ်ဂျာက ဒေါသဖြစ်ဖြစ်နှင့်

"ဖိနပ်နဲ့ မဆိုင်ပါဘူး ဆိုနေမှကွာ။ ငါ့နောက်ကို လိုက်နေတာပါလို့ မင်းကို ငါ ပြောပြီးပြီမဟုတ်လား။ ဖိနပ်အောက်ခံ သားရေပြားကို ဖောက်ပြီး ဘယ်လိုလုပ် ခြေရာထင်မှာလဲ။ နည်းနည်းပါးပါးလည်း ခေါင်းကို သုံးပါဦးတော့လား"

"ဒါပေမဲ့ ရှင်ပြောတာ အဓိပ္ပာယ်မှ မရှိဘဲ။ ရှင့်နောက်ကို ဘာက လိုက်နေတာလဲ"

"ဒါတော့ ငါလည်း မသိဘူးလေ။ တစ်ခုတော့ရှိတယ်၊ အဲဒီခြေရာတွေက ငါ့နောက်ကို လိုက်ရင်းလိုက်ရင်းနဲ့ တဖြည်းဖြည်း ငါနဲ့ ပိုနီးလာပြီဟ..."

"ဘာ...ဘာဖြစ်တယ်"

"ဟုတ်တယ်၊ ပထမဦးဆုံးနေ့တုန်းက အဲဒီခြေရာတွေက ငါ့နောက်ဘက် ငါးပေ အကွာလောက်မှာ၊ အခုတော့... သုံးပေ လောက်ပဲ ဝေးတော့တယ်"

"အဓိပ္ပာယ်မရှိတာဘဲရှင်"

အဓိပ္ပာယ်မရှိဟု မည်မျှပင် ပြောနေစေကာမူ လဇ် တစ်ယောက် ထိုရက်ပိုင်းအတွင်း တစ်နေ့လုံးလိုလို အိမ်နေရာ အနှံ့အပြား၌ ထင်နေသော စမတ်ဂျာ၏ ခြေရာများကို လိုက်လံပွတ်တိုက် ဖျက်ပစ်ရခြင်းဖြင့်သာ အချိန်ကုန်ရတော့သည်။ ကြာတော့ လင်ရော မယားပါ သွေးပျက်လာကြ၏။ ခြေရာတွေက စမတ်ဂျာ၏နောက်သို့ တိုးသည်ထက် တိုးကပ်လာသည်ကို ကြည့်ရင်း လဇ်က မေးလိုက်သည်။

"အဲဒီခြေရာတွေက ရှင့်ကို မီသွားရင် ဘာဖြစ်မှာလဲဟင်"

စမတ်ဂျာ မဖြေနိုင်ပါ။ သူကိုယ်တိုင်လည်း ဘာ လုပ်လို့ လုပ်ရမည်မှန်း မသိတော့။ ထိုမေးခွန်းကို







www.burmeseclassic.com

www.burmeseclassic.com



ခေးရန်ပင် သတ္တိမရှိတော့ချေ။

စမတ်ဂျာအတွက် အိပ်မက်ဆိုးမက်သော ညများက ရောက်လာချေပြီ။ အိပ်မက်ထဲတွင် ကြောက်လန့်တကြား အော်ဟစ်လိုက်သောကြောင့် ဇနီးဖြစ်သူက နှိုးပြီး ဘာဖြစ်တာလဲဟု မေး၏။

အစပိုင်းတွင် သူကိုယ်တိုင်လည်း မမှတ်မိ။ နောက်တော့ ထိုအိပ်မက်ကိုပင် ထပ်တလဲလဲမြင်မက်လာသည်။

အိပ်မက်ထဲမှ ပုံသဏ္ဌာန်ကလည်း ပိုပြီးပီပြင်လာ၏။

အိပ်မက်ထဲတွင် သူက ပက်လက်လှဲအိပ်နေကာ လူပုံသဏ္ဌာန် အရိပ်မည်းမည်းတစ်ခုက သူ့အပေါ်မှ ကိုင်းပြီး ငုံ့ကြည့်နေ၏။ လေထဲတွင် တွဲလောင်းချိတ်နေသော အရိပ်တစ်ခုလိုမျိုးပင်ဖြစ်သည်။ မြူငွေ့နှင့်တူသော ထိုအရိပ်ကား တဖြည်းဖြည်း ငုံ့ကိုင်း၍ နိမ့်ဆင်းလာရာ သူ့ဦးခေါင်းနား ရောက်သည်အထိပင် ဖြစ်သည်။ စမတ်ဂျာက အော်လိုက်ဖို့ ကြိုးစားသော်လည်း အသံက ထွက်မလာ။

ထို့နောက် သူ့လည်ပင်းဆောင်းတွင် စူးဖြင့် အထိုးခံလိုက်ရသလို ဆစ်ခနဲ နာကျင်သွား၏။ ထို့နောက်





ရုတ်ခြည်းလိုလိုပင် ထူးထူးခြားခြား အင်အားများ ဆုတ်ယုတ်သွားပြီး နုံးခွေမောပန်းသွားသလို ခံစားရသည်။

အိပ်မက်တိုင်း ဒီလိုချည်းပင်ဖြစ်၏။ သူ့ဘက်က နုံးခွေသွားလေလေ အရိပ်မည်းက ပိုပြီးအားကောင်းလာလေလေ ဖြစ်သည်။ တဖြည်းဖြည်းနှင့် ထိုအရာသည် အရိပ် မဟုတ်တော့ဘဲ အလေးချိန်ပင် စီးလာသလို သူခံစားရသည်။ နောက်တစ်နေ့ မှန်ထဲတွင် သူ့လည်ပင်းကို သူ ကြည့်မိတော့လည်း ပွန်းရာခြစ်ရာလေးပင် ရှိမနေ။ ဒီလိုရက်များအတွင်း ခြေရာများကလည်း သူနှင့် နီးနီးလာသည်မှာ သုံးလက်မခန့်သာလိုတော့သည်။ နောက်တစ်နေ့ မနက်တွင်ကား သူသည် အိပ်ရာထဲမှ မထနိုင်လောက်အောင် အားပြတ် ဆုတ်ယုတ်နေပြီဖြစ်၏။ မနည်းအားတင်းကာ ထပြီး မှန်ထဲတွင် ကြည့်လိုက်သောအခါ သူ့လည်ပင်းပေါ်၌ အပ်ပေါက်ရာလို ဒဏ်ရာတစ်ခုကို တွေ့ရသည်။ သူက သူ့ဇနီးကို ခေါ်ပြီး ပြလိုက်၏။ သူ့ဇနီးက ဘာမှထင်မြင်ချက်မပေးတတ်။ သို့သော် ဖြူဖပ်ဖြူရော် ဖြစ်နေသော သူ့ကိုကြည့်ပြီး အရမ်းတုန်လှုပ်သွားသည်။

နောက်နှစ်ရက်အကြာတွင် ဇနီးဖြစ်သူ ဆဲဗက



www.burmeseclassic.com

www.burmeseclassic.com



အိမ်သို့ ဆရာဝန်ပင့်ခေါ်၏။ ဆရာဝန်က အားဆေးထိုးပေးပြီးနောက် လဇ်နှင့် စကားစမြည်ပြောသည်။

“ခင်ဗျားယောကျ်ားက တော်တော်ဆိုးဆိုးဝါးဝါးကို သွေးအားနည်းနေတယ်ဗျ။ နောက်ပြီး သူ့ဝေဒနာက သာမန်ရောဂါထက် ပိုဆိုးတယ်။ သူ့စိတ်ထဲမှာ ခံစားနေရတာ တစ်ခုခု ရှိပုံရတယ်။ အဲဒါ ဘာလဲဆိုတာ ခင်ဗျားသိသလား”

လဇ်က မသိကြောင်း ဖြောင်လိမ်လိုက်သည်။ ဆရာဝန်ကလည်း သူမ၏စကားကို ယုံကြည်ပုံမပြပါ။ သူက...

“ကျုပ်က ပျောက်စေဆရာ မဟုတ်ဘူး။ ရောဂါဇာစ်မြစ်ကို မပြောဘဲနဲ့ ကျွန်တော် ဘယ်လိုမှ မကူညီနိုင်ဘူး။ ဖွင့်မပြောဘဲ မြိုထားရင် ပိုဆိုးလိမ့်မယ်နော်”

လဇ်ကတော့ ငြင်းမြဲဆက်ငြင်းနေသည်။ သွေးစက်ခြေရာများအကြောင်းထုတ်ပြောလိုက်လျှင် သူ့ယောကျ်ား၏ အလုပ်အကိုင် အကြောင်းပါ မီးခိုးကြွက်လျှောက်ပေါ်ကုန်ပေလိမ့်မည်။ ဆရာဝန်ကတော့...





“သေသေချာချာ စဉ်းစားထားလိုက်ဦးပေါ့ဗျာ။ မနက်ဖြန်ကျရင် ကျွန်တော် တစ်ခေါက် လာကြည့်ပါဦးမယ်”

နောက်တစ်နေ့မနက်တွင်ကား စမတ်ဂျာ၏ အခြေအနေမှာ တော်တော်ကြီးကို ဆိုးဝါးနေပေပြီ။ အားဆေးကလည်း မကယ်နိုင်တော့ပေ။ အိပ်ရာပေါ်တွင် မျက်လုံးအကြောင်သားနှင့်။ ပြူးတူးပြဲတဲကြည့်ကာ ဝိညာဉ်လွင့်သလို ဖြစ်နေ၏။

အစားအသောက်ကိုပင် မစားနိုင်လောက်အောင် အားနည်းနေသောကြောင့် ဇနီးဖြစ်သူက ဇွန်းဖြင့် ခွံ့ကျွေးနေရသည်။ စမတ်ဂျာကား အကြောက်ကြီးကြောက်နေလေပြီ။ သူသေရတော့မည်ဟု ထင်နေပုံရ၏။ လဇ်က တယ်လီဖုန်း ရှိရာဆီသို့ အပြေးအလွှားသွားပြီး ဆရာဝန်ကို ဖုန်းဆက်ခေါ်သည်။ ဆရာဝန်က...

“ကောင်းပြီလေ၊ တစ်နာရီအတွင်း ကျွန်တော် ရောက်အောင်လာခဲ့ပါမယ်။ ဒါနဲ့ သူ့စိတ်ထဲမှာ ဘာဖြစ်နေသလဲ ဆိုတာကိုကော ခင်ဗျား သိပြီလား”

လဇ်က ပြန်ဖြေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း..."

ဆရာဝန်က အပေါ်ထပ်တွင် လူနာကို သူကြည့်နေစဉ် လဇ်ကို အောက်ထပ်မှာပဲ စောင့်နေရစ်ဖို့ ပြောသည်။ သူ လူနာကို စမ်းသပ်စစ်ဆေးကြည့်ရှုနေချိန်က သည်းမခံနိုင်လောက်အောင်ပင် ကြာမြင့်လွန်းလှ၏။ နောက်ဆုံးတွင်မှ လှေကားပေါ်က တရွေ့ရွေ့ဆင်းလာသော ဆရာဝန်ဖြစ်သူကို မြင်လိုက်ရသည်။

ဆရာဝန်၏ အမူအရာက အရေးတကြီး အလေးအနက်ဖြစ်နေပုံပေါ်၏။ လဇ်က...

"သူ...သူ...သေတော့မှာလား ဆရာ"

"သူ...အရမ်း...အရမ်းကို အားနည်းနေတယ်"

ထိုသို့ပြောပြီး စကားကို ခေတ္တဖြတ်ထားသည်။ ခဏကြာမှ ဆက်၍...

"ခင်ဗျားဗျာ သူ့နောက်ကို လိုက်နေတဲ့ သွေးခြေရာတွေအကြောင်း ဘာလို့ စောစောက မပြောခဲ့တာလဲ"

လဇ်က ဆရာဝန်ကို အလန့်တကြား မော့ကြည့်လိုက်၏။ ဆရာဝန်က...





"လန့်မနေပါနဲ့တော့၊ သူ ကျွန်တော့်ကို အားလုံးပြောပြီးသွားပါပြီ။ ဒီလိုမျိုး ရှိနိုင်တယ်လို့ ကျွန်တော် အစောကြီးကတည်းက တွက်ထားပြီးသားပဲ။ အံ့သြစရာတော့ မဟုတ်ပါဘူး"

"မ...မဟုတ်"

"လူဟာ အပြစ်တစ်ခုကို လုပ်မိပြီဆိုရင် မကောင်းမှုမှန်း သိနေတဲ့စိတ်က ကိုယ့်ကိုယ်ကို ပြန်ပြီး ဖိနှိပ်ထားတာပဲ။ အဲဒီအခါ ဝေဒနာဖြစ်လာတယ်။ ဒီလိုဖြစ်ဖို့ တိုက်ဆိုင်တဲ့ ပတ်ဝန်းကျင် အခြေအနေက ပံ့ပိုးပေးလိုက်ရင် ပိုဆိုးတာပေါ့"

"အခု ခင်ဗျားယောကျ်ားကိုပဲ ကြည့်လေ။ သူဝင်ခိုးတဲ့အိမ်က ဂမ္ဘီရလိုလို အောက်လမ်းလိုလိုနဲ့လို့ ဆိုတယ်မဟုတ်လား။ ဒီကြားထဲမှာ မကောင်းမှုကို ကျူးလွန်ထားတဲ့ သူ့စိတ်က သူ့ကိုယ်သူ ခြောက်လှန့်နေတော့ အဲဒီဂမ္ဘီရ အစွဲကြီး ကပ်ပါလာတာပေါ့။ ဒါပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ…အခုဟာ ကျွန်တော်တို့အနေနဲ့
သူ့ရဲ့စိတ်ထဲက အစွဲကို ဝိုင်းကူပြီးချွတ်"

လဇ်၏မျက်နှာပေါ်မှ အမူအရာကို မြင်လိုက်ရသောကြောင့် ဆရာဝန်က သူ့စကားကို အဆုံးမသတ်ဘဲ…

"ဘာဖြစ်လို့လဲ"

ဟု လှမ်းမေးသည်။ လဇ်က…

"မဟုတ်သေးဘူး ဆရာ၊ ခြေရာတွေကို
ကျွန်မကိုယ်တိုင် မြင်…"

လဇ်၏စကားပင် မဆုံးလိုက်။ အပေါ်ထပ်ဆီမှ သွေးပျက်လုခမန်း အော်သံတစ်ဝက်၊ ညည်းသံတစ်ဝက်နှင့် အသံကြီးကို ကြားလိုက်ရသောကြောင့် ရင်ထဲတွင် ထိတ်ခနဲဖြစ်သွား၏။

သူမတစ်ကိုယ်လုံး အကြောတွေဆိုင်းပြီး ဘာမှ မလှုပ်ရှားနိုင်လိုက်ခင်မှာပင် ဆရာဝန်က အပေါ်ထပ်သို့ တရကြမ်း ပြေးတက်သွား၏။ သူမက ဆရာဝန်၏ နောက်မှ လိုက်သွားသည်။ သူမ၏ ရင်ထဲ၌ကား လေးလံမှုတစ်ခုက ဖိစီးနေလေပြီ။





သူမက တံခါးဝမှာ ရပ်လိုက်သည်။ ဆရာဝန်က လူနာကို ငုံ့ပြီး စမ်းသပ်နေရာမှ လှမ်းကြည့်လိုက်၏။ သူ့မျက်လုံးတွေက ဝမ်းနည်းကြေကွဲလျက်။ သူက ဦးခေါင်းကို ဖြည်းညင်းစွာ ခါယမ်းပြလေသည်။ ဆရာဝန်က လဇ်၏ပခုံးကို နှစ်သိမ့်အားပေးသလို အသာအယာပုတ်လိုက်ပြီးနောက် သူမ၏ဘေးမှ တိတ်ဆိတ်စွာ ဖြတ်ကျော်လျက် အခန်းထဲမှ ထွက်သွားလေသည်။

စက္ကန့်အတော်ကြာသည်အထိ လဇ်တစ်ယောက် မလှုပ်မယှက် ရပ်နေမိသေး၏။ ထို့နောက် သူမ၏ မျက်လုံးအကြည့်က ခုတင်ဆီမှတစ်ဆင့် ကြမ်းပြင်ပေါ်သို့ ရွေ့လျားသွားသည်။

သူမ မြင်တွေ့လိုက်ရသော အရာကြောင့် ကြောက်လန့်တုန်လှုပ်သွားပြီး စူးစူးရှရှ အော်ဟစ်လိုက်မိသည်။ ကြမ်းပြင်ပေါ်တွင် တွေ့လိုက်ရသည့်အရာကား သွေးခြေရာများ…။

ထိုခြေရာများက ခုတင်နံဘေးမှနေ၍ အခန်းပြင်ဘက်ဆီသို့ ဦးတည်နေကြသည်။ နောက်…ခြေရာတွေက ကြမ်းပြင်ကိုဖြတ်ကာ အောက်ထပ်သို့ဆင်း



www.burmeseclassic.com

www.burmeseclassic.com



သွား၏။ ထို့နောက် ဆရာဝန်၏နောက်သို့ ထက်ကြပ်မကွာ လိုက်သွားသည်ကို တွေ့လိုက်ရလေတော့သည်။

သတိုးတေဇ

FACES မဂ္ဂဇင်း၊ မေလ၊ ၂၀၀၈

John Wyndham ၏ Close Behind Him

ကို ပြန်ဆိုသည်။

■





# အမှောင်ကြောက်သူ

သတိုးတေဇ



www.burmeseclassic.com

www.burmeseclassic.com



ဒီကိစ္စသည် ရှုးသွပ်မှုတစ်မျိုးလည်း ဖြစ်နိုင်သလို အမှန်တကယ် တစ္ဆေခြောက်ခံရခြင်းလည်း ဖြစ်နိုင်သည်။ သို့တည်းမဟုတ် ကိုယ့်အရိပ်ကို ကိုယ် ပြန်ကြောက်လန့်နေရာမှ ဖြစ်ပေါ်လာသော သနားနာကြည်းဖွယ်ရာ ကိစ္စတစ်ခုလည်း ဖြစ်နေနိုင်ပါသည်။

ဒီဇာတ်လမ်း၏ ပထမပိုင်းသည် 'သူ'က ကျွန်တော့်ကို ပြောပြခဲ့ခြင်းဖြစ်ပြီး နောက်ဆုံးအပိုင်းကတော့ ကျွန်တော့်မျက်စိဖြင့် တပ်အပ်မြင်တွေ့ခဲ့ရခြင်း ဖြစ်ပါသည်။

**အိပ်မက်အသစ်**

www.burmeseclassic.com

www.burmeseclassic.com



[ ၁ ]

ဟယ်ဒီန်းနှင့် ကျွန်တော်သည် ငယ်စဉ် ကလေးဘဝကတည်းက ကျောင်းတက်ဖော် တစ်တန်းတည်းသား သူငယ်ချင်းများ ဖြစ်ကြသည်။ ကျွန်တော်တို့နှစ်ယောက်ကို ယခုလို တပူးတွဲတွဲ ဖြစ်လာအောင် ဖန်တီးခဲ့သော အချက်များစွာတို့အနက် အရေးအကြီးဆုံးအချက်မှာ 'ဗစ်စဂါ'ဆိုသော ငနဲကို ကျွန်တော်တို့နှစ်ယောက်စလုံးက ကြည့်မရအောင် မြင်ပြင်းကပ်ခဲ့ကြခြင်းဖြစ်၏။

ဗစ်စဂါက ကျွန်တော်တို့ မွေးရပ်ဇာတိသားဖြစ်၏။ ထို့ကြောင့်ပင် သူနှင့် မပတ်သက်ချင်ဘဲ ပတ်သက်နေရခြင်းဖြစ်သည်။ ပြဿနာက သူသည် စကားကို ဝေ့လည်ကြောင်ပတ် ပြောတတ်သူတစ်





ယောက် ဖြစ်၏။ သူပြောသော စကားများထဲတွင် မဟုတ်မှန်သည်တော့ မပါ။ (ဗစ်စဂါက လိမ်ပြောတတ်သူတစ်ယောက် မဟုတ်) သို့သော်...

"ငါ့အထင် ပြောရရင်"

"ဒီလို ဖြစ်လိမ့်မယ်ထင်တယ်"

စသဖြင့် သူ၏စိတ်ထဲမှ 'ထင်ကြေး'များကို ခန့်မှန်းပြောဆိုသလို လေသံမျိုးဖြင့် ပြောတတ်၏။ တကယ်တော့ ထင်ရုံသက်သက်မျှသာမဟုတ်။ တကယ့်တိတိကျကျ အဖြေကို သူသိထားပြီးသား ဖြစ်ပါလိမ့်မည်။

ပြီးတော့မှသာ...

"ဟော...တွေ့လား။ ငါထင်တဲ့အတိုင်းကွက်တိပဲ"

ဟု သူ့ခန့်မှန်းချက်များ မှန်ကန်တတ်ကြောင်း အခြားသူများရှေ့တွင် အသားယူ ဂုဏ်ဖော်ချင်ပုံရပါသည်။

"ဗစ်စဂါ့အာရုံထဲမှာ ထင်ပြီဆိုရင် လွဲခဲတယ်"

ဟု လက်ခံလိုသူတချို့ ရှိလာသည့်တိုင် ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



နှင့် ဟယ်ဒီနှန်းတို့ကတော့ ထိုင်နဲ့ကို (စိတ်တူကိုယ်တူပင်) အမြင်ကတ်ပုံချင်း တူခဲ့ကြ၏။

❊ ❊ ❊

ဒီလိုနှင့်ပင် ကျွန်တော်တို့ အရွယ်ရောက်ပြီး လူကြီးတွေ ဖြစ်လာခဲ့ကြပါသည်။ အနည်းဆုံး ကျွန်တော်နှင့် ဟယ်ဒီနှန်းတော့ လူကြီးအရာ ရောက်လာကြသည်ဟု ပြောရမည်ထင်၏။

ဗစ်စဂါကတော့ လူကြီးမဖြစ်ဘဲ ကြောင်သူတော် တစ်ကောင် ဖြစ်သွားသည်ဟု ဖြေရပါမည်။ ကြောင်သူတော်တို့၏ ထုံးစံအတိုင်း ဘာသာရေးယောင်ယောင် ဇန်းပြသည်။ အရက်ရှောင်သည်။ သက်သတ်လွတ်စားသည်။ သို့သော် သူသည် သာမန်သူတော်ယောင် တစ်ယောက်တော့ မဟုတ်ပါ။

သူ့လို အကြောင်ကျား ငနဲတစ်ယောက်အနေဖြင့် ဘယ်လိုမှ မအပ်စပ်သော ကိစ္စမှန်သမျှကို သူသိနေပါသည်။ သိပုံသိနည်းမှာလည်း လမ်းရိုးလမ်းမှန်ဖြင့် သိက္ခာရှိရှိ လေ့လာရှာဖွေတွေ့ရှိခြင်းတော့ ဟုတ်ပုံမရပါ။ ဘယ်လိုအောက်ကလိအာနည်းလမ်းဖြင့် သိသလဲတော့





မပြောတတ်။

ကျွန်တော်တို့ အောက်စဖို့ဒ် တက္ကသိုလ်တွင် နောက်ဆုံးနှစ် တက်နေစဉ်တုန်းက တစ်ခါ ကျွန်တော့်ဆီ လာပြီး အနှောင့်အယှက်ပေးဖူး၏။ အဲဒီတုန်းက ကျွန်တော့်ကိစ္စနှင့် ကျွန်တော်ပင်လျှင် စိတ်မချမ်းမသာ ဖြစ်နေသောကာလ ဖြစ်ပါသည်။ အဲဒီမှာ ငနဲသား ကျွန်တော့်အခန်းထဲ စွတ်စွတ်ရွတ်ရွတ် ဝင်လာပြီး ကျွန်တော်မသိသော တောင်စဉ်ရေမရကိစ္စတွေကို ပြောပါတော့သည်။

ထိုနှစ်ဆောင်းရာသီတွင် အိန္ဒိယသို့ ကျွန်တော် ထွက်သွားဖြစ်သည်။ အကြောင်းရင်းများထဲ၌ ယင်းအချက်လည်း ပါဝင်ပါသည်။ အဲဒီလို 'ကိုဖိုးသိ' တစ်ကောင် မရှိဘဲနှင့်လျှင်တောင်မှ ကိုယ့်ဒုက္ခနှင့်ကိုယ် ဆော်တော်စိတ်ဆင်းရဲလှပြီးသား ဖြစ်နေပြီ မဟုတ်ပါလား။

❊ ❊ ❊

အိန္ဒိယတွင် တစ်နှစ်ကျော်ကျော် ကြာပြီးနောက် ကျွန်တော် ပြန်လာခဲ့ပါသည်။ ရောင်းရင်းကြီး ဟယ်ဒီနှန်း



www.burmeseclassic.com

www.burmeseclassic.com



နှင့် ပြန်တွေ့ရလျှင် အလွန်ပျော်စရာကောင်းလိမ့် မည်ဟူသော အတွေးနှင့် ပြန်လာခဲ့ခြင်းဖြစ်၏။ ဇစ်စဂါ အကြောင်းကိုမူကား ယောင်၍မျှပင် ဦးနှောက်ထဲ မထည့်ပါ။ ထည့်မိသည်ဆိုလျှင်လည်း သူ့ကို သေပါစေဟု ဆုတောင်းမိသည့်အချိန်ပိုင်းလောက်သာ ဖြစ်ပါလိမ့်မည်။

ဟယ်ဒိန့်ကို တွေ့ချင်သည့်စိတ်က ကျွန်တော့်ရင်ထဲတွင် အလိုက်သည်းလိုက် အပြည့်ရှိသည်။ ဟယ်ဒိန်းသည် ပျော်ပျော်ရွှင်ရွှင် နေတတ်သော ငတိဖြစ်သည်။ ရိုးစင်းသည်။ ကြင်နာတတ်သည်။ သူနှင့် တွေ့သူတိုင်းကို စိတ်ချမ်းသာမှု အပြည့်ပေးနိုင်သူတစ်ယောက် ဖြစ်သည်။ သူ့မျက်နှာကို ကြည့်လိုက်လျှင် မျက်လုံးပြာပြာကြီးများထဲမှ ရယ်မောရွှင်ပျနေသော အပြုံးကို အမြဲတွေ့မြင်ရ၏။ ထို့ကြောင့်ပင် သူနှင့် ဆုံရမည်ကို စဉ်းစားကြည့်လိုက်ရုံနှင့် ကျွန်တော် တွေးပြီး ပျော်မိခြင်းဖြစ်လေသည်။

သင်္ဘောဆိပ်မှ ဆင်းဆင်းချင်း သူ့အခန်းရှိရာ 'ဂရေးအင်း'သို့ ကျွန်တော် တန်းပြီးသွားလိုက်သည်။ ဂရေးအင်းသို့ ရောက်သောအခါ အေးစက်ဖြူရော်ကာ





သွေးအားနည်းပြီး မှုန်ဝေနေသော မျက်လုံးအကြောင်သားနှင့် ဟယ်ဒိန်းကို တွေ့လိုက်ရသည်။ သူ့လက်များကလည်း တုန်တုန်ချည့်ချည့် ဖြစ်နေကြ၏။ ဖြူဖပ်ဖြူရော် နှုတ်ခမ်းများက ကျွန်တော့်ကို ပြုံးပြသော်လည်း သူ့အပြုံးတွင် ရွှင်ပျမှု လုံးဝမရှိချေ။ ကျွန်တော့်ကို နှုတ်ဆက်စကားဆိုသော်လည်း ဝမ်းသာလှိုက်လှဲသည့် အသံ တစိုးတစိမျှမပါ။

သူ့ပတ်ပတ်လည်တွင် ပရိဘောဂတို့က ဖရိုဖရဲ။ သိမ်းဆည်းလက်စ အဝတ်အစားနှင့် အသုံးအဆောင်တို့ကလည်း တိုးလိုးတန်းလန်းနှင့်။

သေတ္တာအကြီးကြီးနှစ်လုံးသုံးလုံးကို ကြိုးဖြင့်ချည်ထားသည်။ စာအုပ်သေတ္တာများက စာအုပ်များဖြင့် ပြည့်နှက်နေ၏။ အဖုံးဖုံးပြီး သံရိုက်ရန်သာ လိုတော့သည်။

ဟယ်ဒိန်းက…

"အေး…ဟုတ်တယ်၊ ငါ အိမ်ပြောင်း မလို့ကွ၊ ဒီအခန်းမှာ ငါမနေနိုင်တော့ဘူး။ ဒီမှာ မကောင်းဆိုးဝါးစီးနေသလို ချောက်ချားစရာကြီး၊ ငါ မနက်ဖြန်ဆို လစ်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းဦးပေါက် ညနေဆည်းဆာကြောင့် အခန်းဆောင့်များတွင် အမှောင်ရိပ်ကျနေ၏။ အခန်းထဲရှိ သေတ္တာပိုးလိုးပက်လက်များကြားတွင် ကြိုးချည်ထားသော သေတ္တာကြီးတစ်လုံးကို မြင်လိုက်ရာမှ စကားမရှိ စကားရှာပြောဖို့ အကြောင်းအရာတစ်ခု ကျွန်တော့် ခေါင်းထဲ ရောက်လာသည်။

"ငါပို့လိုက်တဲ့ သားမွေးအင်္ကျီတွေ ရရဲ့လား"

သူက မိုးတိုးဂါးတားဖြင့်...

"သားမွေးအင်္ကျီ ဟုတ်လား၊ ဩော်...အေး...အေး...ဟုတ်တယ်၊ အရမ်းကျေးဇူးတင်တယ်ကွာ။ မေ့တောင် မေ့နေပြီ"

သူက ယဉ်ကျေးမှုအရ ရယ်ပြပါသည်။ တကယ်ဆိုလျှင် သားမွေးအင်္ကျီများနှင့် ပတ်သက်ပြီး ရယ်စရာဘာအကြောင်းမျှ မရှိပါ။ တော်တော်ဈေးကြီးပေးဝယ်ခဲ့ရသော အဗျိုးအစားများဖြစ်ပြီး ကျွန်တော် စိတ်ဆင်းရဲနေသည့်ကြားမှ တမင် ကြိုးစားကာ သူ့အတွက် လက်ဆောင်ပို့ပေးခဲ့ခြင်း ဖြစ်ပါသည်။

ကျွန်တော်က...





"အပြင်ထွက်ပြီး ညစာလေးဘာလေး စားရအောင်ကွာ"

"ငါ အရမ်းအလုပ်ရှုပ်နေတယ်ကွာ"

သူက စကားကို ခေတ္တဆိုင်းပြီး အခန်းတစ်ဝိုက်ကို ဖျတ်ခနဲကြည့်လိုက်ရင်း...

"ဒီလိုလုပ်ပါလား၊ မင်း ဆိုင်မှာသွားပြီး ဝယ်လိုက်၊ မင်းသွားနေတုန်း ငါ ဒီမှာ ရှင်းလင်းထားလိုက်မယ်"

ကျွန်တော် သွားဝယ်ပြီး ပြန်လာသောအခါ မီးဖိုနားတွင် သူ နေရာရှင်းထား၏။ စားပွဲကိုလည်း မီးဖိုနား ရွှေ့ထားသည်။ ဖယောင်းတိုင်မီးဖြင့်ပင် ကျွန်တော်တို့ ညစာ စားကြပါသည်။

စားရင်းသောက်ရင်း ပျော်ပျော်ရွှင်ရွှင် ဖြစ်လာအောင် ရယ်စရာမောစရာများ ပြောကာ ကြိုးစားကြည့်သည်။ သို့သော် မရပါ။ သူကိုယ်တိုင်က ပျော်ပျော်ရွှင်ရွှင် ဖြစ်ချင်သောဆန္ဒ ရှိနေသည့်တိုင် လမိုင်းမကပ်ဘဲ ငူငူငေါင်ငေါင်ဖြစ်နေ၏။

ကျွန်တော် ကြိုးစားသမျှလည်း အရာမထင်တော့ပါ။ ထို့ကြောင့် စားသောက်ပြီးသွားကြသောအခါ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က…

“ကဲ…ဆိုစမ်းပါဦး”

ကျွန်တော့်အမေးကြောင့် သူက စိတ်အနှောင့်အယှက် ဖြစ်သွားဟန်ဖြင့်…

“ဘာကိုဆိုရမှာလဲ။ ဘာဖြစ်နေလို့လဲ”

“အေး… အဲဒီ ‘ဘာဖြစ်နေတာလဲ’ ဆိုတာကို မင်းပြောပြရမှာကွ”

သူ ငြိမ်ကျသွားပြီး အမှောင်ရိပ်ကျနေသော အခန်းထောင့်များဆီသို့ မရဲတရဲကြည့်နေသည်။ ကျွန်တော်က…

“မင်းကိုကြည့်ရတာ ဗုန်းဗုန်းလဲတော့မယ့်ပုံပဲ။ ဘာဖြစ်တာလဲ အရက်လား၊ ဖဲလား၊ လောင်းကစားလား၊ မိန်းမကိစ္စလား။ ကဲ…ငါ့ကို မပြောချင်ရင်လည်း နေကွာ၊ မင်းအနေနဲ့ ဆရာဝန်တစ်ယောက်ကိုတော့ ပြောပြသင့်တယ်”

သူက လေးလေးတွဲတွဲဖြင့်…

“မင်းကိုပဲဖြစ်ဖြစ် ဒါမှမဟုတ် တခြားတစ်ယောက်ကိုပဲဖြစ်ဖြစ် ပြောပြလို့ရတဲ့ ကိစ္စ





မျိုးသာဆိုရင် ငါ့အခြေအနေက ဒီလောက်ဆိုးဝါးနေမှာ မဟုတ်ဘူးကွ။ နောက်ပြီး တစ်ယောက်ယောက်ကိုသာ ပြောပြလို့ရကြေးဆိုရင် တခြားလူကိုတော့ ငါမပြောဘူး။ မင်းကိုပဲ ပြောဖြစ်မှာပဲ သူငယ်ချင်း။ အခုတောင် မင်းကို ငါပြောတာ တော်တော်များသွားပြီ”

သူ့ထံမှ နောက်ထပ် ဘာမှ သိခွင့်မရတော့ပါ။ သို့သော် သူက ထိုညတွင် အတူနေရန်ပြော၏။ သူ့အိပ်ရာတွင် ကျွန်တော့်ကို ဝင်အိပ်ခိုင်းပြီး သူကတော့ ဖြစ်သလို အိပ်မည်ဟု ဇွတ်ပြောသည်။

သို့တိုင် ကျွန်တော်က ဝိတိုရိယ ဟိုတယ်တွင် အခန်းငှားထားပြီးသား ဖြစ်နေသည့်အပြင် ကျွန်တော့်ဆီလာမည့် စာများကိုလည်း မျှော်စရာရှိသေးသည်။ ထို့ကြောင့် သူ့ဖိတ်မန္တကကို ငြင်းလိုက်ပြီး ညဉ့်အတော်နက်ချိန်တွင် သူ့ထံမှ ပြန်လာခဲ့တော့သည်။ သူက ဖယောင်းတိုင်ကို ကိုင်ကာ မီးပြရင်း လှေကားထစ်များပေါ်တွင် ရပ်လျက် ကျန်ရစ်ခဲ့သည်။

နောက်တစ်နေ့မနက် ကျွန်တော် သူ့ဆီပြန်ရောက်သွားသောအခါတွင် သူမရှိတော့ပါ။ သူ၏ပရိဘောဂ



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းများကို ဝန်စည်သယ်ယူရေးကုမ္ပဏီ တံဆိပ်ကပ်ထားသော ကားပေါ်သို့ လူတချို့က တင်ပေးနေကြ၏။ သူက ဘယ်သွားမည်ဟူသည့် လိပ်စာကိုပင် မပေးခဲ့ပါ။ ဂိတ်ပေါက်စောင့်က ဟယ်ဒိန်းသည် ကြီးမားလှသော သေတ္တာကြီးနှစ်လုံးကို ရထားလုံးဖြင့် တင်ဆောင်ကာ ထွက်သွားကြောင်း၊ ဝါတာလူးသို့ သွားသည်ဟု ထင်ရကြောင်းများကို ပြောပြသည်။

မတတ်နိုင်ပါ။ လူတစ်ယောက်သည် သူ့ဒုက္ခကို သူတစ်ဦးတည်းပိုင်အဖြစ် လက်ဝါးကြီးအုပ်ထားချင်သော ဆိုလျှင်လည်း ထိုသို့ လုပ်ပိုင်ခွင့်ရှိသည်မဟုတ်လား။ ကျွန်တော့်တွင်လည်း ကိုယ့်ဒုက္ခနှင့်ကိုယ် အလုပ်ရှုပ်နေချိန် ဖြစ်သောကြောင့် ဘာမှမဝေဖန်ချင်တော့ပါ။

■





[ ၂ ]

နောက်တစ်နှစ်ကျော်ကြာပြီးမှသာ ဟယ်ဒိန်းကို ကျွန်တော် ပြန်တွေ့ရလေသည်။ ထိုစဉ်က အယ်ဘာနီတွင် ကျွန်တော် အခန်းငှားထားရာ တစ်နေ့မနက်တွင် ဟယ်ဒိန်း ရောက်ချလာပါသည်။ ယခင်တစ်ခေါက် မြင်ရတုန်းက သူ့ကို ရုပ်ပျက်ဆင်းပျက်နိုင်လှပြီဟု အောက်မေ့ထားရာ ယခုတော့ ပိုဆိုးရွားပြီး တစ္ဆေသရဲ တစ်ကောင်နှင့်ပင် တူနေလေ၏။

သူ့မျက်နှာက ပင်လယ်လှိုင်းဒဏ်ခံထားရသော ခရုခွံလို စုတ်ပြတ်ပိန်ခြောက်နေပြီး လက်များမှာလည်း အရိုးပေါ်အရေတင်ကာ တုန်တုန်ယင်ယင်ဖြစ်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က သူ့ကို လိုက်လံပျူငှာစွာ ကြိုဆိုလိုက်ပြီး နံနက်စာ အတူစားဖို့ မရမက ဖွတ်ပြောသည်။ ဒီတစ်ခေါက်တွင်တော့ သူ့ကို ဘာမှ မေးခွန်းမထုတ်ဘဲ နေတော့မည်ဟု ကျွန်တော် သန္နိဋ္ဌာန်ချထားလိုက်သည်။ အကျိုးအကြောင်းပြောဖို့ ရောက်လာခြင်း ဖြစ်ပေလိမ့်မည်။ ထိုသို့မဟုတ်လျှင်ကား သဗ္ဗေသတ္တာ ကမ္မသကာဟု သဘောထားလိုက်ရုံပင် ရှိတော့သည်။

ကျွန်တော်က အရက်ပုံ မီးအိမ်ကို ထွန်းညှိလိုက်ပြီး သူ့ကို ကော်ဖီတိုက်ရင်း စကားစမြည် ေတာက်ကြည့်သည်။ ထို့နောက် သူ့အကြောင်း သူ့ဘာသာသူ စပြောနိုင်ရန် အချိန်ပေးပြီး စောင့်နေလိုက်၏။

သူပြောပုံက မထိတ်သာ မလန့်သာ။

"ငါ...ငါ့ကိုယ်ငါ သတ်သေတော့မယ်ကွာ။ အဲ...လန့်မသွားပါနဲ့ သူငယ်ချင်းရာ၊ အခုလောလောဆယ်လုပ်မှာ မဟုတ်ပါဘူး။ မလွှဲသာ မရှောင်သာတဲ့ တစ်နေ့ကျမှပါ။ ငါ့စိတ်ထဲမှာ ဘယ်လိုမှ သည်းမခံနိုင်တော့တဲ့ တစ်ချိန်ချိန်ကျရင်ပေါ့။ ပြီးတော့ ငါ ဘာဖြစ်လို့ သတ်သေရတယ် ဆိုတာကိုလည်း တစ်





ယောက်ယောက်ကို သိသွားစေချင်တယ်။ ဥပမာ...မင်းပေါ့။ မင်းဆိုရင် ငါ့အနေနဲ့ လုံးဝ ယုံကြည်စိတ်ချလို့ ရတယ်လေကွာ။ ဟုတ်တယ်မဟုတ်လား"

သူ့ကို ဖြေသိမ့်စရာလေး မည်မည်ရရ ပြောစရာမရှိဘဲ ဖြစ်နေစဉ် သူက ဆက်၍...

"မင်းအနေနဲ့ ဝန်မလေးဘူးဆိုရင် ငါ့ကို ကတိတစ်ခုတော့ ပေးကွာ။ ငါ အသက်ရှင်နေသမျှ ကာလပတ်လုံး ငါ အခုပြောပြမယ့် စကားတွေကို တခြား ဘယ်သူ့ကိုမှ ပြန်မပြောပါဘူးလို့၊ ငါသေသွားပြီးရင်တော့ မင်းပြောချင်တဲ့လူကို ပြောနိုင်တယ်၊ ဘယ့်နှယ်လဲ"

ကျွန်တော် သူ့ကို ကတိပေးလိုက်သည်။

သူက မီးဖိုကိုကြည့်ရင်း တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်နေ၏။ ထို့နောက်မှ ပခုံးကို တွန့်လိုက်ပြီး...

"ပြောပြဖို့ တော်တော်တော့ ခက်တဲ့ ကိစ္စတွေ၊ ဒီလိုကွာ...မင်း...ဟို...ရှော့ဇစ်စဂါဆိုတဲ့ခွေးတိရစ္ဆာန်ကောင်ကို သိတယ်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား"

"အင်း... သိတယ်။ ငါ အိန္ဒိယက ပြန်ရောက်ကတည်းက ဒီကောင့်ကို မတွေ့တော့တာ။ တချို့ကပြောတော့ ဒီကောင်ဟာ လူသားစား အရိုင်းအစိုင်းတွေနေတဲ့ ဒေသကို သက်သတ်လွတ်စားဖို့ တရားဟောရအောင် ထွက်သွားသလိုလို၊ ပင်လယ်ထဲက ကျွန်းတွေဆီကိုပဲ တရားဟောထွက်သွားသလိုလိုနဲ့။ အင်း...ဘာပဲဖြစ်ဖြစ်လေ ဒီကောင်နဲ့တော့ ဒီတစ်သက် တွေ့စရာအကြောင်း မရှိတော့ဘူးပေါ့"

"ဟုတ်တယ်။ ဒီကောင်နဲ့ ဒီတစ်သက် တွေ့စရာအကြောင်းမရှိတော့ဘူး။ သာသနာပြုထွက်သွားလို့တော့ မဟုတ်ဘူး။ ဒီကောင် တမလွန်ကို ရောက်သွားလို့ပဲ"

"ဘာ...ဒီကောင် သေပြီ...ဟုတ်လား"

"အေး...ဟုတ်တယ်၊ ဘယ်သူမှတော့ မသိကြသေးဘူး။ ဒါပေမဲ့ ဒီကောင် တကယ် သေသွားတာ"





"ဘာရောဂါနဲ့ သေတာလဲ"

ဟု ကျွန်တော်မေးလိုက်၏။ ဗစ်စဂ္ဂါကို ဂရုတစိုက် ရွှန်းလှသောကြောင့်တော့ မဟုတ်။ တကယ်ဆိုလျှင် ငနဲ သေသွားသည်ကိုပင် ကျွန်တော့်စိတ်ထဲ၌ မ်ကောင်းကောင်းဟု အောက်မေ့မိ၏။

ဟယ်ဒိန်းက...

"မင်းသိတဲ့အတိုင်းပဲလေကွာ။ ဒီကောင်က ထုံးစံအတိုင်း ဟိုလူ့ကြား စကားဝင်ရှုပ်၊ ဒီလူ့ကြား စကားဝင်ရှုပ်နဲ့။ အဲ...ပွင့်ပွင့်လင်းလင်း ပြောရရင်တော့ကွာ ဒီကောင်က ငါနဲ့ ငါ့ရည်းစားကြားမှာ လာပြီး အနှောင့်အယှက်ပေးတယ်။ ငါ့ကောင်မလေးဆီကို သွားပြီး မဟုတ်ကဟုတ်ကတွေ လျှောက်ပြောတာကို;"

"လိမ်တာလား"

"လိမ်တယ်လို့တော့ မခေါ်ဘူးပေါ့ကွာ၊ အချက်အလက်တွေက အမှန်တွေပဲ။ ဒါပေမဲ့ မင်းသိတဲ့အတိုင်းပဲ၊ ဒီကောင် စကားပြောတဲ့ပုံကိုက ယုန်ထင်ကြောင်ထင် ဟိုလိုလို



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုလိုနဲ့ မဟုတ်တရုက်ပြောတာ။ ဒါနဲ့ ကောင်မလေးက ငါ့ကို လမ်းခွဲသွားတော့ တာပဲ။ မိတ်ဆွေလိုအဖြစ်မျိုးနဲ့တောင် အဆက် အဆံ မလုပ်တော့ဘူး။ သူ့မျက်နှာလေးကို တွေ့ခွင့်မရလိုက်တာ။ နောက်ဆုံး သူသေတဲ့ အထိပဲဆိုပါတော့။ ကောင်မလေးရဲ့ အသုဘ အခမ်းအနားကို ငါသွားတော့ အဲဒီမှာ ဟို ခွေးတိရစ္ဆာန် ရောက်နေတယ်။ လူတွေက လည်း သင်းကို ဝိုင်းပြီးမေးမြန်းကြနဲ့ပေါ့။ ဒါနဲ့ ငါလည်း လှည့်ပြန်လာခဲ့တယ်။ ကိုယ့် အခန်း ကိုယ်ပြန်ရောက်ပြီး စိတ်ကူးနဲ့ မျော နေတုန်း ဟိုခွေးတိရစ္ဆာန်ကောင် ရောက်ချ လာတာပဲ"

"ဘာ...ဒီကောင်က မင်းအခန်းကို လိုက်လာတယ်၊ ဟုတ်လား။ အေးပေါ့လေ ...လိုက်လာမှာပေါ့။ ဒီကောင်က အသားယူ အရသာခံချင်တဲ့ကောင်စားပဲ။ မင်း သူ့ကို ကန်မထုတ်လိုက်ဘူးလား"

"ဟင့်အင်း...မလုပ်ပါဘူး။ ဒီကောင်





ဘာများပြောမလဲလို့ ငါ နားထောင်နေလိုက် တယ်။ ဒီကောင်က သူလုပ်ခဲ့သမျှဟာ အားလုံးကောင်းဖို့အတွက်ပါပဲတဲ့။ ငါ ကောင်မလေးကို ပြောခဲ့တယ်ဆိုတာတွေက လည်း သူသိလို့ မဟုတ်ပါဘူးတဲ့။ သူ့ရဲ့ ထင်ကြေးသက်သက်ပါပဲတဲ့။ သူထင်လိုက် ပြီဆိုရင်လည်း တန်းနေအောင် မှန်တာပဲ တဲ့လေ။ ကဲ...ပြောပုံက ဒီကောင်က ပြော သေးတယ်၊ ငါနဲ့ ငါ့ကောင်မလေး မယူဖြစ် အောင် သူပြောခဲ့တာဟာလည်း အားလုံး ကောင်းဖို့အတွက်ပါတဲ့။ ဘာဖြစ်လို့လဲဆို တော့... (ကောင်မလေးကို သူပြောခဲ့တဲ့ အကြောင်းတွေအပြင်) ငါ့မိသားစုမှာ အရူး မျိုးရိုး ရှိတယ်ဆိုတာ သူသိကားလို့ပါပဲတဲ့ ကွာ"

"ဒီတော့...မင်းက..."

"အဲဒီတော့ ဘာဖြစ်ရမှာလဲ။ ဒီကောင် ပြောတဲ့ 'အရူး' ကို ဒီကောင်ကိုယ်တိုင် လက် ငင်း တွေ့သွားရတော့တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို...ဘယ်လို...ဟယ်ဒိန်း"

"အဲဒီခွေးတိရစ္ဆာန်ရဲ့စကား ဆုံးတာနဲ့ ငါက 'အေး...ငါတို့မျိုးရိုးမှာ အရင်တုန်းကတော့ အရူးမရှိဘူး။ အခုတော့ ရှိသွားပြီကွ။ ဟောဒီမှာ လာပြီ'ဆိုပြီး ပြောပြောဆိုဆိုနဲ့ အဲဒီကောင်ရဲ့ လည်ပင်းကို ဝုန်းခနဲထပြီး ဖျစ်ညှစ်ပစ်လိုက်တယ်။ ဒီကောင့်ကို ငါ သတ်ဖို့ မရည်ရွယ်ပါဘူးကွာ။ ဒါပေမဲ့ ငါသတိပြန်ဝင်လာလို့ ကြည့်လိုက်တော့ ဒီကောင် သေနေပြီ။ ကဲ... မင်းဘာပြောမလဲ"

ကျွန်တော် ဘာပြောရမည်မှန်းမသိ။ ကိုယ့်မိတ်ဆွေရင်းတစ်ယောက်က သူ့ကိုယ်သူ လူသတ်သမားဖြစ်ကြောင်း ဝန်ခံနေချိန်တွင် အခြေအနေနှင့် လိုက်လျောညီထွေဖြစ်အောင် ပြောဆိုရမည့် စကားလုံးကို ချက်ချင်းရှာမတွေ့ပါ။

သူက ဆက်၍...

"ဒီမှာ သူငယ်ချင်း လူသတ်သမားတွေဟာ ဘာဖြစ်လို့ အမှုပေါ်ပြီး အဖမ်းခံကြရ





တယ် ထင်သလဲ"

"နမော်နမဲ့နဲ့ သဲလွန်စတွေ ချန်ထားခဲ့လို့ပေါ့။ လူသတ်မိတာနဲ့ ကြောက်လန့်တကြားဖြစ်ပြီး ပိပိရိရိ မဖုံးကွယ်နိုင်လောက်အောင် သတိလက်လွတ်ဖြစ်သွားတာကြောင့်လို့ ငါထင်တာပဲ"

ဟယ်ဒိန်းက...

"အေး...ငါကတော့ အဲဒီလိုမဖြစ်ဘူးကွ။ ငါ့လက်ချက်နဲ့ ဗစ်စဂါ အသက်ထွက်သွားမှန်း သိလိုက်ရပြီးတဲ့အချိန်မှာ ငါ အရမ်းတည်ငြိမ်နေတယ်။ ဘယ်တုန်းကမှတောင် အဲဒီလောက် မတည်ငြိမ်ခဲ့ဖူးဘူး။

ငါ ကုလားထိုင်တစ်လုံးပေါ်မှာ ထိုင်ချလိုက်ပြီး ဒီကောင့်အလောင်းကို ကြည့်ရင်း သေွးအေးအေးနဲ့ ငါစဉ်းစားတယ်။ ဒီကောင် ဟိုလူရိုင်းတွေနေတဲ့ ကျွန်းကို ခရီးထွက်တော့မယ်ဆိုတာ ငါသိထားတာကိုး။ မိတ်ဆွေတွေအားလုံးကိုလည်း ဒီကောင် လိုက်နှုတ်ဆက်ခဲ့ပြီးပြီ။



www.burmeseclassic.com

www.burmeseclassic.com



လက်စဖျောက်စရာဆိုလို့ သွေးတွေဘာတွေ ပေကျံနေတာမျိုးလည်း မရှိဘူး။ ဒီကောင့်ပါးစပ်ထောင့်နားက နည်းနည်းစွန်းနေတာပဲရှိတယ်။ ပြီးတော့ ဒီကောင်က ခင်္ဂုသွားရင် သူ့နာမည်နဲ့ ဘယ်တော့မှ မသွားဘူး။ ကနယ်ဇင်းသတင်းထောက်တွေကို ရှောင်ချင်လို့တဲ့။

အဲဒီတော့ ရှင်းရှင်းလေးပဲလေ။ ဒီကောင်ပျောက်နေရင်လည်း မစွတာဘယ်သူဘယ်ဝါရဲ့ အိတ်တွေ အထုပ်အပိုးတွေ လာမရွေးဘူး။ သူ့အခန်းကလည်း လွတ်နေဝာယ်။ ဒီလောက်ပဲ။ အဲဒီမစ္စတာ ဘယ်သူဘယ်ဝါဆိုတာ ရှော့ဗစ်ခါဂါမှန်း ဘယ်သူမှ တွေးမိမှာ မဟုတ်ဘူးလေ။

ကဲ … အဆင်မသင့်ဘူးလားကွာ။ လက်စ လက်န ဖျောက်ဖျက်စရာ သွေးတို့ လူ့သတ်လက်နက်တို့ ဘာတို့လည်း မရှိဘူး။ အလောင်းကြီးကို ဖျောက်ဖျက်လိုက်ရုံနဲ့ ကိစ္စပြီးပြီ။ ဟုတ်တယ်မဟုတ်လား။ ဒါနဲ့





ငါလည်း သူ့အလောင်းကို လက်စဖျောက်ပစ်လိုက်တယ်”

“ဘယ်လိုဖျောက်လိုက်တာလဲ”

ကျွန်တော့်အမေးကြောင့် ဟယ်ဒိန်းက ပြုံးလိုက်ပြီ …

“ဆောရီးကွာ…ဒါတော့ ငါမပြောနိုင်ဘူး။ မင်းရဲ့ကတိကို ငါ မယုံလို့မဟုတ်ပါဘူး။ ဒါပေမဲ့ အိပ်ပျော်နေတုန်း မင်း၊ ယောင်ပြီး ပြောနိုင်တယ်ကွာ။ အဖျားတက်နေတုန်း ကယောင်ကတမ်းနဲ့ ပါးစပ်က ထွက်သွားနိုင်တယ်ကွာ။ အဲဒီတော့ မင်းမသိတာ အန္တရာယ်အကင်းဆုံးပဲ။

အလောင်းကို လက်ပူးလက်ကြပ်မတွေ့သေးသမျှ ငါ့ပါးစပ်ကပြောတဲ့စကားလောက်နဲ့တော့ တရားရုံးမှာ သက်သေပြလို့မရဘူး။ ငါ ဦးနှောက်ချောင်နေလို့ အရူးစကားပြောတာပါဆိုပြီး ငြင်းလို့ရတယ်လေ၊ သဘောပေါက်လား”

ကျွန်တော် သဘောပေါက်ပါသည်။ သဘော



www.burmeseclassic.com

www.burmeseclassic.com



ပေါက်လွန်းသောကြောင့် သူ့ကိုပင် ကရုဏာသက်မိ၏။ ဗစ်စဂါကို သူသတ်ခဲ့သည်ဆိုခြင်းကို ကျွန်တော် လုံးဝ မယုံကြည်ပါ။ ဟယ်ဒိန်းသည် လူသတ်မည့်အစားထဲက မဟုတ်ပါချေ။ ကျွန်တော်က…

"အေး…သဘောပေါက်တယ်။ ဒါပဲ မဟုတ်လား။ ကဲ…ဟောကောင် အဲဒီခွေး တိရစ္ဆာန်အကြောင်း မေ့ထားလိုက်တော့။ မင်းနဲ့ငါ ခရီးလျှောက်ထွက်ကြရအောင် ဘယ့်နှယ်လဲ"

ကျွန်တော့်စကားကြောင့် သူ့မျက်ဝန်းတွေ အရောင်တောက်ပသွား၏။ သူက…

"ဘယ်လို…မင်း…မင်း…ငါ့ကို နားလည်တယ်ပေါ့…ဟင်။ မင်း ငါ့ကို မုန်းမသွားဘူးနော် ဟုတ်လား။ ငါ့ကို လူသတ်သမားဆိုပြီး ရှုမသွားဘူးနော်။ ဒီလိုမုန်းသိရင် မင်းကို စောစောကတည်းက ပြောပြမိရင် အကောင်းသားကွာ။ အရင်တစ်ခေါက် မင်းလာလည့်တုန်းက ငါ့ပစ္စည်းတွေ သိမ်းနေတုန်းကလေ။ ဟူး…ခုတော့ နောက်ကျသွားပြီကွာ"

ကျွန်တော်က…

"ဘာ…နောက်ကျရမှာလဲ။ ကဲ…လာကွာ ပစ္စည်းတွေ ဝိုင်းသိမ်းပေး။ ဒီညပဲ ငါတို့ထွက်ကြရအောင်။ ငါတို့နှစ်ယောက်ကို ဘယ်သူကမှ မသိတဲ့ နေရာဆီ သွားကြစို့… ဘယ်လိုလဲ"

"ငါသွားချင်နေတာလည်း အဲဒီလို နေရာမျိုးပဲကွာ။ နေဦး…ငါပြောပြီးအောင် စောင့်ပါဦး။ ငါ ဘာဖြစ်နေသလဲဆိုတာ မင်းသိသွားတဲ့အခါကျရင်တော့ ငါနဲ့အတူတူ ခရီးသွားဖို့ မင်းစိတ်သန့်တော့မှာ မဟုတ်ဘူး"

ကျွန်တော်က…

"မင်း… ဘာဖြစ်တယ်ဆိုတာ အခုပဲ ပြောခဲ့ပြီးပြီလေကွာ"

"မဟုတ်ဘူးကွ၊ ငါ ခုနက ပြောခဲ့တာက ဗစ်စဂါ ဘာဖြစ်သွားသလဲ ဆိုတာကို ပြောတာ၊ ငါ့ဖြစ်ပုံက ဒီလို…







www.burmeseclassic.com

www.burmeseclassic.com



ငါ ဒီကောင့်ကို မသတ်ခင် လည်ပင်းစညှစ်နေတုန်းမှာ ဒီကောင်ပြောခဲ့တဲ့ စကားတစ်ခွန်းရှိတယ်။ 'မင်း သတိကြပ်ကြပ်ထားပေတော့၊ ငါ့ခန္ဓာကိုယ်ကို မင်း ဘယ်တော့မှ ဖျောက်ဖျက်ပစ်လို့ ရမှာမဟုတ်ဘူးကွ''တဲ့။ ဒါပေမဲ့ ဒီစကားကို ငါ တစ်နှစ်လောက်အထိတော့ အမှုမဲ့ အမှတ်မဲ့ပဲ။ တစ်နေ့ ကုလားထိုင်မှာ ထိုင်နေရင်း အဲဒီအဖြစ်အပျက်ကို ပြန်သတိရလိုက်တော့ ဩော်...အခုဆို ငါ့လက်ချက်နဲ့ ဒီကောင် ကိစ္စတုံးသွားတာ တစ်နှစ်လောက်တောင် ရှိပါပေါ့လားလို့ တွေးမိပြီး အိတ်ဆောင်ပြက္ခဒိန်လေးကိုထုတ်၊ ပြတင်းပေါက်နားမှာ ကြည့်ဖို့လုပ်တယ်။

အဲဒီအချိန်က နည်းနည်းလည်း မှောင်ရီပျိုးနေပြီလေ။ ငါ့ဘာသာငါတောင် ပြောလိုက်မိသေးတယ်။ 'မင်းခန္ဓာကိုယ် ဖျောက်ဖျက်ရတာ ဘာမှမခက်ပါဘူး တုံးရာ'လို့ ပြီးလည်းပြီးရော ငါ လှည့်ပြီး မီးဖိုကြမ်းခင်းပေါ် ကြည့်မိလိုက်တော့...အား...''





ဟယ်ဒိန်းက သတိလက်လွတ်ဖြင့် အော်လိုက်မိသည်။ သူ့အော်သံကြောင့် ကျွန်တော့်အခိုင်းအစေ တစ်ယောက်က စပ်စုချင်ဟန်ဖြင့် လာကြည့်သည်။ ကျွန်တော်က တခြားကို သွားခိုင်းလိုက်ပြီး ထိုသူထွက်သွားသည့်အခါကျမှ ဟယ်ဒိန်းက...

''ငါပြောနေတာ ဘယ်ရောက်သွားပြီလဲ''

''မင်း အိတ်ဆောင်ပြက္ခဒိန် ထုတ်ကြည့်ပြီးနောက် ဘာဖြစ်တယ်ဆိုတာ ငါ့ကို ပြောပြနေတယ်လေကွာ။ ဆိုစမ်းပါဦး... ဘာဖြစ်တာလဲ''

ဟယ်ဒိန်းက...

''ဘာမှမဟုတ်ပါဘူးကွာ၊ ကြမ်းခင်းကော်ဇောပေါ်ကို ကြည့်လိုက်တော့ အဲဒီနေရာမှာ ဒီကောင် ဒီကောင်ကွ။ ငါ လွှန်ခဲ့တဲ့ တစ်နှစ်လောက်က သတ်ခဲ့တဲ့ ဗစ်စဂါရဲ့ အလောင်းကောင်ကြီး ရှိနေလေရဲ့။

ငါ့ကိုရှင်းပြဖို့ မကြိုးစားနဲ့ကွာ။ ငါ စိတ်ဆိုးမိလိမ့်မယ်။ ပြတင်းပေါက်တွေလည်း



www.burmeseclassic.com

www.burmeseclassic.com



ပိတ်လျက်သားပဲ။ တံခါးတွေလည်း ပိတ်ထားတယ်။ လွန်ခဲ့တဲ့ တစ်မိနစ်က ဒီကောင်မရှိဘူး။ အခု ရှိနေတယ်။ အဲဒါပဲကွာ”

ကျွန်တော်က ‘လှုံ့ဆော်မယ့် အာရုံမှားယွင်းမှု’ ဟူသော ဝေါဟာရဖြင့် ဖြေရှင်းပြဖို့ ကြိုးစားသော်လည်း သူက လက်မခံပေ။ ဟယ်ဒိန်းက…

“ငါလည်း အဲဒီလိုပဲ တွေးမိသေးတယ်။ ဒါပေမဲ့ မဟုတ်ဘူးကွ။ အဲဒီအလောင်းကို ငါ့လက်နဲ့ ထိကြည့်ကိုင်ကြည့်လိုက်တယ်။ တကယ့်အစစ်ကွ။ လေးလည်းလေးတယ်။ သေနေပြီဆိုတော့ အသက်ရှိနေတုန်းကထက်ပိုပြီးမာတောင့်နေတယ်။ လက်တွေကလည်း သားရေပြားအုပ်ထားတဲ့ ကျောက်တုံးလိုပဲ။ မိုးပြာရောင် ဝတ်စုံဝတ်ထားတဲ့ ကျောက်ရုပ်နဲ့ တူနေတယ်”

“အထိအတွေ့ အာရုံမှားမှုဆိုတာ ရှိတာပဲ”

“မင်း ဖြေသိမ့်ပုံက ငါတွေးတောတာနဲ့ တစ်ထပ်တည်းပဲ။ ဒါပေမဲ့ အာရုံမှားတာ





တော့ မဟုတ်ဘူးကွ။ ငါ ကျောပေးပြီး ရပ်နေတုန်း တစ်ယောက်ယောက်က ငါဝှက်ထားတဲ့ ဒီကောင့်အလောင်းကို ရွှေ့ယူလာပြီး ငါ့ကို ခြောက်လှန့်ဖို့ လုပ်တာများလားလို့တောင် တွေးလိုက်မိသေးတယ်။

ဒါနဲ့ ငါလည်း အလောင်းဝှက်ထားတဲ့ နေရာကို ပြန်သွားပြီး ကြည့်လိုက်တော့ အလောင်းက လွန်ခဲ့တဲ့ တစ်နှစ်က ငါထားပစ်ခဲ့တဲ့အတိုင်း ခြေရာလက်ရာမပျက် ရှိနေတုန်းပဲ။ အခုဆို ဇစ်စဂါ့အလောင်းချည်းပဲ နှစ်လောင်းဖြစ်နေပြီ”

ကျွန်တော်က…

“ဟော့ကောင် မင်းဟာက ကာတွန်းဇာတ်လမ်းလိုလို ဘာလိုလိုနဲ့ကွာ”

“အေးကွာ…ငါလည်း အဲဒီလိုဖြစ်ပါစေလို့ ဆုတောင်းမိတာပါပဲ။ အထူးသဖြင့် ညတစ်ရေးနိုးမှာ ဒီအကြောင်း ပြန်ပြန်တွေးမိတဲ့အခါမျိုးမှာပေါ့။ မှောင်ကြီးမည်းကြီးထဲမှာ မသေပါရစေနဲ့လို့ ငါ့ဘာသာ ငါ ဆုတောင်း



www.burmeseclassic.com

www.burmeseclassic.com



မိတယ်။ အဲဒါကြောင့် ငါ့ကိုယ်ငါ သတ်သေဖို့ စဉ်းစားမိတာပဲ။ ကိုယ့်ကိုယ်ကို သတ်သေမယ်ဆိုရင်တော့ အမှောင်ထဲမှာ မသေဘူးဆိုတာ ကျိန်းသေသွားတာပေါ့"

"ဒါပဲလား…"

"မဟုတ်သေးဘူးကွ။ ဒါတင်မကသေးဘူး၊ ဒီကောင် ငါ့ဆီ တစ်ခေါက် ပြန်လာသေးတယ်။ ရထားတွဲတစ်တွဲထဲမှာ ဖြစ်ခဲ့တာပေါ့။ အဲဒီတုန်းက ငါက အိပ်ပျော်နေတာ။ ငါနိုးလာတော့ ငါ့မျက်နှာချင်းဆိုင်ကထိုင်ခုံမှာ ဒီကောင့်အလောင်းက တုံးလုံးကြီးလဲလို့။ ငါ လုံးဝ သည်းမခံနိုင်တော့ဘူး။ ဒါနဲ့ အဲဒီအလောင်းကြီးကို ရက်ဟောဥမင်လိုဏ်ခေါင်းထဲ ရထားအဝင်မှာ ပစ်ချခဲ့တယ်။ ငါ သူ့ကိုသာ နောက်တစ်ကြိမ်ထပ်တွေ့ရရင် ငါလည်း သေမှာပဲ။ မင်းကတော့ ငါ့ကို ရူးနေတယ် ထင်မှာပဲ။ ငါမရူးဘူးကွ။ ဒီကောင်က 'သူ့ခန္ဓာကိုယ်(အလောင်း)ကို ဖျောက်ဖျက်ပစ်လို့ မရနိုင်





ဘူး'လို့ ပြောခဲ့တယ်။ ဒီကောင့်ရဲ့ ကစားပွဲကို ငါ ခပ်မြန်မြန်ပွဲသိမ်းပစ်ရမယ်။ ငါ့မှာ ဝက်ဖဲတစ်ချပ် ရှိသေးတယ်ကွ။ နောက်တစ်ခါ သူညစ်ရင် ငါ အဲဒါကို သုံးရမယ်။ ဟော့ကောင်… ငါ အလေးအနက်ပြောတာနော်။ ငါ လုံးဝ မရူးဘူး"

ကျွန်တော်က…

"ဒီမှာ ဟော့ကောင်၊ ငါ မင်းကို ရူးတယ်လို့ မထင်ပါဘူး။ ဒါပေမဲ့ မင်းအာရုံကြောတွေ အရမ်းဒဏ်ပိနေတယ်။ ငါလည်း ဒီလိုပါပဲကွာ။ ငါ ဘာလို့ အိန္ဒိယကို ထွက်သွားရတယ်ဆိုတာ မင်းသိလား။ ကဲ… ဒါတွေမေ့ပစ်လိုက်ကြရအောင်ကွာ။ မင်းဟာ သောက်ရူးတစ်ကောင်ရဲ့ တစ်ဝက်လောက်တောင် မဆိုးသေးပါဘူးလို့ ငါအမြဲပြောခဲ့တာပဲ မဟုတ်လား"

■



www.burmeseclassic.com

www.burmeseclassic.com



[ ၃ ]

ဒီလိုနှင့်ပင် နိုင်ငံခြားသို့ ကျွန်တော်တို့နှစ်ယောက် အတူ ခရီးထွက်ခဲ့ကြသည်။ ကျွန်တော့်အနေဖြင့် ဟယ်ဒီန်း၏ ကျန်းမာရေး ပြန်ကောင်းလာလိမ့်မည်ဟု အပြည့်အဝ မျှော်လင့်ထားခဲ့၏။

တစ်လ နှစ်လခန့် ကျွန်တော်တို့နှစ်ယောက် အနှောင့်အယှက်ကင်းကင်းဖြင့် ပျော်ပျော်ရွှင်ရွှင် နေထိုင်ကြပြီးနောက်တွင် သူ့အခြေအနေ ဟန်ကျသွားပြီဟု ကျွန်တော် အောက်မေ့လိုက်သည်။

ကျွန်တော်တို့နှစ်ယောက်စလုံးက ဗစ်စဂါအကြောင်း ယောင်၍မျှပင် မပြောကြ။ သူနှင့်ပတ်သက်ပြီး ဟယ်ဒီန်း၏ ရင်ထဲတွင် မေ့လိုက်ပုံရသည်။





ဟယ်ဒီန်း၏စိတ် ဘယ်လိုဖြစ်သည်ကို ကျွန်တော် နားလည်ပါသည်။ ဟယ်ဒီန်းသည် ကြေကွဲမှု ဒေါသများကြောင့် ဖြစ်လာသော စိတ်ဖိစီးမှုကို သူမုန်းတီးသော ပုဂ္ဂိုလ်အပေါ် ပုံချလိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် သူ၏ စိတ်က သူ့ကို ပြန်ခြောက်လှန့်ပြီး အိပ်မက်ဆိုးများကို ဖန်တီးခဲ့ခြင်းဖြစ်ပုံရပါသည်။

ကျွန်တော်တို့၏ နောက်ဆုံးခရီးစဉ်အဖြစ် ဘရပ်ဂျက်(စ်)သို့ ရောက်လာပါသည်။ ဘရပ်ဂျက်(စ်)တွင် ပြပွဲများရှိသဖြင့် လူတွေက ကြက်ပျံမကျ စည်ကားနေ၏။ ထို့ကြောင့် အခန်းငှားရာတွင် တစ်ယောက်ခန်းသာ ရသဖြင့် အိပ်ရာအတွက် ခေါင်းပန်းလှန်ပြီး ဆုံးဖြတ်ကြသည်။ ရှုံးသူက လက်တင်ကုလားထိုင်ပေါ်တွင် တစ်ညလုံးထိုင်ရမည်ဖြစ်၏။ ခေါင်းအုံးနှင့်စောင်ကိုတော့ မျှသုံးကြပါသည်။

ညနေပိုင်းတွင် ရှန်တန်ကဖေးဆိုင်၌ ကျွန်တော်တို့နှစ်ယောက် အချိန်ဖြုန်းသည်။ တစ်ချိန်လုံး ဘီယာခန်းထဲတွင် ထိုင်ကြပြီး တည်းခိုခန်းကို ပြန်ရောက်သည့်အချိန်တွင် ညဉ့်အတော်နက်နေပြီဖြစ်၏။

အရမ်းအိပ်ချင်နေပြီဖြစ်သဖြင့် အနည်းငယ် [illegible]



www.burmeseclassic.com

www.burmeseclassic.com



စမြည်ပြောပြီးနောက် ဟယ်ဒိန်း အိပ်ရာဝင်သွားသည်။ ကျွန်တော်လည်း စောင်ခြုံကာ ကုလားထိုင်ပေါ် လှဲချလိုက်၏။ သက်သောင့်သက်သာတော့ မရှိလှ။

သို့သော် ကျွန်တော် အရမ်းပင်ပန်းနေသဖြင့် ဟယ်ဒိန်းက (သူ၏ခံစားချက်တို့ကို ရင်ဖွင့်ရန်) လာရောက်လှုပ်နိုးချိန်တွင် ကျွန်တော် အိပ်ပျော်လုဆဲဆဲ ဖြစ်နေပါသည်။ သူက...

"မင်းကို ငါ အားလုံးပုံအပ်ထားလိုက်ပြီနော် သူငယ်ချင်း၊ ငါ့ကိုထိန်းထိန်းသိမ်းသိမ်း စောင့်ရှောက်ပေးမယ့်လူဆိုလို့ မင်းပဲရှိပါတော့တယ်ကွာ"

ကျွန်တော်က အရမ်းအိပ်ချင်နေသောကြောင့်...

"ထားလိုက်ပါတော့ကွာ။ စိတ်တော့ မရှိနဲ့ သူငယ်ချင်း၊ ဒီအကြောင်းကို မနက်ကျမှ ပြောရအောင်"

သို့သော် သူက မရပ်ပါ။ ထိုအကြောင်းကိုပင် ထပ်တလဲလဲပြောသည်။ ကျွန်တော်က မပြောဖို့တားမြစ်ပြီး အိပ်ရာဝင်ခိုင်းသော်လည်း မရပါ။ သူက သူ့အနေရခက်နေကြောင်း ရေငတ်ပြီး ရင်တွေပူနေသည့်





အကြောင်း ထပ်ပြောပြန်သည်။

အခန်းထဲတွင်လည်း ရေပုလင်းမရှိချေ။ သူက...

"ရေတကောင်းထဲက ရေကလည်း ဟောင်းချိုရည်ကျဲကျဲကြီးလိုပဲကွ"

ကျွန်တော်က...

"ကဲ... ဒါဆိုလည်း မင်းဘာသာမင်း ဖယောင်းတိုင်ထွန်းပြီး ရေသွားယူချေကွာ။ ပြီးရင်တော့ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ထောက်ပြီး ငါ့ကို အိပ်ခွင့်ပေးပါတော့ကွာ"

"ဟင့်အင်း... ဖယောင်းတိုင်ကို မင်းထွန်းကွာ၊ မှောင်ကြီးမည်းကြီးထဲမှာ ငါ ခုတင်ပေါ်က မဆင်းချင်ဘူး။ ဆင်းလိုက်ရင် ဟိုသင်း...ဟို...ဟိုဟာကို တက်နင်းမိမှာ စိုးလို့။ ဒါမှမဟုတ်ရင်လည်း ခုတင်ပေါ် ပြန်တက်တဲ့အခါ ဟိုဥစ္စာကြီး ခုတင်ပေါ်ရောက်နေမှာစိုးတယ်"

"သေလိုက်ပါတော့ကွာ။ မင်း ဘွားတော်ကြီးကို တက်နင်းမိမှာစိုးတာလား။ ဘာမှမရှိပါဘူးကွာ။ ချောက်ချားမနေစမ်း



www.burmeseclassic.com

www.burmeseclassic.com



ပါနဲ့"

သို့သော် ပြောပြီး ကျွန်တော်သာလျှင် ဖယောင်းတိုင်ကို ထထွန်းရသည်။ သူက အိပ်ရာထဲမှ ထလိုက်ပြီး ကျွန်တော့်ကို ကြည့်လိုက်၏။ မျက်နှာက ဖြူဖပ်ဖြူရော်၊ ဆံပင်တွေကလည်း ဖရိုဖရဲ၊ မျက်လုံးများက ပြူးကြောင်ကြောင်နှင့် အရောင်လက်နေကြသည်။ သူက...

"ဟုတ်ပြီ...မင်းထွန်းတာ ပိုကောင်းတယ်၊ ငါပြောချင်တာက ဟာ...ဒီမှာ...ဒီမှာဘာလဲ၊ ကြည့်စမ်း၊ သြော်...တော်ပါသေးရဲ့၊ အိပ်ရာခင်းကို အမှတ်အသားလုပ်ထားတာကိုး။ ငါက သွေးတွေများလားလို့ ဘုရား...ဘုရား...တော်ပါသေးရဲ့"

ဟုတ်တော့လည်း ဟုတ်သည်။ ဟိုဘက်က အိပ်ရာခင်းကို အမှတ်အသားလုပ်ထားသည်မှာ အိပ်ရာခင်း ထောင့်စွန်းတွင် မဟုတ်။ အိပ်ရာခင်း၏ အလယ်ကောင်မှာ အနီရောင် ကန့်လန့်ဖြတ် အမှတ်အသားဖြစ်၏။

ကျွန်တော်က...

"အေးကွ၊ ဒီနေရာမှာ အမှတ်အသားလုပ်ထားတာကတော့ ဆန်းတယ်"

"ဒီပေါ်မှာ စာလုံးတွေ ထိုးထားတာလည်း ထူးဆန်းတယ်ကွ။ **G.V** တဲ့"

"ဟာ...ဘာထူးဆန်းလို့လဲကွာ။ **G.V** ဆိုတာ ဒီဟိုတယ်ရဲ့ နာမည် **Grande Vigne** ရဲ့ အတိုကောက်ပေါ့ကွ။ ကဲ...ထမှာသာ မြန်မြန်ထစမ်းပါကွာ"

"မင်းပါ ငါနဲ့အတူလိုက်ခဲ့နော်။ အင်း...ဟုတ်တယ်၊ ဟုတ်တယ်။ **G.V** ဆိုတာ **Grande Vigne** ရဲ့ အတိုကောက်ကိုး။ ဟော့ကောင် ဝင်စတန်၊ မင်းလည်း ငါနဲ့အတူတူ အောက်ဆင်းလိုက်ခဲ့ဦးကွာနော်"

"ကဲပါကွာ ငါပဲသွားယူလိုက်ပါ့မယ်"

ကျွန်တော်က ပြောပြောဆိုဆိုနှင့် ဖယောင်းတိုင်ကိုကိုင်ပြီး လှည့်ထွက်ရန် ဟန်ပြင်လိုက်ရာ သူက...

"မဟုတ်ဘူး...မဟုတ်ဘူး၊ မသွားနဲ့၊ ငါတစ်ယောက်တည်း အမှောင်ထဲမှာ မနေခဲ့ရဲဘူး"

သူက ကြောက်လန့်တုန်လှုပ်နေသော ကလေးငယ်





www.burmeseclassic.com

www.burmeseclassic.com



လေးတစ်ယောက်လို ပြောလိုက်၏။

ကျွန်တော်က…

“ကဲ…ကဲ… ဒါဆိုလည်း မင်းပါ
လိုက်ခဲ့”

ကျွန်တော်တို့နှစ်ယောက်သား အတူဆင်းခဲ့ကြသည်။ ကျွန်တော်က ရယ်စရာ မောစရာပြောသော်လည်း သူ့ကြောက်စိတ်က ပျောက်ကွယ်မသွား။ ကျွန်တော်ကတော့ အတော်ပင် စိတ်ပျက်လက်ပျက်ဖြစ်မိ၏။ (သူ့စိတ်ဝေဒနာကို ကုစားဖို့) သည်လောက်ထိ အချိန်ကုန်ခံ ဒုက္ခခံခဲ့သည့်တိုင် ဘာမှ အရာမထင်ခဲ့သည်မှာ ရှင်းနေလေပြီ။ သူ့ရောဂါ (စိတ္တဇအစွဲ)ကား ရှိမြဲရှိနေဆဲပင်။

ထမင်းစားခန်းစားပွဲပေါ်မှ ရေတကောင်းကို ယူပြီး ပြန်ခဲ့ကြသည်။ ဟယ်ဒိန်းက ကျွန်တော့်လက်မောင်းကို ဆုပ်ကိုင်ထား၏။ နောက်တော့ သူက ကျွန်တော့်ဆီမှ ဖယောင်းတိုင်ကို လှမ်းယူသည်။

ဟယ်ဒိန်းက သူမမြင်မတွေ့လိုသည့် တစ်စုံတစ်ရာကို ဘွားခနဲမြင်လိုက်ရလေမလားဟု စိုးရွံ့ထိတ်လန့်စိတ်ဖြင့် မျက်စိကို ကျိုးကန်းတောင်းမှောက်





ကြည့်ရင်း ဖယောင်းတိုင်မီးရောင်ကို လက်ဖြင့်ကာပြီး တဖြည်းဖြည်းသွားနေသည်။ သူ ဘာကိုကြောက်နေမှန်း ကျွန်တော် သဘောပေါက်၏။

အခန်းသို့ ပြန်သည့်လမ်းကို မှောင်ထဲတွင် အတော်ပင် ခက်ခက်ခဲခဲရှာဖွေရ၏။ အမှန်အတိုင်းပြောရလျှင် (ဟယ်ဒိန်းထံမှ အကြောက်စိတ်က ကျွန်တော့်ထံ ကူးစက်လာသလားမသိပါ) သူတွေ့မည်ဟု ထင်ရသော အရာကို ကျွန်တော်ပင်လျှင် တွေ့လိမ့်နိုးနိုးဖြင့် ထင်ကာ စိုးရိမ်တုန်လှုပ်လာသည်။

တော်သေးသည်။ အခန်းထဲသို့ ပြန်ရောက်ပြီး ကြမ်းခင်းကော်ဇောပေါ်သို့ လှမ်းကြည့်လိုက်သည့်အခါ ဘာမှရှိမနေပါ။

ကျွန်တော်က ဖယောင်းတိုင်မီးကို မှုတ်ငြိမ်းပြီး ကုလားထိုင်ပေါ် လှဲချကာ စောင်ခြုံထားလိုက်သည်။ ကုလားထိုင်ပေါ်တွင် နေသားတကျ လဲလျောင်းပြီး အိပ်စက်မည်ပြုစဉ်မှာပင် ဟယ်ဒိန်းထံမှ အသံထွက်လာသည်။

“ဟော့ကောင်… စောင်တွေအကုန်လုံး
မင်းယူထားသလား”



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း...မယူပါဘူး။ ငါ့ခြံထားတဲ့ တစ်ထည်ပဲရှိတယ်"

ဟု ကျွန်တော်က ပြန်ဖြေလိုက်သည်။ သူက...

"ငါ့စောင်တွေ မတွေ့ဘူးကွ။ ချမ်းတယ်၊ ချမ်းတယ်။ ဘုရားရေ...လုပ်ပါဦး၊ ဟော့ကောင် မီးထွန်းပါကွ၊ မီးထွန်းစမ်းပါ၊ ငါကြောက်လွန်းလို့ပါကွာ"

ကျွန်တော် မီးခြစ်ဆံကို စမ်းပြီးရှာသည်။ မတွေ့။ ဟယ်ဒိန်းကတော့ ကလေးတစ်ယောက် ကြောက်လန့်နေသော အားကိုးတကြီးအသံမျိုးဖြင့်...

"ဖယောင်းတိုင်ထွန်းပါကွာ၊ မြန်မြန်ထွန်းပါကွ၊ မီးမထွန်းရင် ဟိုကောင်...ဟိုကောင် လာတော့မှာ၊ မှောင်နေရင် ငါကြောက်တယ်။ သူ့ကို ငါကြောက်တယ်။ ငါ...ငါ...မှောင်ထဲမှာ မသေပါရစေနဲ့"

ကျွန်တော်က မီးခြစ်ကို နေရာအနှံ့ စမ်းတဝါးဝါး လိုက်ရှာနေရင်းက စိတ်တိုတိုဖြင့်...

"မီးခြစ် မတွေ့သေးဘူးကွ၊ အရေးထဲမှာ သောက်ရူးထမနေစမ်းနဲ့ကွာ။ မင်းက ဘာဆိုင်လို့ သေရမှာလဲ"

"အေး...အေးစက်စက်ကြီးကွ...အား"

"ဘာဖြစ်နေတာလဲကွ၊ ခဏလောက် တိတ်တိတ်နေစမ်းပါကွာ"

ဟယ်ဒိန်းက တိတ်ဆိတ်သွားသည်။ ခဏကြာမှ ဖြည်းညင်းစွာဖြင့်...

"ဒီမှာ...ဒီမှာ...ဗစ်စင်ဂါ ရောက်နေပြီ"

"ဘာ...အဓိပ္ပာယ်မရှိတာ၊ ဘယ်မှာလဲ"

ထိုသို့မေးမြန်းလိုက်စဉ်မှာပင် ကျွန်တော့်လက်က မီးခြစ်ပေါ်သို့ စမ်းမိသွား၏။ ဟယ်ဒိန်းက တစ်လုံးချင်း အားယူပြီး ပြောလိုက်၏။

"ဒီမှာ...ဒီမှာ...သူ...သူရောက်နေပြီ။ ငါ့ဘေးမှာ"

ကျွန်တော်က ဖယောင်းတိုင်ကို ထွန်းပြီး ဟယ်ဒိန်းဆီသို့ ပြေးသွားလိုက်သည်။

ဟယ်ဒိန်းကား ခုတင်အစွန်းတွင် ခွေခေါက်လဲကျလျက်။ သူ့နံဘေး အိပ်ရာပေါ်တွင် စန့်စန့်ကြီး ရှိနေသည်က လူသေအလောင်းတစ်လောင်းဖြစ်ပြီး အေးစက်







www.burmeseclassic.com

www.burmeseclassic.com



တောင့်တင်းနေ၏။

ဟယ်ဒိန်းကို လှုပ်နှိုးသော်လည်း သတိပြန်လည် မလာတော့။ အကြောက်လွန်ပြီး ဟယ်ဒိန်း သေဆုံးသွားလေပြီ။

ဟယ်ဒိန်းသည် (သူ့ကြောက်ရွံ့ခဲ့သည့်အတိုင်းပင်) အမှောင်ထဲ၌ ကွယ်လွန်သွားရချေပြီတကား။

■





[ ၄ ]

အဖြစ်အပျက်က ရိုးရိုးလေးပင်ဖြစ်၏။

ကျွန်တော်တို့ အခန်းမှားဝင်ခဲ့ကြခြင်းသာ ဖြစ်သည်။ ထိုအခန်းတွင် ငှားနေသူက နှလုံးရောဂါသည် ဖြစ်ပြီး (တိုက်တိုက်ဆိုင်ဆိုင်ပင် သူ့ဘာသာသူ ခုတင်ပေါ်တွင် အိပ်နေရင်း) သေဆုံးနေခြင်းသာဖြစ်သည်။ ပြင်သစ်ရေမွေးနှင့် ဆပ်ပြာကုမ္ပဏီမှ ဖဲလစ်လီဘာရန့် အမည်ရှိ နယ်လှည့်ရောင်း ကိုယ်စားလှယ်တစ်ယောက် ဟု သိရ၏။

ကျွန်တော် အင်္ဂလန်ပြန်ရောက်သောအခါ ဟယ်ဒိန်းပြောခဲ့ဖူးသည့် ရက်ဟေး (ရထားဥမင်လိုဏ်ခေါင်း) တစ်ဝိုက်သို့ သွားပြီး ပိုက်စိပ်တိုက် ရှာဖွေရာ ဗုံးပစ်



www.burmeseclassic.com

www.burmeseclassic.com



ခံထားရသည့် လူ့သေအလောင်းတစ်လောင်းကို တွေ့ရ ပြန်သည်။ ထိုအလောင်းမှာလည်း အပ်ချုပ်ပစ္စည်း အသေးအဖွဲ့များကို ရောင်းချသူ 'ဆိုင်မွန်'ဟူသော လူတစ်ယောက်သာ ဖြစ်သည်။ စီးပွားပျက်သဖြင့် စိတ်ဓာတ်အကျလွန်ပြီး သေခဲ့သူဖြစ်သည်။ အလောင်း ၏ လက်ထဲမှာပင် ပုလင်းကို ဆုပ်ကိုင်လျက်သား တွေ့ခဲ့၏။

ထိုသို့သော အကြောင်းများကြောင့် ဟယ်ဒိန်း၏ သေတမ်းစာအရ ကျွန်တော့်လက်ထဲ ရောက်လာသော သေတ္တာများကို ဖွင့်သည့်အခါ လိုရမည်ရသောဖြင့် ပုလိပ်အင်စပက်တော်တစ်ယောက်ကို ခေါ်ထားလိုက် သည်။

သေတ္တာများအနက် တစ်လုံးမှာ သတ္တုဖြင့် အနား ကွပ်ထား၏။ ထိုသေတ္တာမှာ ဟယ်ဒိန်း၏ မင်္ဂလာပွဲ အတွက် သားမွေးအင်္ကျီများ လက်ဖွဲ့ရန် ကျွန်တော် အိန္ဒိယမှ ပို့လိုက်သော သေတ္တာဖြစ်သည်။ ထိုသေတ္တာကို ဂဟေဆော်ပြီး အသေပိတ်ထား၏။

သေတ္တာထဲတွင်တော့ ယောကျ်ားအလောင်း နှစ် လောင်း ရှိနေသည်။ တစ်ဦးမှာ စက္ကူနှင့် စာရေး





ကိရိယာများကို လက်ပွေ့လိုက်ရောင်းသူဖြစ်ပြီး ဝက်ရူး ပြန်ရောဂါဖြင့် ရောင်တခင်သေဆုံးရခြင်းဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသည်။ ကျန်တစ်ဦးကတော့ ဗစ်စဂါ၏ အလောင်း ဖြစ်လေသည်။

■



www.burmeseclassic.com

www.burmeseclassic.com



[ ၅ ]

သည်ကိစ္စကို သင် နှစ်သက်သလို ကောက်ချက်ချ အဖြေထုတ်နိုင်ပါသည်။ ကျွန်တော်ကတော့ (ဝတ္ထုအစ တွင် တင်ပြခဲ့သည့်အတိုင်း) တစ္ဆေခြောက်တာလား၊ အာရုံအမြင်မှားတာလားဟု တွေးတောရုံမှတစ်ပါး ဘာမျှ ပြောစရာမရှိတော့ချေပြီတည်း။ ။

သတိုးဝေ

FACES မဂ္ဂဇင်း၊ ဇွန်လ၊ ၂၀၀၈

E - Nesbit ၏ In The Dark

ကို ပြန်ဆိုသည်။

■





# တမလွန်ချစ်သူ

သတိုးဝေ



www.burmeseclassic.com

www.burmeseclassic.com



ဒီဝတ္ထုဟာ ကျွန်တော့်ကို မာစတန် ပြောပြခဲ့တဲ့ ဇာတ်လမ်းပါပဲ။ သူက ပြောချင်လှတာတော့ မဟုတ်ပါဘူး။ ဟိုတစ်ကွက် ဒီတစ်ကွက် နည်းနည်းချင်းစီ သူ့ဆီက အစ်အောက် မေးမြန်းကြည့်ရတာပေါ့လေ။ ပြီးတော့မှ ကျွန်တော့်ဘာသာ ကျွန်တော် ပြန်ပြီး အစီအစဉ်ကျနအောင် ဆက်စပ်သီကုံးယူရတာပါ။ ဖတ်တဲ့သူတွေအဖို့ နားလည်လွယ်အောင် ဟိုနားဒီနားလေးဆွဲမှာ ရှင်းလင်းချက်ကလေးတွေ ဖြည့်ပေးရတာမျိုးတော့ ရှိပါရဲ့။

ဒါပေမဲ့ အချက်အလက်တွေကတော့ သူပြောပြခဲ့တဲ့ တကယ့်အချက်အလက်တွေပါ။ ကျွန်တော့်ရဲ့ ဖြည့်စွက်ဆိုလို့ ဘာတစ်ခုမှ မပါပါဘူး။

မာစတန် ပြောပြတဲ့ ဇာတ်လမ်းဖြစ်တာကြောင့်ကို ဟောဒီဝတ္ထုဇာတ်မြစ်ဟာ ခိုင်မာပြီး ယုံကြည်ရ



www.burmeseclassic.com

www.burmeseclassic.com



လောက်မှန်း ခင်ဗျားတို့ လက်ခံကြမှာပါ။ အက်ဒွပ်မာစတန်ဟာ ဘုရင့်ကောင်စီဝင်တစ်ယောက်ဖြစ်ပြီး 'သက်သေအထောက်အထားတို့၏ ယုတ္တိဗေဒ' ဆိုတဲ့ လက်ရာမြောက်စာအုပ်ကောင်းတစ်အုပ်ကို ရေးသားခဲ့သူလည်း ဖြစ်ပါတယ်။ သူရေးတဲ့ 'သက်သေအထောက်အထားမြောက်သည့် အရာများနှင့် သက်သေမမြောက်သော အရာများ' ဆိုတဲ့ အခန်းတွေကို ခင်ဗျားကို ဖတ်ဖူးကြမှာပေါ့။

ဒီဝတ္ထုဇာတ်လမ်းဟာ 'သူလုပ်ကြံဖန်တီး လီဆယ်ပြောတာ' လို့ ခင်ဗျားတို့ စွပ်စွဲချင်စိတ် ပေါ်လာရင်တောင်မှ အက်ဒွပ်မာစတန်ကို လူပုဂ္ဂိုလ်ချင်း ရင်းနှီးကျွမ်းကျင်တဲ့အကြောင်း သိဖြစ်ခဲ့ရင် အဲဒီလို စွပ်စွဲမိတော့မှာ မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အက်ဒွပ်မာစတန် ဆိုတဲ့ပုဂ္ဂိုလ်ဟာ (ဒီလိုဇာတ်လမ်းမျိုးကို) လုပ်ကြံ ဖန်တီး ပြောနိုင်လောက်အောင် အနုပညာပါရမီ မရှိရှာတဲ့ပုဂ္ဂိုလ်မို့လို့ပါပဲ။

အဲဒါကြောင့် 'ဒီဇာတ်လမ်းကို ခင်ဗျား ယုံသလား' လို့ ခင်ဗျားတို့က ကျွန်တော့်ကို မေးလာရင်တော့ 'ယုံတယ်' လို့ပဲ ကျွန်တော် ပြန်ဖြေရမှာပါ။ အက်ဒွပ်





မာစတန်ကိုယ်တိုင်က အဲသည်လို ဖြစ်တယ်လို့ ပြောခဲ့တာကိုး။

ဒီအကြောင်းကို 'ဘယ့်နှယ်လဲ ဘာလဲ' နဲ့ အကျိုးသင့် အကြောင်းသင့် ရှင်းပြနိုင်လိမ့်မယ်လို့တော့ မမျှော်လင့်ပါနဲ့။ ကျွန်တော်လည်း ရှင်းမပြတတ်ဘူး။ အက်ဒွပ်မာစတန် ကိုယ်တိုင်ကလည်း ရှင်းပြနိုင်ရှာမှာ မဟုတ်ဘူး။

အက်ဒွပ်မာစတန်မှာ အိမ်ထောင်နှစ်ဆက် ရှိခဲ့တယ်ဆိုတာ ခင်ဗျားတို့လည်း အသိပဲလေ။ သူ့ပထမဇနီး ရိုစာမွန်ကို သူ အဲတော်ချစ်မြတ်နိုးရှာပါတယ်။ ရိုစာမွန်ကလည်း သူ့ကိုချစ်တာပါပဲ။ သူတို့နှစ်ဦး ခြွင်းချက်မရှိ ပျော်ရွှင်ခဲ့ကြလိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်။

ရိုစာမွန်က မာစတန်ထက် ၁၂ နှစ်လောက် ငယ်တယ်။ ပြီးတော့ လှလည်း လှတယ်။ ဘယ်လောက်လှတယ်ဆိုတာ ခင်ဗျားတို့ မြင်စေ ဖော်ပြလိုက်တာ။ မျက်လုံးတွေ နှုတ်ခမ်းတွေဆိုတာ လေးကိုင်းလို့ ကွေးညွှတ်ကော့ပျောင်းလို့။ အနာအဆာ တစ်စက်ကလေးမှ မရှိဘူး။ လေးနက်ခိုင်မာပြီး ယုံကြည်



www.burmeseclassic.com

www.burmeseclassic.com



ခင်မင်စရာကောင်းတဲ့ အပြစ်ကင်းစင်မှုမျိုး သူ့မျက်နှာပေါ်မှာ ပေါ်လွင်နေစေတယ်။

သူမရဲ့ ပါးစပ်ထောင့်စွန်း အနားသတ်မှာ နှုတ်ခမ်းနှစ်လွှာ ထိစပ်သွားတဲ့ပုံဟာ ချစ်စရာအကောင်းဆုံးပဲ။ ပန်းပွင့်ရဲ့ ပွင့်ရင်းခံလေးတွေလို လုံးလုံးဝန်းဝန်းကလေး။

ဆံပင်တွေကို သူမရဲ့ ဦးခေါင်းထက်မှာ ရွှေရောင်ဖဲကြိုးစနဲ့ သိမ်းစုလို့ ကလေးတစ်ယောက်လိုပဲ။ ပြီးတော့ ဆံပင်အခွေတွေကို အကြီးကြီး ထုံးဖွဲ့ပြီး ကျောဘက်မှာ ချထားတယ်။

အဲဒီဆံပင်တွေကို ကျစ်ဆံမြီးကျစ်ပြီး တွဲလောင်းချလိုက်ရင် ခါးလယ်ထိ ရောက်တယ်။ မာစတန်ကဆို အဲဒီဆံပင်ကျစ်ဆံမြီးနဲ့ ပတ်သက်ပြီး သူ့ဇနီးကို ခဏခဏ စလေ့ နောက်လေ့ရှိတယ်.

သူ့ဇနီးဟာ ကျောအောက်က ကျစ်ဆံမြီးကို ခိုးလိုးခုလုဖြစ်လို့ ဆတ်ခနဲ ဖယ်ယမ်းပစ်လိုက်တဲ့အခါတိုင်း သူ့မျက်နှာကို ကြိုးနဲ့ ဖျတ်ခနဲ လွှဲရိုက်သလို ရိုက်မိတတ်တယ်ပေါ့လေ။ သူ့ဇနီးက တမင်ရည်ရွယ်ပြီး သူ့ကို ရိုက်သလိုလို နောက်ပြောင်တာပါ။

ရိုစာမွန်မှာ (ကျွန်တော့်အနေနဲ့ ဖော်ထုတ်ပြော





နိုင်စွမ်းမရှိတဲ့) တခြားအရည်အချင်းတစ်ခု ရှိပါသေးတယ်။ အဲဒါကတော့ တကယ့် ကလေးတစ်ယောက်လိုမျိုး သန့်စင်ချိုမြိန်ပြီး စိတ်အားထက်သန်မှု ပြင်းပြတဲ့အလှနဲ့ ပကတိရိုးစင်းပြီး ချွတ်ယွင်းချက်ကင်းတဲ့ ရင့်မာမှုပါပဲ။ ရင့်မာမှု ကင်းစင်လွန်းလို့ ခင်ဗျားတို့အနေနဲ့ မြင်ရင် သူမကို လူကြီးတစ်ယောက်လို့ကို လက်ခံနိုင်ဖွယ် မရှိပါဘူး။ တကယ့်ပီဘိကလေးလေးရဲ့ နုပျိုလန်းစင်မှုပါ။

မာစတန်ကတော့ သူမရဲ့ အဲဒီကလေးဆန်တဲ့ အလှဟာ သူ့စိတ်ကို ကယောင်ချောက်ချား ဖြစ်စေနိုင်စွမ်းရှိတယ်လို့ မကြာခဏ ပြောလေ့ရှိပါတယ်။ သူမရဲ့ အပြစ်ကင်းစင်တဲ့ မရင့်မာမှုဟာ ညအမှောင်နဲ့အတူ ပြောင်းလဲသွားမှာစိုးလို့ နောက်နေ့ မနက် အိပ်ရာအထမှာ ပြန်မမြင်တွေ့ရမှာကို ကြောက်လန့်နေရပါတယ်တဲ့။

အဲဒီအလှဟာ သူမတစ်ကိုယ်လုံးကို လွှမ်းခြုံထားတဲ့ အထင်အရှား အခိုင်မာဆုံး ကိုယ်ပိုင်သင်္ကေတပါပဲ။ 'သူမ'အကြောင်း တွေးမိလိုက်တာနဲ့ တစ်ပြိုင်နက် အတွေးရဲ့ နောက်ကွယ်မှာ အဲဒီ 'ကလေးဆန်ဆန် အပြစ်ကင်းစင်တဲ့အလှ'က တစ်ပါတည်း ကပ်ပါလာပြီး



www.burmeseclassic.com

www.burmeseclassic.com



သား ဖြစ်သလို။ အဲဒီ 'အလှ'မရှိရင် 'သုမ'ဆိုတာလည်း မရှိနိုင်တော့ပါဘူး။

☼ ☼ ☼

အင်း...စကားလက်စကို တိုတိုနဲ့ ဖြတ်ရရင် သုမဟာ (သုမသက် အသက်ပိုကြီးတဲ့ မာစတန်ထက် အရင်စော၍) ကွယ်လွန်ခဲ့ပါတယ်။

သူ့ဇနီး ဆုံး ပြီ။

တစ်နှစ်လောက်ကြာတဲ့အထိ မာစတန်ဟာ စိုးရိမ်ထိတ်လန့်စရာကောင်းလောက်အောင်ကို ကိုယ်စိတ်နှလုံး ချုံးချုံးကျသွားပါတော့တယ်။ ပစ်လိုက်ရပြီလို့တောင် အောက်မေ့တာ။ သေပဲ သေတော့မလား။ ရူးပဲ ရူးတော့မလားလို့ ထင်ရလောက်အောင် အခြေအနေက တည်းတည်းကလေး။ ယဲ့ယဲ့ကလေးပဲ ကျန်တော့တယ်။

သူ့ရဲ့ 'အလုပ်'တွေက ထိန်းသိမ်းထားလို့သာ သူ လုံးဝဥသုံ ပြိုလဲမသွားတာပေါ့။ သူ့စိတ်ကို ဖြေဆည်ရာပေးနိုင်တဲ့ တရားဓမ္မတွေ သိဝရီတွေရယ်လို့ ရှိ...မှမပေးတ်ဘဲ။ သူက ၁၉ ရာစုနှစ် တရားသေရုပ်ဝါဒီတွေအတိုင်း 'စိတ်'ဆိုတာကို ဓါတုကမ္မလုပ်ငန်းဖြစ်စဉ်





သက်သက်မျှသာ ဖြစ်တယ်လို့ ယုံကြည်လက်ခံသူ တစ်ယောက်ကိုး။ ခန္ဓာကိုယ်အတ္တဘောကြီး သေဆုံးသွားပြီဆိုရင် လူက တစ်ခါတည်း သေဆုံးအပြီးသတ်သွားတာပဲလို့ ခံယူထားတဲ့သူပေါ့။ (ဝိညာဉ်တွေ ပရလောကတွေ မယုံကြည်ဘူး။ လက်မခံဘူးလို့ ဆိုလိုတာပါ)

သူ့အတွေးအခေါ်အရ (ဝိညာဉ်တွေ ပရလောကတွေ မရှိဘူးဆိုတဲ့အချက်ကို) ဆန့်ကျင်ခြေဖျက်နိုင်စရာ အကြောင်း ခိုင်ခိုင်လုံလုံ အထောက်အထားမတွေ့ရဘူး။ ('သက်သေအထောက်အထား'ဆိုတဲ့ ဝေါဟာရက သူ အမြဲစွဲကိုင်ထားတဲ့ လက်သုံးစကားပါ။)

'ခင်ဗျားတို့ပဲ စဉ်းစားကြည့်လေဗျာ။ ကဲ...ဘယ်မှာလဲ (ဝိညာဉ်တွေ ပရလောကတွေ ရှိတယ်ဆိုတဲ့) သဘာဝကျကျ သက်သေအထောက်အထား'လို့ သူက ငြင်းလေ့ရှိတယ်။

ဒီအချက်ကို ခင်ဗျားတို့ စွဲစွဲမြဲမြဲ မှတ်ထားစေချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မာစတန်ဟာ (သူဖြစ်ချင်တာတွေ သူမြင်ချင်တာတွေကို) စိတ်ကူးယဉ် အစွဲအလမ်းသန်ပြီး မြင်ယောင်မိမှား ထင်ယောင်မိမှား ပြောတာ မဟုတ်ဘူးဆိုတာကို သိသာစေချင်လို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ရိစာမွန်ဟာ သူ့အတွက် အတိတ်ပုံရိပ်ထဲမှာပဲ ရှိပါတော့တယ်။ အတိတ်အကြောင်း တွေးမိတဲ့ သူ့ရဲ့ နှလုံးသားထဲမှာတော့ ရိစာမွန်ကို ချစ်နေဆဲပါပဲ။ အဲ... တစ်ချိန်တည်းမှာပဲ သူ့အနေနဲ့ 'တစ်ပင်လဲမှ တစ်ပင်ထူဖို့' ဆိုတာကိုလည်း သူ့ဦးနှောက်ထဲမှာ အပြစ်ရှာလို စိတ်တစ်ဝက်၊ သံသယတစ်ဝက်နဲ့ ထည့်သွင်းစဉ်းစားပြုလာပါပြီ။

သူနဲ့ ရိစာမွန်တို့ ဟန်းနီးမွန်းထွက်တုန်းက ဒီအကြောင်းကို ဆွေးနွေးဖြစ်ခဲ့ကြပုံရပါတယ်။ ရိစာမွန်က 'သူမအနေနဲ့ မာစတန်ရဲ့အရင် ကွယ်လွန်မယ်ဆိုရင် မာစတန်တစ်ယောက်တည်း ကြေကြေကွဲကွဲ အထီးကျန် ရှင်သန်နေရစ်ခဲ့မှာကို မလိုလားပါဘူး'လို့ ပြောခဲ့သတဲ့။ သူမက မာစတန်ကို နောက်ထပ်အိမ်ထောင်ပြုစေချင်ပါတယ်တဲ့။ သူ့အနေနဲ့သာ မှန်ကန်သင့်တော်တဲ့ မယားကောင်းတစ်ယောက်ကို လက်ထပ်မယ်ဆိုရင် (တမလွန်ဘဝကနေပြီး) သူမ ကျေနပ်နေမှာပါပဲလို့ ဆိုတယ်။

"ကိုယ်နဲ့ မအပ်စပ်တဲ့ မိန်းမကို လက်ထပ်မိရင်ကော"





လို့ မာစတန်က မေးလို့ကတော့ သူ့ဇနီးက...

"ဒီလိုဆိုရင်တော့ ဘယ်ဖြစ်မလဲ...။ (တမလွန်ဘဝကနေပြီး)ကျွန်မ လုံးဝကျေနပ်နိုင်မှာ မဟုတ်ဘူး"

ပြောခဲ့သမျှ စကားလုံးတိုင်းကို သူ မှတ်မိနေပါတယ်။ ဒါပေမဲ့ အစွဲအလမ်းတော့ မထားပါဘူး။ တကယ်ရည်ရွယ်ချက်မထားဘဲ စကားအဖြစ် သက်သက်ပြောခဲ့တာလို့ပဲ သူ အောက်မေ့ထားတာပါ။

☼ ☼ ☼

တစ်ညမှာ...

ကျွန်တော်နဲ့ သူ အဲဒီအကြောင်း စကားစပ်မိကြပါသေးတယ်။ သူက...

"ကျွန်တော် နောက်အိမ်ထောင်ပြုဖို့ ကောင်းပြီထင်တယ်ဗျာ။ ဒါက ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်ပေါ့။ ဒီထက် မပိုပါဘူး။ အများကြီး မျှော်လင့်ထားမယ့် မိန်းမမျိုးကို ကျွန်တော် လက်မထပ်ချင်ပါဘူး။

ရိစာမွန့်နေရာမှာ တခြားမိန်းမ တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ယောက်ကို အစားမထိုးချင်ဘူးဗျာ။
အစားထိုးနိုင်လိမ့်မယ်လို့လည်း ကျွန်တော်
မထင်ဘူး"

တစ်နှစ်လောက် အကြာမှာပဲ 'ပေါလင်းဆေးလဖား' ဆိုတဲ့ အမျိုးသမီးကို သူ လက်ထပ်လိုက်ပါတယ်။

'ပေါလင်းဆေးလဖား' ဆိုတဲ့ အမျိုးသမီးက မာစတန်တို့ အဖွဲ့ထဲက မိတ်ဆွေတစ်ယောက်ဖြစ်တဲ့ ဘေရားသူကြီးမောင်းပါကားရဲ့သမီးပါ။ မာစတန်ဟာ သူမကို (သူမရဲ့ယောကျ်ားနဲ့ ကွာရှင်းပြတ်စဲပြီး အိန္ဒိယပြန်လာခဲ့ချိန်အထိ) တစ်ခါမှ မြင်ဖူးခဲ့တာ မဟုတ်ပါဘူး။

မှန်ပါတယ်။ သူမဟာ အိမ်ထောင်ပျက် တစ်ခုလပ် တစ်ယောက်ပါ။ ပေါလင်းဆေးလဖားရဲ့ နေပုံထိုင်ပုံကတော့ အန်မတန်မှ အဆင့်အတန်းရှိရှိ ဣန္ဒြေသိက္ခာ ရှိရှိပါပဲ။ မာစတန်က သူမရဲ့ဘဝကို ကယ်တင်ဖို့ဆိုပြီး ပေါလင်းကို သူ့ဘဝထဲ တိုးဝင်လာခွင့်ပြုခဲ့တာပါ။

ဒါပေမဲ့ ကောလာဟလ ဇာတ်လမ်းတချို့ကတော့ တီးတိုး တီးတိုး ပျံ့နှံ့လို့နေပါပြီ။ အဲဒီကောလာဟလ





ဇာတ်လမ်းတွေဟာလည်း မာစတန်ကို နောက်ပြန်ဆုတ်ဖို့ စိတ်ယိုင်လာအောင် မဆွဲဆောင်နိုင်ခဲ့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ မာစတန်ဟာ ပေါလင်းရဲ့ ဘက်တော်သားတွေနဲ့ အဖွဲ့ကျပြီး တစ်သွေးတည်း တစ်သားတည်းဖြစ်နေလို့ပါ။ တကယ်လို့ အဲဒီကောလာဟလတွေဟာ အမှန်ဖြစ်တယ်ဆိုရင်တောင်မှ သူ ယုံကြည်မှာ မဟုတ်ပါဘူး။ သူက ပေါလင်းကို မြင်မြင်ချင်း မိနစ်ပိုင်းအတွင်းမှာကို သူမကို လက်ထပ်ဖို့ ဆုံးဖြတ်ထားပြီး ပါပြီ။

ပေါလင်းဟာ လှတစ်မျက်နှာ ယဉ်တစ်ကိုယ်လုံး ဆိုတဲ့ မိန်းမစားထဲကပါ။ နက်မှောင်မာကျောမှု၊ ဖြူဆွတ်မှုတို့နဲ့အတူ နီလွှင်လွှင်တောက်ပတဲ့ အသားအရေ၊ မဟာဆန်တဲ့ နှာတံ၊ အလိုရမ္မက်ပြင်းထန်တဲ့ ပါးစပ်တွေနဲ့ ဖွဲ့စည်းပေါင်းစပ်ထားတာပေါ့။

မာစတန် ပြောခဲ့သလိုပါပဲ။ ဒါက နှစ်ဦးနှစ်ဖက် ရုပ်ပိုင်းဆိုင်ရာ တပ်မက်မှုသက်သက်သာ ဖြစ်ပါတယ်။ ပေါလင်းဟာ ရှီစာမွန်ရဲ့ နေရာကို ဝင်ပြီး ယူ, မယူ ဆိုတာ ဘာမှ ပြောနေစရာမလိုပါဘူး။

အဲဒီအချိန်တုန်းက မာစတန်ဟာ အခက်ကြုံနေရ



www.burmeseclassic.com

www.burmeseclassic.com



တဲ့အချိန်ပေါ့။ ပြဿနာပြေလည်သွားချိန်အထိတောင် သူတို့ မစောင့်နိုင်ကြတော့ဘဲ အလျင်စလို လက်ထပ် ဖြစ်သွားကြပါတယ်။

ပြဿနာကြောင့် မာစတန်ဟာ လန်ဒန်မှာ ရှိနေမှ ဖြစ်မှာမို့လို့ သူတို့ ဟန်းနီးမွန်းထွက်ဖို့ကိစ္စကို ဆောင်းဦး ပေါက်ရာသီအထိ ရွှေ့ဆိုင်းဖို့ နှစ်ဦးသား သဘောတူ လိုက်ကြလေရဲ့။

အဲဒါနဲ့ပဲ မာစတန်ဟာ ပေါလင်းဆေးလဇားကို ကာဗွန်လမ်းက သူ့အိမ်ဆီ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ခေါ်သွားဖြစ်ခဲ့တယ် ဆိုပါတော့။

ဖြစ်နိုင်ရင် သူက ခေါ်မသွားချင်ခဲ့ပါဘူးလို့ နောက် ပိုင်းကျမှ မာစတန်က ဝန်ခံတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ကာဗွန်လမ်းက အိမ်ဟာ သူနဲ့ ရီစာမွန်တို့ရဲ့ ကာကဘ်ပုရိပ်တွေကို ပြန်သတိရစေတတ်လို့ပါ။

အထူးသဖြင့် ရီစာမွန်ရဲ့ အိပ်ခန်းပေါ့။ ဒီအိပ်ခန်း ဟာ သူနဲ့ ရီစာမွန်တို့ နှစ်ဦးသား ရွှေလည်တွဲစက်ခဲ့ရာ ခန်းသဗ္ဗာလည်းဖြစ်ပါတယ်။ အဲ...နောက်ပြီးတော့ မာစတန်ရဲ့ စာကြည့်ခန်း။ ဒီအခန်းကတော့ ရီစာမွန် သဘောကျဆုံးအခန်းပဲ မာစတန်ရဲ့အခန်းကိုး။ စာကြည့်





ခန်းထောင့်က မီးဖိုကြီးနားမှာ သူမ အမြဲထိုင်လေ့ရှိပါ တယ်။ ညနေဆည်းဆာခင်းတွေမှာ မာစတန်အဖို့ အလုပ်တွေ ပြီးသွားပြီဆိုရင် အဲဒီနေရာလေးမှာ သူတို့ နှစ်ဦးသား အတူထိုင်လေ့ရှိတယ်။ မာစတန်ရဲ့အလုပ် တွေ မပြတ်သေးရင်လည်း ရီစာမွန်ကတော့ ခန်း ထောင့်လေးမှာ စာအုပ်တစ်အုပ်ဖတ်လို့ ငြိမ်ငြိမ်ကလေး ထိုင်စောင့်ရင်း သူ့ကို အဖော်လုပ်ပေးရှာရဲ့။

အက်ဒွပ်မာစတန်အတွက် ကံကောင်းသွားတယ်ပဲ ပြောရမလားမသိဘူး။ ပေါလင်းက အဲဒီစာကြည့်ခန်းကို မြင်မြင်ချင်း မနှစ်မြို့ပုံပေါ်ပါတယ်။

"အက်ဒွပ် ဒီအခန်းဟာ ဆိုးဆိုးရွားရွား တစ်ခုခုဖြစ်နေတယ် တစ်မျိုးကြီးပဲ။ ဘယ် နယ်လုပ်ပြီး ဒီလိုအခန်းမျိုးထဲမှာ ရှင်နေနိုင် ထိုင်နိုင်သလဲဆိုတာ ကျွန်မတော့ စဉ်းစားလို့ တောင် မရဘူး"

အက်ဒွပ်က အနည်းငယ် တုန်တုန်ယင်ယင်နဲ့...

"မင်းမကြိုက်ဘူးဆိုရင် ဒီအခန်းကို အသုံးမလိုဘူးပေါ့"

"မသုံးချင်ပါဘူးရှင်။ ဝေးပါသေးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ပေါလင်းကရိုစာမွန် ထိုင်နေကျ ကုလားထိုင်နားက မီးဖိုအခင်းကော်ဇောပေါ်မှာရပ်နေတယ်။ ရှားတောင့်ရှားပါးအလှနဲ့ အလိုရမ္မက်ကြီးမှုတို့ရဲ့ အသွင်သဏ္ဍာန်ထင်ဟပ်နေတဲ့ ပေါလင်းပေါ့။ ဒါနဲ့ပဲ အက်ဒွပ်မာစတန်ဟာ သူ့မကို ပွေ့ဖက်ပြီး နီလွင်လွင်နှုတ်ခမ်းအစုံကို နမ်းတော့မယ်လို့ ဟန်အပြင်မှာ ဗြုန်းဆို တစ်စုံတစ်ရာက သူ့ကို ဟန့်တားထားလိုက်တယ်။ ဘွားခနဲ ရုတ်တရက်ကြီး ပေါ်လာပြီး သူနဲ့ ပေါလင်းတို့အကြားကန့်လန့်ဖြတ်ဝင် ကာဆီးလိုက်သလိုမျိုးပဲ။ သူ ရှေ့ဆက်တိုးလို့ လုံးဝ မရတော့ဘူး။

အက်ဒွပ်မာစတန်ကတော့ ရိုစာမွန်ကို ဖျတ်ခနဲ ပြန်သတိရလိုက်တဲ့စိတ်က သူ့ကို ခြေလှမ်းတုံ့သွားစေတာ ဖြစ်မယ်လို့ပဲ အောက်မေ့လိုက်ပါတယ်။ ဒီနေရာ ဒီအခန်းက ရိုစာမွန် နေနေကျအခန်းကိုး။

ခင်ဗျားတို့အသိပဲလေ။

ဒီလိုစာကြည့်ခန်းဆိုတဲ့ နေရာမျိုးဟာ (ပေါလင်းနဲ့ လားလားမအပ်စပ်တဲ့) ရင်းနှီးလိုက်လှဲ ကျွမ်းဝင်မှု တိတ်ဆိတ်မှုတွေနဲ့ ဖွဲ့စည်းထားတဲ့နေရာပဲ။ ပိုက်ဆံချမ်းသာ၊ စိတ်ဆားကြမ်းတမ်းပြီး ကိုယ့်ကိုယ်ကို





ဟုတ်လှပြီထင်နေတဲ့ ပေါလင်းလိုအစားမျိုးက စာကြည့်ခန်းကို ဘယ်သုံးချင်ပါ့မလဲ။ နောက်တော့ အက်ဒပ်မာစတန်က အကြွေးတွေနဲ့အတူ အခန်းထဲမှာ သူတစ်ယောက်တည်း ကျန်ရစ်ခဲ့ပါတော့တယ်။

ပြဿနာက အိပ်ခန်းကိစ္စပါ။

သူမ နေရမယ့်အခန်းဟာ ရိုစာမွန့်အခန်း ဖြစ်မယ်ဆိုတာ ပေါလင်း အစကတည်းက သဘောပေါက်ထားပုံပါပဲ။ (ရိုစာမွန့်ရဲ့ အိပ်ခန်းက လွဲရင်) တခြားအခန်းရှိမှ မရှိတာ။

ပထမထပ် တစ်ထပ်လုံးက ဧည့်ခန်းနဲ့ ပြည့်နေတယ်။ အပေါ်ထပ်က အိပ်ခန်းတွေက ကျဉ်းကျဉ်းလေးရယ်၊ အဲဒီ ရိုစာမွန်ရဲ့အိမ်ခန်း ဆိုတာကလည်း ရှေ့ဘက်က အခန်းနှစ်ခန်းကို ပေါင်းပြီး တစ်ခန်းလုပ်ထားရတာ။

အဲဒီအခန်းက တောင်ဘက်ကို မျက်နှာမူထားတယ်။ နောက်ဘက်မှာ ရေချိုးခန်း၊ မြောက်ဘက်မှာရှိတဲ့ မာစတန်ရဲ့အခန်းကျဉ်းကလေးကနေ တံခါးဆက်ချိုးတည့်တည့် ကွေ့ချလိုက်ရင် အဲဒီ ရိုစာမွန့်အခန်းကို ရောက်တယ်။ မာစတန်ကတော့ ပေါလင်းကို အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



အခန်းမှာ အိပ်လိမ့်မယ်လို့ သိပ်မထင်ထားခဲ့ဘူး။

သူ့သဘောအရဆိုရင်တော့ အဲဒီ ကာဗွန်လမ်းက အိမ်ကို ရောင်းထုတ်ပစ်ချင်နေတာလို့ ပြောပါတယ်။

ဒါပေမဲ့ ပေါလင်းကတော့ သူနေရမယ့်အခန်း (ရိုစာမွန်ရဲ့အခန်း)မှာ ပြတင်းပေါက်ကျယ်ကျယ်ကြီးတွေ သုံးပေါက်တောင် တွေ့လိုက်ရတော့ သဘောတွေ့သွားပါတယ်။ တစ်ခန်းလုံးမှာလည်း ဆင်ထား သထားလိုက်တာက ၁၇ ရာစုနှစ်ပုံစံ ပရိဘောဂပစ္စည်းတွေနဲ့၊ အရှေ့တိုင်းဖြစ် ကော်ဇောတွေနဲ့၊ နောက်ပြီး ပိုးသားလိုက်ကာထူထူကြီးတွေက အပြာရင့်ရောင်မှာ ခရမ်းရောင် အနားသတ်တွေနဲ့ ဖိမ်ကျလှတဲ့ အိပ်ရာကြီးကိုလည်း အပြာရောင်မှာ ခရမ်းရောင်ဖောက်ထားတဲ့ အိပ်ရာခင်းနဲ့ လွှမ်းထားတာကိုး။ မာစတန်က တစ်ခုပြောပါတယ်။ သူက ရိုစာမွန်ရဲ့အိပ်ရာမှာ အိပ်သင့်ပြီး ပေါလင်းကတော့ သူ့အိပ်ရာမှာ အိပ်ဖို့ကောင်းတယ်တဲ့။ ရိုစာမွန့်အိပ်ရာပေါ်မှာ ပေါလင်းအိပ်နေတာ မမြင်ချင်လို့ပါတဲ့။ (ဒါကတော့ သူ လီဆယ်ပြောတာ ဖြစ်ချင်လည်း ဖြစ်မယ်လေ။)

ပေါလင်းက အခန်းထဲလျှောက်သွားပြီး ဟိုကြည့်





ဒီကြည့် လျှောက်ကြည့်ပါတယ်။ မှန်ထဲမှာလည်း သူ့မကိုယ်သူမ ကြည့်ပါတယ်။ (တစ်ချိန်တုန်းကတော့ သွား၊လေသူ ရိုစာမွန်ရဲ့ အပြစ်ကင်းစင်တဲ့ ရွှေစင်နှင်းဆီအလှကို ထွေးပိုက်ခဲ့ရဖူးတဲ့ ကြေးမုံပြင်ပေါ်မှာပေါ့) ပေါလင်းက ရိုစာမွန့်အင်္ကျီတွေကို ချိတ်ထားရာ ဗီရိုကြီးကိုလည်း ဖွင့်ကြည့်တယ်။ ရိုစာမွန်ရဲ့ နုနုညံ့ညံ့ ပန်းရနံ့ရေမွှေးကိုလည်း နမ်းကြည့်ပြီးတော့ အလေးအနက်မထားပုံမျိုးနဲ့ သူ့မရဲ့ မွေးပွအင်္ကျီကြီးနဲ့ အုပ်ထားလိုက်တယ်။

ရိုစာမွန်နဲ့ ပတ်သက်လာရင် အရာရာတိုင်းကို အလေးအနက်ထားတတ်လွန်းတဲ့ မာစတန်ကတော့ စိတ်ပျက်လက်ပျက်ကိုဖြစ်လို့။

မာစတန်ဟာ နလုံးစိတ်ဝမ်း မချမ်းမမြေ့ ခံစားနေပြီး စိတ်လှုပ်ရှားတုန်လှုပ်နေပါတယ်။ မင်္ဂလာဧည့်ခံပွဲကျင်းပတဲ့ ညနေတုန်းကတောင် ဒီလောက် စိတ်မလှုပ်ရှားခဲ့ဘူး။

မာစတန်က ပေါလင်းကို အချိန်ဖြုန်းတဲ့အနေနဲ့ ပြဇာတ်ကြည့်ရအောင်ဆိုပြီး ခေါ်သွားတယ်။ သူ့မကို ရိုစာမွန်ရဲ့ အခန်းထဲက မထွက် ထွက်အောင် တစ်ကော်



www.burmeseclassic.com

www.burmeseclassic.com



လှည့်နဲ့ ခေါ်ထုတ်တာလည်း ဖြစ်ချင်ဖြစ်မှာပေါ့။ ဒါတော့ ဘုရားသခင်မှပဲ သိတော်မူလိမ့်မယ်။

သူတို့နှစ်ယောက်သား အောက်ထပ်ပွဲကြည့်စင်မှာ ပျင်းပျင်းရိရိ ငြီးငြီးငွေ့ငွေ့ ဂနာမငြိမ်တဲ့စိတ်တွေနဲ့ ထိုင်ကြည့်ကြတယ်။ နောက်ပြဇာတ်တစ်ဝက်တောင် မကျိုးသေးခင် ထပြန်လာခဲ့ကြရော။ ကာဇွန်လမ်းက အိမ်ကို ပြန်ရောက်တော့ ဆယ့်တစ်နာရီတောင် မထိုးသေးဘူး။

ပေါ်လင်းရဲ့အိပ်ခန်းထဲကို သူဝင်သွားတဲ့အချိန်မှာ ဆယ့်တစ်နာရီခွဲသာသာလောက်ပဲ ရှိပါလိမ့်ဦးမယ်။

ပေါ်လင်းရဲ့ အိပ်ခန်းတံခါးဆီကို သွားချင်ရင် မာစတန့်အခန်းကနေ တံတောင်ဆစ်ချိုးကွေ့သွားရတယ်ဆိုတာ ရှေ့မှာပြောခဲ့ပြီးပြီထင်ပါရဲ့။ အဲဒီအိပ်ခန်းတခါးနှစ်ခုကို ဆက်ထားတဲ့ စင်္ကြံလမ်းက ကျဉ်းကျဉ်းကလေးရယ်။ ဒါကြောင့် ပေါ်လင်းရဲ့ အခန်းတံခါးနားမှာ ရပ်နေတဲ့သူ ဘယ်သူ့ကိုမဆို (မာစတန်က သူ့အခန်းတံခါးကို ဖွင့်လိုက်တာနဲ့) မိနစ်ပိုင်းအတွင်း လှမ်းမြင်ရမှာပေါ့။ အဲဒီလို ပိတ်ရပ်နေတယ်ဆိုရင် စင်္ကြံလမ်းကို ဖြတ်သွားလို့တောင် ရမှာမဟုတ်ဘူး။





ဟုတ်ပါတယ်ဗျာ။ မာစတန်က ကျိန်တွယ်ပြီးတော့ တောင် ပြောရှာတာပါ။ သူ့အခန်းတံခါးကို ဖွင့်လိုက်တဲ့အချိန်မှာ အဲဒီစင်္ကြံလမ်း ပေါ်လင်းရဲ့ အခန်းဝမှာ ဘာဆိုဘာမှမရှိပါဘူးတဲ့။

ဒါပေမဲ့ သူ ပေါ်လင်းရဲ့ အခန်းဆီ လာလိုက်တဲ့ အခါကျတော့ အခန်းတံခါးရှေ့မှာ ရိုစာမွန် ရပ်နေတာ တွေ့လိုက်ရတယ်။

"ရိုစာမွန်က ကျွန်တော့်ကို အခန်းထဲ ပေးမဝင်ဘူးဗျ"

လို့ မာစတန်က ပြန်ပြောပြတယ်။

ရိုစာမွန်က လက်နှစ်ဖက်ကို ထုပ်စည်းတိုးသလို ဆန့်ကားပြီး စင်္ကြံလမ်းကို ပိတ်ထားလိုက်တယ်။ အို... သူမရဲ့မျက်နှာကို တွေ့လိုက်ရတော့တယ်။ ဟုတ်ပါတယ်၊ ရိုစာမွန်ရဲ့ မျက်နှာပါ။

နူးညံ့ချိုမြိန်ပြီး တစ်စုံတစ်ရာကို ပြတ်ပြတ်သားသား ဆုံးဖြတ်ထားတဲ့ မျက်နှာ။

သူမကို ဖြတ်ကျော်သွားလို့မှ မရတာ။ ဒါနဲ့ သူ့အခန်းဆီကို ကျောပေးပြီး နောက်ဆုတ် နောက်ဆုတ်နဲ့ ပြန်လာခဲ့တာပေါ့။ ရိုစာမွန်ကို မျက်ခြည်မပြတ် ကြည့်



www.burmeseclassic.com

www.burmeseclassic.com



နိုင်အောင်လေ။

သူ့အခန်းတံခါးဝကို ရောက်တော့ လှမ်းကြည့် နေရင်းမှာပဲ ရိုစာမွန် ပျောက်သွားတယ်။

ဟင့်အင်း…သူ…မကြောက်ဘူးတဲ့။

အဲ…သူ ဘယ်လိုခံစားရတယ် ဆိုတာကိုလည်း ကျွန်တော့်ကို ပြန်မပြောပြပါဘူး။ သူ့အခန်းတံခါးကို မပိတ်ဘဲ တစ်ညလုံး ဖွင့်ထားပါတယ်။ သူ မပိတ်ပစ် လိုက်ရက်လို့ပါတဲ့။ နောက်ပြီး ပေါ်လင်းဆီ ထပ်သွားဖို့ ကိုလည်း သူ မကြိုးပမ်းတော့ပါဘူး။ (ထပ်သွားရင်) ရိုစာမွန်ရဲ့ တစ္ဆေက ပြန်ပေါ်လာပြီး သူ့ကို တားဆီးဦး မှာပဲဆိုတာ သူ ယုံကြည်နေလို့ပါ။

နောက်တစ်နေ့နံနက် မိုးလင်းတော့ ပေါ်လင်းကို သူ ဘယ်လိုတောင်းပန်သလဲဆိုတာ ကျွန်တော် မသိပါ ဘူး။ တစ်နေ့လုံး ပေါ်လင်းစိတ်ကောက်နေတယ်လို့ သူကပြောပါတယ်။ ဒါ ဘာမှ အံ့သြစရာတော့ မရှိဘူး လေ။

မာစတန်ကတော့ ပေါ်လင်းကို တပ်မက်တဲ့စိတ်နဲ့ မွန်နေတုန်းပဲ။ ရိုစာမွန်ရဲ့တစ္ဆေက သူ့ကို ပေါ်လင်းနဲ့ သဘောမတူလို့ ခွဲဖို့ကြိုးစားနေတယ်လို့ မထင်ဘူးပေါ့။





ဒါဟာ သူ့စိုးရိမ်ကြောင့်ကြမှုကြောင့်ဖြစ်တဲ့ ဟော်လူစီ နေးရှင်း (အမြင်အာရုံထင်မှားမှု)ပဲဖြစ်မှာပါလို့ မာစတန် က သူ့စိတ်သူ ပြန်လှည့်စားကြည့်တယ်။

နောက်တစ်ညဆို… အဲဒီတစ္ဆေကို ထပ်တွေ့ရမှာ မဟုတ်ပါဘူးလို့လည်း သူ အောက်မေ့နေလေရဲ့။ ဒါပေ မဲ့…

* * *

ဟုတ်ပါတယ်။ တစ္ဆေရောက်လာပြန်တာပါပဲ။

ဒါပေမဲ့ ဒီတစ်ကြိမ်မှာတော့ တစ္ဆေက မာစတန်ကို (အခန်းထဲ ဝင်သာအောင်) လမ်းဖယ်ပေးတယ်ဆိုပဲ။ ပြီ့တော့ တစ္ဆေက…

“ရှင် ဝင်ချင်သပဆိုရင်လည်း ဝင်ပေါ့။ ဘာဖြစ်မလဲဆိုတာ ရှင် နမူးတွေ့ ဒူးတွေ့ ကြုံရပါလိမ့်မယ်”

လို့ ပြောနေသလိုမျိုး မာစတန့်ကို ပြုံးပြလိုက် တယ်။

သူ အခန်းထဲဝင်လာတဲ့အခါ တစ္ဆေကလည်း သူ့ နောက်က လိုက်ပြီးဝင်လာလိမ့်မယ်လို့ မာစတန်က



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ထင်လိမ့်မတုံး။ 'ဒီတစ်ခါတော့ ငါ့ကို ရှောရှော ရှူရှူ ဝင်ခွင့်ပေးပဟဲ့'လို့ စိတ်တုံးတုံးချထားတာ။

(တစ်ချိန်က ရိုစာမွန် အိပ်စက်ခဲ့ဖူးတဲ့) ပေါလင်းရဲ့ ဖဲမွေ့ရာဆီကို မာစတန် လျှောက်လှမ်းသွားတဲ့အခိုက်မှာပဲ တစ္ဆေဟာ ဘွားခနဲ ပေါ်လာပြန်ပါတယ်။ မာစတန်နဲ့ အိပ်ရာကြားမှာ ခေါ်လာတာပါ။ လက်အစုံကို ဆန့်တန်းပြီး မာစတန်ကို ပြန်သွားခိုင်းနေပါတယ်။

ပေါလင်းကတော့ (တစ္ဆေကို မမြင်ရဘဲ) နောက်ဆုတ်...နောက်ဆုတ်နဲ့ သွားနေတဲ့ သူမရဲ့ သတို့သား အသစ်စက်စက် မာစတန်ကိုပဲ မြင်ရတာပေါ့။ နောက် မာစတန် ငူငူကြီးရပ်နေတာ မြင်ရတယ်။ မာစတန်ရဲ့ မျက်နှာပေါ်က ကြက်သေသေလျက်သား ဖြစ်နေတဲ့ အကြည့်ကိုလည်း မြင်ရတယ်။

ဒီလောက်မြင်ရတာနဲ့တင်ကို ပေါလင်း တော်တော် လန့်ဖျပ်သွားပါတယ်။ သူမက...

"ဘာဖြစ်နေတာလဲ အက်ဒွပ်"

အက်ဒွပ်မာစတန်ကတော့ မလှုပ်မယှက် ရှိနေဆဲပဲ။

"ရှင် ဘာလို့ အဲဒီမှာ ရပ်နေတာလဲ၊





အိပ်မှာဖြင့် လာအိပ်တာမဟုတ်ဘူး။ ဘာလုပ်နေတာတုံး"

မာစတန်ဟာ အသိဉာဏ်ကင်းမဲ့သွားသလိုမျိုး ဖြုန်းခနဲ အော်ပြောလိုက်မိတယ်။

"ငါ လာလို့မရဘူး။ မရဘူး"

"ဘာဖြစ်လို့ လာလို့ မရရမှာတုံး"

လို့ ပေါလင်းက အိပ်ရာပေါ်ကနေ လှမ်းမေးလိုက်တယ်။

"မင်းနဲ့ငါ အတူတူအိပ်လို့မဖြစ်ဘူး။ သူက ငါ့ကို ပေးမအိပ်ဘူး"

"သူ...ဆိုတာက"

"ရိုစာမွန်လေ၊ ငါ့ဇနီးဟောင်းပေါ့။ သူ အခု ဟောဒီမှာ ရောက်နေတယ်"

"ရှင်...ဘာတွေလျှောက်ပြောနေတာလဲ"

"ငါ့မိန်းမ ရိုစာမွန် ရောက်နေတယ်လို့ ပြောတာကွ။ သူက ငါ့ကို မင်းနဲ့အတူ အိပ်ခွင့်မပေးဘူး။ ငါ့ကို တွန်းထုတ်နေတယ်"

ပေါလင်းက သူ့အရက်မူးလာသလား၊ ဒါမှမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုဖြစ်လာသလားလို့ အောက်မေ့နေတယ်ဆိုပဲ။ ဟုတ်တယ်လေ။ စဉ်းစားကြည့်။ တစ္ဆေကို မာစတန်ပဲ မြင်ရတာ။ ပေါလင်းမှ မမြင်တာကိုး။ သူ အရက်မူး လာတယ်လို့ပဲ ထင်တော့တာပေါ့။

ပေါလင်းက အိပ်ရာထဲကနေ ထထိုင်လိုက်ပြီး မီးဝင်းဝင်းတောက်နေတဲ့ မျက်လုံးတွေနဲ့ မာစတန်ကို ကြည့်ရင်း...

"သွား...ရှင်...ဒီအခန်းထဲက ခု ချက်ချင်း ထွက်သွား"

မာစတန်ကလည်း ချက်ချင်းပဲ လစ်တော့တာပဲ။

နောက်တစ်နေ့မနက်ကျတော့ ပေါလင်းက သူ့ကို အပြစ်တင်တော့တာပေါ့။ (မာစတန်ကလည်း သူကြုံရတဲ့အဖြစ်ကို လုံးစေ့ပတ်စေ့ မရှင်းပြဘဲ ထိန်ချန်ထားလိုက်ပုံရပါတယ်)

"ကျွန်မအခန်းထဲကို ကျက်သရေမရှိတဲ့ပုံစံနဲ့ ရှင်ဝင်လာတာပေါ့လေ"

မာစတန်ကတော့ တောင်းပန်ရတော့တာပေါ့။ သူ အရက်မူးနေတာ မဟုတ်မှန်း ဘယ့်နှယ်လုပ်ပြီး ရှင်းပြလို့ ရနိုင်မှာလဲ။ ရိုစာမွှန်ကို သူကသာ မြင်ရတာပဲလေ။





အဲဒီတော့ ပေါလင်းက...

"ရှင်...မူးနေတာမဟုတ်ရင် ရူးနေတာပဲ ဖြစ်ရမယ်"

"အေးပါကွာ၊ ငါရူးနေတာဖြစ်မှာပေါ့"

အဲဒီလိုအပြောမျိုးဟာ ပေါလင်းကို ဒေါသပုပ္ပန်ထအောင် ဆွပေးလိုက်သလို ဖြစ်သွားတယ်။ ဒီနေရာမှာ အရှုပ်ပြင်ကြကြေးဆိုရင် ပေါလင်းရဲ့အရှုးစိတ်က မာစတန်ထက် မသာရင်နေတယ် လျော့တော့မလျော့ပါဘူး။ ဒါပေမဲ့ မာစတန်ဟာ ပေါလင်း ဘာဖြစ်သလဲဆိုတာ ဂရုမစိုက်မိဘူး။ သွေးပျက်နေတဲ့ တုန်လှုပ်မှုနဲ့ တောင်းပန်လို့သာ နေတော့တာပဲ။

နောက်တော့ ပေါလင်းစိတ်ပြေသွားတဲ့အထိ သူ ချော့နိုင်ခဲ့ပါတယ်။ ဒီကိစ္စ (တစ္ဆေကိုမြင်တယ်ဆိုတာ) ဟာ သူလုပ်ကြံလီဆယ်ပြီး ပြောနေတာ မဟုတ်မှန်း ပေါလင်း ယုံကြည်လက်ခံလာတဲ့အထိပါပဲ။

* * *

ဒီညတော့ (အရင်လိုမျိုး ထပ်မဖြစ်ဖို့) ကာကွယ်ရမယ့်နည်းလမ်းကို သူတို့လင်မယား နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကြိုတင်ပြီးရှာထားကြပါတယ်။ အဲဒါကတော့ မာစတန်က ပေါလင်းရှိရာဆီကို သွားမယ့်အစား ပေါလင်းမလာခင်မှာ မာစတန်က ကြိုတင်ပြီး အခန်းထဲကို ဝင်ထားနှင့်ဖို့ပါပဲ။

တကယ်လည်း မာစတန် တစ်ယောက်တည်း အခန်းထဲကို ဝင်သွားတော့ ဘာအဆီးအတားမှ မတွေ့ရဘဲ ချောချောမောမော ရောက်သွားပါတယ်။ ဒါပေမဲ့ ...ဒါပေမဲ့...

ဒါပေမဲ့ ရီစာမွန်က အိပ်ရာထဲမှာ အရင်ရောက်နှင့်ပြီးသား ဖြစ်နေပါပြီ။ သူမ အိပ်နေကျနေရာဖြစ်တဲ့ ပြတင်းပေါက်နားမှာ လဲလျောင်းနေတာပေါ့။ ကလေးလေး တစ်ယောက်နဲ့တောင် တူနေ့သေးတော့ရဲ့။ နှုတ်ခမ်းကွေးကွေးလေးတွေ၊ ပိတ်ထားတဲ့ မျက်ခွံမို့မို့လေးတွေ၊ ရွှေရောင်ဖဲကြိုးမျှင်နဲ့ စုချည်ထားတဲ့ ဆံပင်တွေကလည်း ခေါင်းအုံးထက်မှာ ပြေလျော့ကျလို့။

မာစတန်က အိပ်ရာဘေးနားကို တိုးတက်သွားပြီး ဒူးထောက်နေလိုက်မိတယ်။ (ရီစာမွန်ရဲ့ အသက်ရှူသံကိုတောင် သူ့အာရုံထဲမှာ ကြားနေရတယ်လို့ ဆိုပါတယ်)





သူဟာ အဲဒီလို အိပ်ရာဘေးမှာ ဒူးထောက်နေလိုက်တာ မိနစ်နှစ်ဆယ်လောက်ကြာသွားပါတယ်၊ ပေါလင်းက အခန်းထဲဝင်လာတော့ သူ့ကိုတွေ့သွားပြီး...

"ရှင် အဲဒီမှာ ဘာလုပ်နေတာလဲ၊ ဘာဖြစ်လို့ ခုတင်ပေါ် မတက်တာလဲ"

မာစတန်က ဒယိမ်းဒယိုင်နဲ့ ထရပ်လိုက်ပြီး...

"ဘယ်လိုလုပ်ပြီးတော့ တက်လို့ရမှာလဲ။ မရဘူး၊ မရဘူး"

ရီစာမွန် တစ္ဆေ ရှိနေတယ်ဆိုတာကိုတော့ သူ ထည့်မပြောတော့ဘူး။ ကြောက်လွန်းလို့ ဘယ်လိုပြောရမှန်းတောင် မသိတော့တာပါ။ ဒါနဲ့ သူက...

"ဒီညတော့ မင်း ငါ့အခန်းထဲမှာ သွားအိပ်ရင် ကောင်းမယ်"

သူက အိပ်ရာပေါ်ကို လှမ်းကြည့်လိုက်တော့ ရီစာမွန်ကို တွေ့နေရတုန်းပဲ။ ဒါပေမဲ့ ပေါလင်းကတော့ ခေါင်းအုံးနဲ့ အိပ်ရာခင်းကလွဲလို့ ဘာမှမမြင်ပါဘူးတဲ့။

ပေါလင်းက သူကြောက်နေတာကို ရိပ်မိသွားပြီး...

"ကျွန်မကတော့ မကြောက်ဘူး၊ ရှင့်ဘာသာရှင် တခြားအခန်းမှာ သွားအိပ်ချင်



www.burmeseclassic.com

www.burmeseclassic.com



ရင် အိပ်ပေါ့။ ကျွန်မကတော့ ဒီအခန်းထဲမှာ

အိပ်မယ်"

မာစတန်အဖို့တော့ ဘေးကျပ်နံကျပ်ပဲ။ ဒီအခန်းထဲမှာ ရိုစာမွန်နဲ့ ပေါလင်းတို့ နှစ်ယောက်တည်း အတူတူထားပစ်ခဲ့ပြီး သူ ဘယ်လိုထွက်သွားရက်နိုင်ပါ့မလဲ။

ဒါနဲ့ သူက ခုတင်ကို ကျော်ပေးပြီး ကုလားထိုင်တစ်လုံးပေါ် ထိုင်ချလိုက်ရတော့တယ်။ ကုလားထိုင်ပေါ်မှာ မှေးခနဲ သူ တစ်ချက်အိပ်ပျော်သွားတယ်။

မကြာလိုက်ပါဘူး။

ရုတ်တရက် အော်ဟစ်လိုက်တဲ့ ကြောက်လန့်တကြား အော်သံကြောင့် သူ နိုးသွားပြီး မီးခလုတ်ကို ထဖွင့်လိုက်တယ်။

ပေါလင်းဟာ ကြောက်လွန်းလို့ တစ်ကိုယ်လုံး တုန်ယင်ပြီး မတ်တတ်တောင် အနိုင်နိုင်ရပ်နေလျက်က

"အက်ဒွပ်ရေ...အိပ်ရာထဲမှာ တစ်ခုခု

တစ်ခုခု ရှိနေတယ်"

သူက အိပ်ရာထဲကို ကြည့်လိုက်တော့ ဘာမှ မရှိဘူး။ ဒါနဲ့ မာစတန်က အိပ်ရာကို ဖင်ပြန်ခေါင်းပြန်





လှန်လှောပြောရင်း...

"ဘာမှမရှိပါဘူး၊ ကြည့်ပါဦး"

"ဟင့်အင်း...ဟင့်အင်း...တစ်ခုခု ရှိနေ

တယ်"

"မင်းမြင်ရလို့လား"

"မျက်စိနဲ့မြင်ရတာမဟုတ်ဘူး။ ကျွန်မ

လက်နဲ့ စမ်းမိတာ"

ပေါလင်းရဲ့ ပြန်ပြောပုံအရဆိုရင်တော့ သူမရဲ့ မျက်နှာကို တစ်စုံတစ်ခုက လာပြီး ပွတ်တိုက်မိတယ်ဆိုပဲ။ အမျိုးသမီး ဆံပင်စည်းတဲ့ ဖဲကြိုးစလိုဟာမျိုးနဲ့တဲ့။

အဲဒါကြောင့် ပေါလင်းဟာ အိပ်နေရာက နိုးသွားပြီး သူမရဲ့ဘေးကို လက်နဲ့စမ်းကြည့်လိုက်တယ်။ အဲဒီမှာ အမျိုးသမီးတစ်ယောက်ရဲ့ နူးညံ့တဲ့ ခန္ဓာကိုယ်တစ်ခုကို ကြောက်စရာကောင်းလောက်အောင် လက်က သွားစမ်းမိလိုက်တော့တာပဲ။ အဲဒီမှာပင် သူမဟာ ကြောက်လန့်တကြား အော်ဟစ်ပြီး ခုတင်ပေါ်က ခုန်ဆင်းလိုက်တာတဲ့။

ပေါလင်းဟာ ဒီအခန်းထဲမှာ ဆက်မနေရဲတော့ပါဘူး။ မာစတန်ရဲ့ အခန်းဆီကို တစ်ချိုးတည်းလစ်တော့



www.burmeseclassic.com

www.burmeseclassic.com



တာပဲ။ သရဲခြောက်တယ် ဆိုတာကို သူမ တကယ် ယုံကြည်သွားပါပြီ။ ဒီအိမ်မှာ စာကြည့်ခန်းရယ်၊ (ယခင်က ရီစာမွန် နေသွားခဲ့ဖူးတဲ့) အိပ်ခန်းရယ်ဟာ အခြောက်အလှန့်ရှိမှန်း ပေါလင်း လက်ခံသွားပါတော့တယ်။

လေးရက်မြောက်ညကျတော့ ပေါလင်းဟာ အပေါ်ဆုံးထပ်မှာရှိတဲ့ အခန်းပိုတစ်ခန်းမှာ သွားအိပ်တယ်။ အစေခံကွေနေတဲ့အခန်းနားမှာပေါ့။ မာစတန်ကတော့ သူ့အခန်းထဲမှာပဲ သူနေနေတယ်။

သူ အိပ်မပျော်ပါဘူး။ ပေါလင်းနေတဲ့အခန်းထဲ သူသွားသင့် မသွားသင့် ဝေခွဲမရဘဲ ဒွိဟဖြစ်နေတယ်။ ရင်ထဲက ရီစာမွန်ကိုလည်း သနားသလိုလို အားနာသလိုလို ခံစားနေမိတယ်။

ဒါကြောင့် မာစတန်ဟာ အဝတ်အစားလဲပြီး အိပ်ရာထဲဝင်ရမယ့်အစား ကုလားထိုင်ပေါ်မှာ ထိုင်ပြီး စာအုပ်တစ်အုပ် ဖတ်နေလိုက်တယ်။ တစ်ခုခုဖြစ်လာလိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက်အတွေးနဲ့ ရင်ဆိုင်ဖို့ စောင့်ကြိုနေတာပါ။

ညသန်းခေါင်ကျော်ပြီး မကြာခင်မှာပဲ တံခါး





ခေါက်သံသဲ့သဲ့ကို သူ ကြားလိုက်တယ်။ တံခါး ပွင့်သွားပြီး ဝင်လာသူကတော့ ပေါလင်းပါ။

မာစတန် နည်းနည်းတော့ တုန်လှုပ်သွားတယ်။ သူမျှော်လင့်ထားတာက ရီစာမွန်ကိုး။

ပေါလင်းဟာ အခန်းထဲကို ညင်ညင်သာသာဝင်လာပြီး မာစတန်ရှေ့မှာ ရပ်လိုက်တယ်။ သူမရဲ့ ကိုယ်ပေါ်မှာ ပါးလွှာတဲ့ ပိုးဂါဝန်တစ်တည်ကလွဲပြီး ဘာမှဝတ်မထားဘူး။ မာစတန်ဟာ သူမကို စိုက်ကြည့်နေမိတယ်။ ပေါလင်းရဲ့ အလှဟာ သူ့ရဲ့စိတ်နှလုံးကို သိမ်းကျုံးယူငင်နေသလိုပါပဲ။ သူ့ရင်ခုန်သံ မြန်လာတယ်။

သူတို့နှစ်ဦး တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်နေချိန်ဟာ အချိန်အတော်ကြာတယ်လို့ ထင်ရပေမယ့် တကယ်တော့ စက္ကန့်ပိုင်းလောက်ပဲရှိတာပါ။

ပေါလင်းက...

"အက်ဒွပ်...ရှင်...တစ်ခုခုပြောလိုက်စမ်းပါ။ ကျွန်မ...ကျွန်မ...မလာသင့်ဘူးလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ အဖြေကိုတောင် မစောင့်ဘဲ သူမကပဲ ဆက်ပြောတယ်။

"ရှင့်ဇနီးဟောင်းအကြောင်းကို စဉ်းစား နေတာလား။ ရှင်နဲ့ ကျွန်မကြားမှာ သရဲမက ဝင်နှောင့်တာ ငံ့ခံနေရမှာလား။ သရဲမက ကျွန်မတို့ကို ကွဲအောင်လုပ်နေတာကိုရော ကျွန်မက ခွင့်ပြုရမှာလား။ ဟင့်အင်း… ဟင့်အင်း…ကျွန်မ ဘယ်နည်းနဲ့မှ ခွင့်မပြုနိုင်ဘူး အက်ဒွပ်…လာပါ…ကျွန်မကို ဖက်ထား စမ်းပါ။ ဒါဟာ သရဲမကို မကြောက်ဖို့ ဆေး နည်းပဲ"

ဂါဝန်က သူမရဲ့ခြေရင်းမှာ ပုံကျလို့။ မာစတန်က တော့ သူမကို စိုက်ကြည့်နေတုန်းပဲ။

နောက်တော့ (တစ်စက္ကန့်ရဲ့ အစိတ်အပိုင်းကလေး အတွင်းမှာ သူတို့နှစ်ဦးဟာ တစ်ယောက်ကို တစ် ယောက် ပွေ့ဖက်နေမိလျက်သား ဖြစ်လို့နေပါတော့ တယ်။)

အဲဒီအချိန်မှာပဲ အသံလည်းမကြည်၊ ရွေ့လျားမှုကို လည်း မမြင်ရဘဲ အခန်းတံခါး ပွင့်သွားပါတယ်။





ရှိစာမွှန် တစ္ဆေရောက်လာပါပြီ။

တစ္ဆေရောက်လာပုံက အံ့သြစရာကောင်းလောက် အောင်ကို မြန်ပါတယ်။ အလင်းရောင် ထိုးကျလာ သလိုမျိုး ဘွားခနဲရောက်လာတယ်။

ပေါလင်းက တစ္ဆေကို မမြင်မိသေးတော့ မာစတန် က တွန်းထုတ်လိုက်တာလို့ ထင်သွားပြီး…

"ရှင် ကျွန်မကို မနှင်ထုတ်ပါနဲ့။ ကျွန်မ ကို မတွန်းလွှတ်ပါနဲ့"

သူမက မာစတန်ကို ပွေ့ဖက်ပြီး ရွှဲရွှဲနဲ့နဲ့ တောင်းပန်နေတယ်။ သူမရဲ့ ကိုယ်ခန္ဓာက အသားစိုင် တွေရဲ့ အထိအတွေ့က ပူနွေးပြီး တပ်မက်စရာကောင်း နေလေရဲ့။

❊ ❊ ❊

ဒါဟာ အားပြိုင်မှုတစ်ခုပါ။

အသွေးအသားနဲ့ ဖွဲ့စည်းတည်ဆောက်ထားတဲ့ တပ်မက်စရာလူသားစစ်စစ် မိန်းမတစ်ယောက်ရယ်

ပရလောကက အကောင်အထည်မမြင်ရတဲ့ မိန်းမ တစ်ယောက်ရယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနှစ်ယောက်ကြားမှာ မာစတန် ဘယ်သူ့ကို ရွေးမလဲ။

※ ※ ※

ချက်ချင်းလိုလိုပဲ မာစတန့်ရင်ထဲမှာ...

ပြတ်သားတဲ့ ခံစားချက် ပေါ်လာတယ်။ သူ ပေါလင်းကို မုန်းတီးသွားပါပြီ။ ဘာဖြစ်လို့လဲဆိုတော့ ပေါလင်းဟာ (တစ္ဆေမှာ မရှိနိုင်တဲ့) အသားစိုင် အသားခဲတွေရဲ့ အထိအတွေ့နဲ့ သူ့ကို မြူဆွယ်လာဘ်ထိုးပြီး ရိစာမွန်တစ္ဆေကို (မာစတန့်နှလုံးသားထဲက မေ့ဖျောက်) အနိုင်ယူဖို့ ကြိုးစားနေတာကိုး။

မာစတန်က သူ့ခြေထောက်ကို ဖက်ထားတဲ့ ပေါလင်းရဲ့ လက်တွေကို လွှတ်ဖို့ ပြောလိုက်တယ်။ ပြီးတော့...

"ဟိုမှာ (ရိစာမွန်)ကို မင်း မမြင်ဘူး
လား"

ရိစာမွန်ကို မြင်လိုက်တာနဲ့ တစ်ပြိုင်နက် ပေါလင်းရဲ့ လက်တွေဟာ မာစတန်ကို ဖက်ထားရာကနေ လွှတ်ပြီး ပုံလျက်သား လဲကျသွားတယ်။ ဒီတစ်ခါတော့





သူမ မငိုတော့ပါဘူး။

တစ္ဆေ (ရိစာမွန်)ကတော့ တံခါးဆီကို ဖြည်းဖြည်းချင်း ပြန်ထွက်ခွာသွားနေတယ်။ အခန်းဝရောက်တဲ့ အခါကျတော့မှ မာစတန်ဆီကို နောက်ပြန်လှည့်ကြည့်လိုက်တယ်။ ပြီးတော့ မာစတန်ကို သူမဆီလာစေချင်ဟန်နဲ့ လက်ယပ်ခေါ်နေလေရဲ့။

မာစတန်ကတော့ သူ့ရင်ထဲက ခံစားချက် အစစ်အမှန်ကို သူ နားလည်သွားပါပြီ။ ဒါကြောင့် အဝတ်အစား မပေါ်တပေါ်နဲ့ တပ်မက်စရာကောင်းနေတဲ့ ပေါလင်းကို ကျောခိုင်းလိုက်ပြီး သူ အမှန်တကယ်ချစ်တဲ့ ရိစာမွန် (တစ္ဆေ)နောက်ကို ပြေးလိုက်သွားပါတော့တယ်။

※ ※ ※

နောက်တစ်နေ့မနက်မှာပဲ ပေါလင်းဟာ သူမရဲ့ မိဘတွေအိမ်ကို ပြန်သွားပါတော့တယ်။ ဒီအိမ်ကို သူမ စွန့်ခွာသွားတာဟာ ရိစာမွန်တစ္ဆေကြောင့်သာ မဟုတ်ပါဘူး။ မာစတန်ကြောင့်လည်း ပါပါတယ်။

သူမဟာ ရိစာမွန် သေဆုံးသွားခဲ့ပြီလို့ ထင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အတွက် မာစတန်ကို လက်ထပ်ခဲ့တာ ဖြစ်ပါတယ်။ အခုတော့ ရှိစာမွှန် မသေသေးမှန်း သူမ နားလည်သွားပါပြီ။ မာစတန်ရဲ့ နှလုံးသားထဲမှာ ရှိစာမွှန် ရှင်သန်နေသေးသရွေ့ မာစတန်ကို သူမ ဘယ်တော့မှ အပိုင်မရနိုင်မှန်း သဘောပေါက်သွားခဲ့ပါပြီ။

☼ ☼ ☼





တစ်ခါတစ်ရံမှာ အရိပ်အယောင်လို့ ထင်ရတဲ့ အရာတွေ (ဥပမာ–မေတ္တာတရားလို အရာမျိုးတွေ)ဟာ အသွေးအသားနဲ့ တည်ဆောက်ထားတဲ့ ဒြပ်ထုတွေထက် ပိုမိုပြီး ခိုင်ခံ့အားကောင်းနေတတ်ပါတယ်။ မြင့်လည်း မြင့်မြတ်နေတတ်ပါတယ်။

☼ ☼ ☼

**သတိုးဝေဇ**



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



# ဒေဝလက်ရှာ

( ပါဝင်သောဝတ္ထုတိုများ )

၁။ တစ္ဆေဆက်တဲ့ဖုန်း

၂။ သရဲတကွက်စီ

၃။ ထူးဆန်းသောကျောက်လက်ဝါး

၄။ ဦးသူတော်နှင့် ခေါင်းပြတ်စုန်း

အိမ်မက်အသစ်

www.burmeseclassic.com

www.burmeseclassic.com



# တစ္ဆေဆက်တဲ့ဖုန်း

ဒေဝလက်ျာ

အိုင်မက်အသစ်

www.burmeseclassic.com

www.burmeseclassic.com



[ ၁ ]

မန္တလေးသို့ ဝေဝေလွင် ရောက်ရှိသွားသောအခါ သူ့သူငယ်ချင်း ချိုချိုမြင့်တို့ ဇနီးမောင်နှံက ဝမ်းသာအားရ ကြိုဆိုကြသည်။ သူတို့ချင်း မတွေ့ကြတာ (၃)နှစ်ကျော်လောက် ရှိပြီ။ ရန်ကုန်ရှိ နာမည်ကြီး ဟိုတယ်ကြီးတစ်ခုတွင် ချိုချိုမြင့်နှင့် မြင့်ဖုန်းအောင်တို့ မင်္ဂလာဆောင်စဉ်က ဝေဝေလွင် ရောက်သွားခဲ့သည်။ အဲဒီနောက် သူတို့ချင်း အဆက်အသွယ်ပြတ်နေ၏။ ချိုချိုမြင့်က ကျောင်းနောက်ဆုံးထုံးပါ သူ့ခင်ပွန်းလုပ်ငန်းရှိရာ မန္တလေးတွင်ပင် အခြေစိုက်နေထိုင်ခဲ့၏။ ဝေဝေလွင်က ကြီးမားသော နှစ်ထပ်တိုက်ကြီးနှင့် ထန်းဖိုးကြီးမားသည့် မရိဘောဂများကို မြင်ရသောအခါ



www.burmeseclassic.com

www.burmeseclassic.com



မြင့်ဖုန်းအောင်ကား သူထင်မှတ်ထားသည်ထက် ချမ်းသာသူပေတကားဟု မှတ်ချက်ချလိုက်၏။ သူသည် ကိုယ်ပိုင်ကုန်တင်ကားကြီးများထောင်ကာ နယ်စပ်ကုန်သွယ်ရေးကို ကုမ္ပဏီဖွင့် လုပ်ကိုင်နေသူဖြစ်၏။

"နင့်ကိုမတွေ့လေမယ့် နင့်စာအုပ်တွေကိုတော့ မလွတ်တမ်း ဖတ်ပါတယ်နော်။ နင်က တကယ့်ကို နာမည်ကျော် စာရေးဆရာမကြီး ဖြစ်နေတာပဲ"

"ဒီလောက်လည်း မဟုတ်သေးပါဘူးဟယ်။ စောင်ရေ သုံးထောင်လောက် ကုန်တာကို ဒီလောကမှာ အောင်မြင်တယ် မခေါ်သေးဘူး"

ဝေဝေလွင်သည် ပန်းဝတ်မှုန်ဟူသော အမည်ဖြင့် လုံးချင်းဝတ္ထုများ ထုတ်ဝေနေရာ အတော်အသင့်ပင် အောင်မြင်မှုရနေသည်ဟု ဆိုနိုင်၏။ ချိုချိုမြင့်က...

"ကျောင်းတုန်းက နင်က ဝတ္ထုလေးတွေ ကဗျာလေးတွေ ရေးနေတာတွေ့ရင် စာရူးပေရူးလို့ ထင်ထားခဲ့တာ။ နင့်မှာ ဒီလို အရည်အချင်း ရှိမယ်တောင် မထင်ခဲ့ဘူး။





ကဲ...မန္တလေးကို အလည်လာတာ မဟုတ်လား။ ပျော်သလောက်နေ။ ဘာမှပူစရာမရှိဘူး"

သူငယ်ချင်းနှစ်ယောက် ဖက်လဲတကင်း စကားပြောနေသည်ကို ဘေးမှထိုင်ကာ မြင့်ဖုန်းအောင်က သဘောကျစွာ ငေးကြည့်နေ၏။ မြင့်ဖုန်းအောင်ကား လူပျိုလူလွတ်ဘဝကလိုပင် သန့်ပြန့် ချောမောနေဆဲဖြစ်ကြောင်း ဝေဝေလွင်က အကဲခတ်မိ၏။

"ငါလာတာ မန္တလေးမှာနေဖို့လာတာ မဟုတ်ဘူး။ ပြင်ဦးလွင်သွား စာရေးမလို့"

"ဘာဖြစ်လို့လဲ"

"နွေကာဝင်စပဲရှိသေးတယ်၊ ရန်ကုန်က တော်တော်ပူနေပြီ။ နင်တို့မန္တလေးလည်း ဘယ်ထူးမလဲ။ ငါက လုံးချင်းဝတ္ထုလေး တစ်ပုဒ် အဆုံးသတ်ရေးဖို့ ရှိနေတယ်။ အဲဒါ ပြင်ဦးလွင်မှာ အေးအေးလူလူ သွားရေးမလို့"

"ပြင်ဦးလွင်မှာ အသိရှိလို့လား"

ချိုချိုမြင့်အမေးကြောင့် ဝေဝေလွင်က ရယ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



မိသည်။

"တည်းခိုခန်းတွေ ဒီလောက်များတာ အသိရှိဖို့ လိုသေးလား"

ထိုအခိုက် မြင့်ဖုန်းအောင်က ကြားဝင်ကာ ပြောလာသည်။

"ပြင်ဦးလွင်မှာ စာရေးမယ်ဆို တည်းခိုခန်း တည်းစရာမလိုပါဘူး။ တည်းခိုခန်းဆိုတာက မိန်းကလေး တစ်ယောက်တည်းတည်းဖို့ သိပ်မသင့်တော်ဘူး။ အဲဒီမှာ ဆောက်ထားတဲ့ ကျွန်တော်တို့ပိုင် တစ်ထပ်တိုက်တစ်လုံး ရှိတယ်။ အဲဒီမှာ သွားနေပါလား"

ဒီတော့ ချိုချိုမြင့်က...

"ဟုတ်တယ်၊ ချိုလည်း အဲဒါစဉ်းစားနေတာ။ ဒါပေမဲ့ ဝေတစ်ယောက်တည်း နေရဲပါ့မလားလို့"

ဟု ဆိုလိုက်၏။ ဝေဝေလွင်က ပျာပျာသလဲ...

"ဘာလဲ တိုက်က သရဲခြောက်လို့လား။ အဲဒါတော့ မဖြစ်ဘူး၊ ငါက တစ္ဆေ





သရဲဆို သိပ်ကြောက်တတ်တာ"

မြင့်ဖုန်းအောင်က ရယ်လိုက်ကာ...

"မဟုတ်တာ၊ တိုက်က အသစ်ကြီး။ ဆောက်ပြီးတာတောင် မကြာသေးဘူး။ နွေရာသီ ပူရင် သွားအနားယူဖို့ ဆောက်ထားတာ။ မြို့လယ်နဲ့တော့ နည်းနည်းလှမ်းတယ်။ ကန်တော်ကြီးနားမှာ"

ကန်တော်ကြီးဆိုတာ ရက္ခဗေဒဥယျာဉ်ကို ဆိုလိုခြင်းဖြစ်ကြောင်း ဝေဝေလွင်က သဘောပေါက်၏။ ဒါဆို ပိုတောင်ကောင်းသေး။ စာရေးရတာ အေးအေးဆေးဆေး လွတ်လွတ်လပ်လပ်ရှိသည်။ ညောင်းရင်လည်း ဥယျာဉ်ထဲဝင်ကာ လမ်းလျှောက် အနားယူနိုင်သေးသည်။ သူတို့ သဘောတူညီမှုရသွားသည်။ ဝေဝေလွင်က အဲဒီတိုက်မှာနေမည်ဆိုတော့ ကိုမြင့်ဖုန်းအောင်က ထိုနေရာသို့ ကိုယ်တိုင် လိုက်ပို့ချင်ပါသော်လည်း အလုပ်ကလေး ရှိနေသောကြောင့် ခွင့်လွတ်ဖို့တောင်းပန်ကာ သူတို့အိမ်မှ ကားတစ်စီးဖြင့် ဒရိုင်ဘာတစ်ယောက်ကို လိုက်ပို့စေသည်။

"ဝေနဲ့ အတူလာနေချင်တယ်။ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာကလည်း ချိုချို မရှိရင် မဖြစ်ဘူး။ အိမ်မှုကိစ္စတွေ လစ်ပယ်င်းကုန်မယ်။ ဘာကိစ္စ ရှိရှိ ဖုန်းဆက်။ အဲဒီအိမ်မှာ ဖုန်းတပ်ထား ပြီးသား။ ချိုချို့ဖုန်းနံပါတ်ကို သိတယ်နော်”

ဝေဝေလွင်က ခေါင်းညိတ်ပြလိုက်သည်။ ဒီလို ဧည့်ဂတ်ကျေမှုကွေကြောင့် သူ့ရင်ထဲမှာ ရှိနေသည့် ချိုချိုမြင့်နှင့် ပတ်သက်သော အကြိတ်အခဲကလေးကို ဖြေဖျောက်ပစ်လိုက်သည်။

ပြင်ဦးလွင်ရှိ တည်းခိုနေထိုင်ရမည့် တစ်ထပ်တိုက် ကလေးကို တွေ့ရသောအခါ ကျေနပ်သဘောကျ၍သွား သည်။ ခေတ်မီပုံစံဖြင့် ဆောက်လုပ်ထားသော တစ်ထပ် တိုက်လှလှလေး။ ပြီးတော့ သစ်လွင်တောက်ပနေ၏။ တိုက်တွင် သုတ်ထားသည့် ဆေးနံ့ပင် မပျယ်သေး။ ဧည့်ခန်းပြတင်းပေါက်မှ လှမ်းမျှော်ကြည့်လိုက်လျှင် စိမ်းလန်းစိုပြည်လှပသော ရက္ခဗေဒဥယျာဉ်ကြီးတစ်ခုလုံး ကို မြင်တွေ့နေနိုင်လောက်သည့် နှစ်သက်သဘောကျ စရာ။ အိပ်ခန်းက နှစ်ခန်းပါသည်။ နှစ်ယောက်အိပ်ခန်း တစ်ခန်း။ တစ်ယောက်အိပ်ခန်း တစ်ခန်း။ အိပ်ရာတွေ ကို အနီးရှိ ဗီရိုထဲမှ ထုတ်ကာ ခင်းလိုက်၏။ ခြင်လုံ





သံဇကာတပ်ဆင်ထားသဖြင့် ခြင်ထောင် ထောင်စရာ မလို။

နေမဝင်မီ ရေချိုးခန်းထဲဝင်ကာ ရေချိုးလိုက်၏။ ရေက ချိုးကောင်းရုံသာ အေးမြနေသည်။ လူလည်း လန်းဆန်းသွား၏။ ပြင်ဦးလွင်မြေဆိုတာက ရန်ကုန် ဆောင်းလောက်သာ အပူချိန်ရှိသည်။ ချွေးမထွက်။ လေပူမတိုက်။ ဒီတော့ အေးအေးလူလူ စာရေးနိုင်မည်။ အနှောင့်အယှက်ပေးမည့် ဧည့်သည်လည်း လာစရာမရှိ။ မြို့လယ်နှင့် အနည်းငယ်လှမ်းတာတော့ ပြောစရာရှိ၏။ ခပ်သွက်သွက်ပင် မြို့လယ်ထွက်ကာ စားသောက်စရာ တွေ ဝယ်လာ၏။ အသွားတွင် လမ်းကြုံရထားလုံးဖြင့် လိုက်သွား၏။ အပြန် အငှားကားနှင့် ပြန်လာ၏။

နေ့တိုင်း ဈေးမထွက်ရအောင် စားစရာတွေ ပိုဝယ် လာ၏။ အထူးသဖြင့် ဝက်အူချောင်း၊ ကြက်ဥ၊ နို့နှင့် ငည်သွတ်ဘူးအသားများ။ အဲဒါတွေကို ရေခဲသေတ္တာတဲ ထည့်ထားလိုက်၏။ ဒီအိမ်မှာက လိုအပ်သမျှပစ္စည်း အပြည့်အစုံရှိသည်။ ရေခဲသေတ္တာ၊ ဓာတ်ငွေ့မီးဖို၊ ဗွီဒီယို အပေါ်စက် အောက်စက်၊ တယ်လီဖုန်း။ ဒီနေ့တော့ စာရေးဖို့ စိတ်မကူးတော့။ ခရီးပန်းလာသဖြင့် စောစော



www.burmeseclassic.com

www.burmeseclassic.com



အိပ်ကာ အနားယူတော့မည်ဟု စိတ်ကူးလိုက်၏။

ညဦးတွင်တော့ တယ်လီဗေးရှင်းရှေ့တွင် ထိုင်ကာ ကိုရီးယားဇာတ်လမ်းတွဲတစ်ခု ကြည့်နေလိုက်သေး၏။ ပြီးတော့ အိပ်ရာဝင်ခဲ့၏။ အိပ်ရာထဲတွင် တော်တော်နှင့် အိပ်မပျော်။ ကျောင်းတုန်းက မြင့်ဖုန်းအောင်နှင့် ဆုံခဲ့ရပုံကို ပြန်လည်အမှတ်ရလာ၏။ တက္ကသိုလ်တွင် ချိုချိုမြင့်နှင့် ဝေဝေလွင်သည် ဘာသာတွဲတူ အတန်းတူ သူငယ်ချင်းများဖြစ်၏။ သူတို့ အပေါင်းအသင်း သူငယ်ချင်းတစ်သိုက်ထဲတွင် အညာမှ အဆောင်နေကာ ကျောင်းလာတက်နေသည့် ခင်ထားဦး ဆိုသူလည်း တစ်ယောက်အပါအဝင် ဖြစ်၏။ တစ်ရက်တွင် ခင်ထားဦးရှိရာ ကျောင်းသို့ သူ့အစ်ကို တစ်ဝမ်းကွဲ မြင့်ဖုန်းအောင်ဆိုသူ အလည်ရောက်လာ၏။ စီးပွားရေးဘွဲ့ရတစ်ဦးဖြစ်ကာ ကိုယ်ပိုင်ကုမ္ပဏီထောင်၍ စီးပွားရေး လုပ်ကိုင်နေသူဖြစ်၏။ ရုပ်ရည်ချောမောရည်မွန်ကာ ချမ်းသာသူ ဖြစ်သဖြင့် မိန်းကလေးတိုင်း မျက်စိကျစရာဟု ဆိုနိုင်၏။

နောက်ပိုင်းတွင် မြင့်ဖုန်းအောင်သည် ခင်ထားဦးကို အကြောင်းပြကာ ကျောင်းသို့ မကြာခဏ ရောက်လာပြီး





သူတို့အုပ်စုနှင့် ရောတတ်၏။ ရွှေစွန်ညို ဘာကြောင့် ဝဲရသည်ကို အားလုံးက သဘောပေါက်မိလာ၏။ ခင်ထားဦး ကိုယ်တိုင်ကလည်း ဖွင့်ဟပြော၏။ သူ့အစ်ကိုသည် ဝေဝေလွင်ကို စိတ်ပင်စားနေပါသည်ဟု။

အမှန်တော့ မြင့်ဖုန်းအောင်လို ယောကျ်ားမျိုးမှာ ငြင်းလောက်စရာလူမဟုတ်။ သို့သော် အစပိုင်းတွင် ဝေဝေလွင်က တွေဝေနေခဲ့သည်။ သူ့မှာက အောင်မြင်သော စာရေးဆရာမဘဝ ရောက်အောင် သွားဖို့ ပန်းတိုင်က ရှိသေးသည်။ ပြီးတော့ မပြည့်စုံသော သူ့မိဘတွေကိုလည်း ကိုယ်တတ်စွမ်းသလောက် ကျေးဇူးဆပ်ချင်သေးသည်။ ပြီးတော့ မိန်းမတို့ဣန္ဒြေ ဆိုတာလည်း ရှိသေး၏။ သို့သော်...

သူ တွေဝေနေမှုကို ချိုချိုမြင့်က အခွင့်ကောင်း ယူသွားသည်။ မြင့်ဖုန်းအောင်ကို အခွင့်အရေးအမျိုးမျိုးပေးကာ မဆွတ်ခင်က ညွတ်ချင်ကြောင်း ပြလိုက်သည်။ နောက်ဆုံးတော့ ချိုချိုမြင့်၏ မာယာမှာ မြင့်ဖုန်းအောင် သာယာ၍သွားလေသည်။ သူကတော့ လွတ်သည့်ငါးကို ကြီးမနေချင်တော့။ ဖူးစာဆိုတာ ကံပါပဲဟု တွေးလိုက်၏။ ရင်ထဲတွင် အထုံးကလေး ဖြစ်သွားသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း အချင်းချင်း အခင်အမင်မပျက်ခဲ့။ အခုလို သူတို့အိမ်ထောင်ရေး အဆင်ပြေချောမွေ့နေတာကိုပင် မုဒိတာပွားနေနိုင်ပါသည်။

ရုတ်တရက် တယ်လီဖုန်းဘဲလ်သံ မြည်လာသဖြင့် အိပ်ရာထဲက ထလိုက်၏။ တယ်လီဖုန်းက ဧည့်ခန်းကစားပွဲပေါ်မှာ ရှိနေသည်။ တယ်လီဖုန်းနား ရောက်တော့ ဘာသံမှမကြားရ။ ဘဲလ်မြည်သံကို သူ နားဖြင့်ဆတ်ဆတ် ကြားလိုက်တာတော့ အမှန်။ အိပ်မပျော်သေးသဖြင့် ထင်ယောင်ထင်မှားဖြစ်မှု မဖြစ်နိုင်။ ဤအိမ်တွင် ဤတယ်လီဖုန်းအပြင် တခြားတယ်လီဖုန်း ရှိသေးသလား။ ရှာကြည့်သည် မဖြစ်နိုင်။ နောက်တော့ သူ စဉ်းစားမိပြန်သည်။ သူ ကြားလိုက်ရသည့်အသံက အိမ်ဖုန်းမြည်သံမျိုးမဟုတ်၊ လက်ကိုင်ဖုန်းမြည်သံမျိုး။

လက်ကိုင်ဖုန်းဆိုတာက သေးသေးလေး။ တစ်နေရာမှာ ရှိနိုင်သည်။ ချိုချိုမြင့်တို့လင်မယား ဤအိမ်သို့လာရင်း မေ့ကျန်ခဲ့တာလည်း ဖြစ်နိုင်သည်။ သို့သော် စားပွဲအံဆွဲတွေ၊ ဗီရိုတွေ ဖွင့်ရှာသော်လည်း ဘာမှမတွေ့။ နောက်ဆုံး လက်လျှော့ကာ အိပ်ရာဝင်ခဲ့သည်။ ခရီးပန်းလာသဖြင့် အလွယ်တကူ အိပ်ပျော်စရာရှိသော်လည်း





ကောင်းကောင်းအိပ်မပျော်။ နားထဲတွင် ခြိုးခြိုးချွတ်ချွတ် အသံတွေ ကြားနေရ၏။ ပထမတော့ ကြွက်တွေဟု ထင်လိုက်သေး၏။ သို့သော် လူမနေသောအိမ်တွင် လူ၏အစားအစာကို မှီခိုစားသောက်ရသည့် ကြွက်တွေလည်း နေလေ့မရှိ။

ဝေဝေလွင်က မီးဖွင့်မအိပ်တတ်။ မှောင်ကျနေသော သူ့အခန်းထဲတွင် တစ်ယောက်ယောက်နေသလို ခံစားနေရ၏။ အိပ်ရာခေါင်းရင်းတွင် ပြတင်းပေါက်ရှိကာ မှန်ပြတင်းတံခါးမှတစ်ဆင့် လရောင်က အိပ်ခန်းအတွင်း ထိုးကျနေ၏။ သူ့မျက်လုံးတွေ ကောင်းကောင်း ဖွင့်မရ။ အိပ်ချင်မူးတူးစိတ်ဖြင့် မျက်ခွံတွေက လေးလံ နေသည်။ အားယူကာ မျက်လုံးကို ဖွင့်ကြည့်လိုက်တော့ မှန်ပြတင်းပေါက် လရောင်အောက်တွင် ရပ်နေသော ဝိန်းမတစ်ယောက်ကို တွေ့လိုက်ရ၏။ ကျောဘက်က မြင်ရသဖြင့် မျက်နှာကို မတွေ့ရ။ ကျောလယ်ရောက် အောင်ရှည်သော ဆံပင်တွေကို တွန့်ကောက်၍ထား၏။ ထဘီကအရောင်ရင့်ရင့် ခပ်မှိုင်းမှိုင်း။ အပြာလား အနက်လား ခွဲခြားမရသော်လည်း အပေါ်တွင် ဝတ်ဆင်ထား



www.burmeseclassic.com

www.burmeseclassic.com



သည့် အနီရောင် ယုန်မွေးဆွယ်တာလေးကိုတော့ ထင်ထင်ရှားရှား တွေ့နေရသည်။ သူ ခေါင်းကို ခါယမ်းကာ အိပ်ချင်စိတ်ကို နှင်ထုတ်လိုက်၏။ သူ့အခန်းထဲကို ဘယ်ကမိန်းမက ရောက်နေရသနည်း။ ခုတင်ပေါ်မှ ဆင်းရပ်ကာ ခုတင်ခေါင်းရင်းက ခလုတ်ကို ဖွင့်လိုက်၏။ တစ်ခန်းလုံး လင်းထိန်သွား၏။ ပြတင်းပေါက် အနားတွင် ဘယ်သူမှမရှိ။

■





[ ၂ ]

တယ်လီဖုန်းဘဲလ်မြည်သံကြောင့် ဝေဝေလွင် လန့်နိုးလာသည်။ အပြင်တွင် မိုးစင်စင်လင်းနေလေပြီ။ မှန်ပြတင်းပေါက်မှ နေရောင်စူးစူးက အခန်းတွင်း ထိုးကျနေ၏။ လာပြန်ပြီ ဘဲလ်မြည်သံ။

သူ အိပ်ခန်းထဲမှ အပြင်ထွက်လိုက်သည်။ ဒီတစ်ခါတော့ စားပွဲပေါ်တွင် တင်ထားသည့် တယ်လီဖုန်းက မြည်နေခြင်းဖြစ်သည်။ နားထောင်လိုက်တော့ တစ်ဖက်မှ ပြောသူမှာ ချိုချိုမြင့် ဖြစ်နေသည်။

"အစစ အရာရာ အဆင်ပြေရဲ့လား။

နှင့်အခြေအနေ သိချင်လို့ ဖုန်းဆက်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



တာ"

ညက ပြတင်းပေါက်ဝ လရောင်ထဲတွင် ရပ်နေသော ဆွယ်တာနီနီနှင့် မိန်းမကို ရုတ်တရက် အမှတ်ရလာ၏။ သို့သော် ဖုန်းထဲမှာ ပြောမနေတော့။ ချိုချိုမြင့်တို့လင်မယားက ဘာမှမသိဘဲ စိတ်အနှောင့်အယှက် ဖြစ်နေမည်။ ထို့ကြောင့်...

"အားလုံး အဆင်ပြေပါတယ် ချိုချို"

ဟုသာ အလွယ်တကူ ပြောလိုက်မိ၏။ ညက အဖြစ်က ဘာမှ ရေရာတာလည်းမဟုတ်။ အိပ်ချင်မူးတူး သူမြင်ချင်ရာ မြင်ခြင်းလည်း ဖြစ်နိုင်ပေသည်။

"ငါ...လာခဲ့ဦးမယ်၊ ဘယ်နေ့ရောက်မလဲတော့ မပြောနိုင်ဘူး။ နင် မပြန်ခင် တစ်ရက်ရက်ပေါ့"

ဟုပြောကာ တစ်ဖက်မှ ဖုန်းချသွားသည်။

အားရပါးရ အိပ်လိုက်ရသဖြင့် အတော်ပင်လန်းဆန်းနေ၏။ ထိုနေ့ တစ်နေ့လုံး သူ ပေါ့ပေါ့ပါးပါး ဖြစ်နေသည်။ ခြံထဲဆင်းကြည့်ကာ နေရာလေးကို သဘောကျနေ၏။ ဤအတိုင်းဆို ဒီနေရာလေးတွင် အတော်ကြာအောင် နေမိမည်ထင်သည်။ အိမ်ရှင်တွေ





ကလည်း အားနာရမည့်သူတွေမဟုတ်။ ဝတ္ထုရေးပြီးမှသာ အေးအေးလူလူ ပြန်တော့မည်။

နေ့ခင်းတွင် သူယူလာသော အဝတ်အစားတွေကို အိတ်တွေထဲမှ အခန်းထဲရှိ ဗီရိုထဲသို့ ပြောင်းအထည့်၊ ဗီရိုအောက်ထပ်ထဲတွင် ၄" x ၆" အရွယ် ရောင်စုံ ဓာတ်ပုံတစ်ပုံကို သွားတွေ့၏။ ဓာတ်ပုံထဲတွင် မြင့်ဖုန်းအောင်ကို အခြားမိန်းမတစ်ယောက်နှင့် တွဲရိုက်ထားတာ တွေ့ရ၏။ မိန်းကလေးက အသက် ၂၀ လောက်သာ ရှိသေးကာ ဂျင်းဘောင်းဘီနှင့် ကော်လံပါသော ရှပ်အင်္ကျီကို ဝတ်ဆင်ထား၏။ ဆံပင်ကောက်ကောက်နှင့် ပုလောင်သောအလှပိုင်ရှင် ဖြစ်သည်။ မြင့်ဖုန်းအောင်ကလည်း ထိုအမျိုးသမီးငယ်၏ ပခုံးကို ဖက်ကာ ရွှင်ပြုံးရယ်မောနေသည်။ ဘယ်သူလဲ၊ မြင့်ဖုန်းအောင်နှင့် ဤအမျိုးသမီးကိစ္စကိုရော ချိုချိုမြင့် သိပါရဲ့လား။ သူ တွေးကြည့်ရတာတော့ သိပုံမပေါ်။

ဝေဝေလွင်က သက်ပြင်းချလိုက်သည်။ ယောကျ်ားတွေဟာ ဘယ်သူမှ မယုံရပါလား။ တစ်ချို့ကွယ်ရင် တစ်မယ်မှတ်ကြသည်။ အိုင်တွေ့တိုင်း ခြေဆေးချင်ကြသည်။ ထိုကိစ္စတွေကို ခေါင်းထဲက ထုတ်ထား



www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။ ဒီကိစ္စတွေက သူနှင့် ဘာမှမဆိုင်။ သူတို့လင်မယား သူတို့ဘာသာ ဖြေရှင်းကြပေလိမ့်မည်။ သူ ဒီကိုရောက်လာတာက ရည်ရွယ်ချက်တစ်ခုပဲရှိ၏။ စိတ်အေးလက်အေး စာရေးဖို့။

နေ့ခင်းတွင် သူ တကယ်ပဲ စိတ်အေးလက်အေး စာရေးနိုင်ခဲ့သည်။ အေးဆေးဆိတ်ငြိမ်သော ပတ်ဝန်းကျင်ကြောင့် ရေးရတာ ချာန်ဝင်နေမိ၏။ ညနေစောင်းကျတော့ ခြံထဲကို ပါကဲ့ရိုးအနက်ရောင်ကားတစ်စင်း ချိုးကွေ့ဝင်လာတာ တွေ့ရ၏။ ကားပေါ်ကဆင်းလာသူက မြင့်ဖုန်းအောင်။ သူ့ကားထဲတွင် အထုပ်ကြီးအထုပ်ငယ်တွေ ဆွဲလာသည်။

"ဒါလေးတွေ လိုနေမယ်ထင်လို့ လာပို့တာ"

စားစရာ သောက်စရာတွေ ဖြစ်သည်။ ကော်ဖီ နို့မှုန့်ထုပ်၊ ကိတ်မုန့်၊ ခေါက်ဆွဲခြောက် စသည်စုံ လင်လင်ဖြစ်သည်။

"တကူးတကရှင်… အတော်များများ လည်း ကျွန်မ ဝယ်ထားပြီးပြီ"

"ပိုစုံသွားအောင်ပေါ့။ ဒီနေရာက မြို့





လယ်နဲ့ ဝေးတယ်မဟုတ်လား"

ချိုချိုမြင့်သာ ကြားဝင်မရှုပ်လျှင် မြင့်ဖုန်းအောင်နှင့် သူ အိမ်ထောင်ကျဖို့ သေချာသည်။ သူ့ကွယ်ရာတွင်ရော မြင့်ဖုန်းအောင်က အခုလို ရှုပ်ထွေးဦးမည်လော။ ရှုပ်ထွေးရင်ရော သူ ဘယ်လိုခံစားနေရမည်နည်း။

"ဗီရိုထဲက ဓာတ်ပုံ တစ်ပုံ ကျွန်မ ကောက်ရထားတယ်။ ရှင်နဲ့ ဆိုင်နေတော့ ယူသွားတာ ကောင်းမယ်။ ဒီပုံကို ချိုချိုမြင့် တွေ့သွားရင် ပြဿနာဖြစ်နိုင်တယ်"

ဟု ပြောရင်း ဝေဝေလွင်က ဓာတ်ပုံလေး ထုတ်ပေးလိုက်သည်။ ဓာတ်ပုံကို လှမ်းယူကြည့်ကာ မြင့်ဖုန်းအောင်က အကျိုအိတ်ထဲ ထည့်လိုက်သည်။ သူ့ပုံစံက ထိတ်ထိတ်ပျာပျာမရှိ။ သာမန်ဖြစ်ရိုးဖြစ်စဉ်တစ်ခုကဲ့သို့ အေးအေးလူလူ အမူအရာဖြင့်…

"ဒီကိစ္စကို ချိုချိုလည်း သိပြီးသား"

ပါဟု ဆိုလိုက်လေသည်။ ဝေဝေလွင် အံ့အားသင့်သွား၏။ ဒီလိုကိစ္စမျိုးကို ချိုချိုမြင့်က မပေါက်ကွဲဘဲ နေနိုင်သလား။ အသက်အရွယ်အရပင် ရင့်ကျက်သွားတာလား။



www.burmeseclassic.com

www.burmeseclassic.com



"သူ့နာမည်က သိင်္ဂီမော်တဲ့။ မူဆယ်ဘက်က မိန်းကလေးတစ်ယောက်ပါ။ မနှစ်က ကျွန်တော် အလုပ်ကိစ္စနဲ့ မူဆယ်ဘက်သွားရင်း ဖြစ်စွန်းလာခဲ့တာပါ"

သူက ရှင်းပြနေ၏။ ဝေဝေလွင်က သူသိဖို့ မလိုအပ်လှသော်လည်း သာမန်သိချင်စိတ်ကြောင့် အလိုက်သင့် နားထောင်နေမိသည်။ ကာယကံရှင်ကတောင် အေးအေးလူလူ ရှင်းပြနေသေးတာ သူက ဘာကြောင့် နားမထောင်ဘဲ နေရမှာလဲ။

"ကျွန်တော်က ဟိုမှာတင် ဒီကိစ္စပြီးသွားလိမ့်မယ် ထင်ခဲ့တာ။ လွန်ခဲ့တဲ့ သုံးလလောက်ကတော့ သူ မန္တလေးထိ ရောက်လာတယ်။ ကျွန်တော့်ကို တွယ်ကပ်ချင်တဲ့ သဘောပေါ့။ ချိုချိုလည်း ရိပ်မိသွားတယ်။ ဒါပေမဲ့ ဘာမှ ဆူဆူပူပူမလုပ်ပါဘူး။ ကျွန်တော့်ကိုပဲ ရှင်းရှင်းလင်းလင်းဖြစ်အောင် လုပ်ဖို့ပြောတယ်။ ကျွန်တော်လည်း ကောင်မလေး ကျေနပ်လောက်အောင် ငွေပေးလိုက်ရတယ်။ ပြီးတော့လည်း ဒီကိစ္စ ပြီးသွားတာ





ပါပဲ။ ကျွန်တော်တို့နှစ်ယောက်အကြားမှာ ပြဿနာမရှိပါဘူး"

လောကကြီးတွင် ဒီလိုနှင့် ပြီးစီးသွားနိုင်သည့် ကိစ္စတွေ ရှိသည်ဆိုတာ ရိုးသားသော ဝေဝေလွင်အဖို့ အံ့အားသင့်စရာဖြစ်သည်။ မြင့်ဖုန်းအောင် နှုတ်ဆက်ကာ ပြန်သွားတော့ သူ စာဆက်မရေးနိုင်ဘဲရှိ၏။ မဆီမဆိုင် သူ့ရင်ထဲတွင် အနှောင့်အယှက်ဖြစ်နေသည်။ သိင်္ဂီမော်ဆိုတာ ဘယ်လိုမိန်းကလေးပါလေ့။ သူ ကြားဖူးသောငွေကလွဲ၍ ဘာကိုမှ အလေးအနက်မထားသော ပေါ့ပေါ့တန်တန် မိန်းကလေးပေလား။

ညရောက်တော့ ခပ်စောစောပင် အိပ်ရာဝင်လိုက်သည်။ ညဥ့်လယ် သူနိုး၍လာသောအခါ ခြိုးခြိုးချွတ်ချွတ်အသံတွေ ကြားပြန်၏။ မှောင်နေသောအခန်းထဲ၌ လူတစ်ယောက်ယောက် ရောက်နေသလိုလို။ အိပ်ရာထဲမှ လူးလဲထကာ ပြတင်းပေါက်ဆီ သတိတရ လှမ်းကြည့်လိုက်၏။ သူ အံ့သြထိတ်လန့်သွား၏။ မနေ့ကလိုပင် ဆွယ်တာနီနီနှင့် မိန်းကလေးသည် သူ့ကို ကျောပေးကာ ရပ်နေ၏။ ရင်ထဲတွင် တဒိန်းဒိန်းခုန်လာသည်။ ကြောက်ရွံ့နေမိသော်လည်း မျက်နှာကို



www.burmeseclassic.com

www.burmeseclassic.com



မြင်ချင်သေး၏။

သူ့စိတ်ကူးကို သိသည့်အလား ပြတင်းပေါက်က မိန်းကလေးက သူ့ဘက် လှည့်ကြည့်လိုက်သည်။ ပြတင်းဝမှ လရောင်ကြောင့် မျက်နှာကို တင်ထင်ရှားရှား တွေ့လိုက်ရသည်။ ဓာတ်ပုံထဲတွင် နေ့ခင်းက တွေ့လိုက်ရသော သီဂီမော်၏မျက်နှာပင် ဖြစ်နေလေတော့သည်။ သူက ကြောက်ရွံ့ထိတ်လန့်စွာ ကြည့်နေစဉ်မှာပင် ထိုမိန်းကလေးက အနီးရှိ နံရံထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားလေသည်။

ဒီလို အုတ်နံရံမျိုးကို တစ္ဆေ သရဲကလွဲ၍ ဘယ်သူမှ ဖြတ်သန်းဝင်ရောက်၍ မသွားနိုင်။ ဝေဝေလွှင်က နံရံက မီးခလုတ်ကို ဖွင့်လိုက်သည်။ အခန်းထဲကို အလင်းရောင်ဖြာကျလာ၏။ အမှောင်ထုကွယ်ပျောက်သွားတော့ သူ့ကြောက်ရွံ့စိတ်တွေက အတန်ငယ် လျော့ပါး၍သွားသည်။ ဝေဝေလွှင်က ဆွယ်တာနီနီဖြင့် မိန်းကလေး ဝင်ရောက်ပျောက်ကွယ်သွားရာ နံရံဆီသို့ ဖြည်းဖြည်းချင်း လျှောက်သွားကာ ကြည့်လိုက်သည်။ ဤနေရာတွင် လျှို့ဝှက်တံခါး ရှိနေလေသလားဟု။ ဘာတံခါးမှ မရှိ။ သို့သော် ထိုအုတ်နံရံတွင် ဆေးသုတ်ထားပါလျက်





တစ်ခုခုစွန်းကွက်နေတာ သတိထားမိသည်။ အိမ်ထဲမှ ဆေးသုတ်ထားသည့် အုတ်နံရံအသစ်တွင် ဘာတွေစွန်းကွက်နေသနည်း။ စဉ်းစားမရ။

သူ…ညတွင်းချင်း ဆုံးဖြတ်ချက်ချလိုက်၏။ မနက်ကျလျှင် ဤနေရာမှ အမြန်ဆုံး ပြောင်းရွှေ့မှ ဖြစ်တော့မည်။ ဤအိမ်တွင် နေရသည်ကို သူ စိတ်မသန့်။ သူတွေ့ခဲ့တာက တကယ့်ကို တစ္ဆေသရဲပါပဲ။ သူ့တစ်သက်မှာ တစ်ခါမှ တစ္ဆေသရဲနှင့် မကြုံဖူးခဲ့။ အခုမှ နမူးတွေ့ ဒူးတွေ့ တွေ့ခြင်းဖြစ်သည်။ တကယ်တော့ ဝေဝေလွှင်က ကြောက်တတ်၏။ လူဆိုးသူခိုးထက် ဘာမှန်းမသိရသည့် တစ္ဆေ သရဲဆိုတာကို ပိုကြောက်၏။ ဒါကြောင့် ခေါင်းအုံးနှင့် ခြင်ထောင်ကိုယူကာ အိပ်ခန်းထဲက ထွက်လာခဲ့သည်။ ဧည့်ခန်းထဲတွင် ရှိသမျှမီးတွေကို ထိန်လင်းနေအောင် ထွန်းထား၏။ ပြီးတော့ ဧည့်ခန်းထဲရှိ နှစ်ယောက်ထိုင် ဆိုဖာဆက်တီပေါ်တွင် အိပ်ရန် ပြင်ဆင်လိုက်သည်။ ပထမတော့ ဤကိစ္စအား မန္တလေးရှိ ချိုချိုမြင့်ထံ ဖုန်းဆက်အကြောင်းကြားဖို့ စိတ်ကူးလိုက်သေး၏။ သို့သော် နာရီကြည့်လိုက်တော့ ညတစ်ချက်တီးကျော်နေလေပြီ။ ဒီလိုအချိန်ဆို ချိုချိုမြင့်



www.burmeseclassic.com

www.burmeseclassic.com



အိပ်မောကျနေလောက်၏။ ဒုက္ခမပေးသင့်တော့။ မနက်မှသာ ဖုန်းဆက်တော့မည်ဟု ဆုံးဖြတ်လိုက်၏။

ညော့ခန်းထဲတွင် လှဲနေသော်လည်း ကောင်းကောင်း အိပ်မပျော်။ သရဲပဲ ဟိုနေရာက ပေါ်လာတော့မလိုလို၊ ဒီနေရာက ပေါ်လာတော့မလို။ စိုးတထိတ်ထိတ်နှင့်။ မျက်လုံးပင် မပိတ်ရဲအောင်ရှိ၏။ တိတ်ဆိတ်ငြိမ်သက်ခြင်းနှင့် တစ်ကိုယ်တည်းဖြစ်ခြင်းက သူ့အကြောက်တရားကို ပွားများအောင် လှုံ့ဆော်ပေးနေလေသည်။ သို့သော် နောက်ဆုံးတွင်တော့ ဝေဝေလွင်သည် မှေးခနဲဖြစ်ကာ သတိလက်လွတ် အိပ်ပျော်၍သွားလေသည်။

ရုတ်တရက် တယ်လီဖုန်းဘဲလ်မြည်သံကြောင့် လန့်နိုးသောအခါ မိုးစင်စင်လင်း၍နေလေပြီ။ စားပွဲပေါ်က တယ်လီဖုန်းကို ကြည့်လိုက်၏။ မြည်သံက ထိုနေရာမှ ထွက်ပေါ်လာခြင်းမဟုတ်။ ပြီးတော့ ရိုးရိုးအိမ်ဖုန်းမြည်သံမဟုတ်။ ဆဲလ်ဖုန်းခေါ် လက်ကိုင်ဖုန်းမြည်သံသာ ဖြစ်၏။ ပြီးတော့ ဤအိမ်သို့ သူ ပထမဆုံးစတင်ရောက်ရှိစဉ်ညက ကြားခဲ့ရသော ဖုန်းသံပင်ဖြစ်နေလေသည်။ ဖုန်းသံ ဘယ်က ထွက်ပေါ်လာသနည်း။





အစပထမတွင် ကြောက်ရွံ့သွားသော်လည်း စူးစမ်းလိုစိတ်က ကြောက်ရွံ့စိတ်ကို ဖုံးလွှမ်း၍သွားလေသည်။ အသံလာရာကို သောတအာရုံဖြင့် ရှာဖွေကြည့်မိ၏။ အသံက သူထွက်လာခဲ့သော အခန်းထဲမှ ပေါ်ထွက်နေခြင်းဖြစ်သည်။ အိပ်ခန်းတံခါးကိုဖွင့်ကာ အထဲသို့ဝင်လာခဲ့၏။ သူ ညက ထွက်လာခဲ့သည့်အတိုင်းပင် အခန်းက ထူးခြားမှုမရှိ။ တယ်လီဖုန်းဘဲလ်သံက ထွက်ပေါ်လာပြန်၏။ စားပွဲဆီလျှောက်သွားကာ ရှာဖွေကြည့်မိသည်။ ဘာမှမရှိ။

ထပ်မံထွက်ပေါ်လာပြန်သည်။ သူ့နောက်ကျောမှဟု သိလိုက်၏။ တဖြည်းဖြည်း လျှောက်လာရင်း စူးစမ်းလိုက်သောအခါ အသံထွက်ပေါ်နေသော နေရာမှာ အုတ်နံရံမှ ဖြစ်နေလေသည်။ မနေ့ညက သရဲမ ဝင်ရောက်ပျောက်ကွယ်သွားသောနေရာ ဖြစ်သည်။ ထိုနေရာတွင် ပေနေသော မထင်မရှား အစွန်းကွက်တစ်ခုသည်း ရှိနေ၏။ နံရံနားရောက်သောအခါ ဘဲလ်သံက ပို၍ကျယ်လောင်လာသည်။ ဝေဝေလွင်က နံရံတွင် နားကပ်ကာ ထောင်လိုက်၏။ ရုတ်တရက် ထိတ်လန့်သွားသည်။ အသံက နံရံအတွင်းထဲမှ မြည်နေသော



www.burmeseclassic.com

www.burmeseclassic.com



ထင်ထင်ရှားရှား ကြားလိုက်ရသောကြောင့် ဖြစ်သည်။

နံရံကို လက်သီးဖြင့် ထုကြည့်သောအခါ လိုဏ်သံ ကြားရသဖြင့် အထဲတွင် အခေါင်းဖြစ်နေကြောင်း သိသာသည်။ နောက်ဖေးမီးဖိုထဲ ဝင်ရှာသောအခါ တိုက်ဆောက်တုန်းက အသုံးပြုခဲ့ဟန်တူသည့် သံတူကြီး တစ်ခုကို တွေ့ရသေးသည်။ သိချင်စိတ်ကို မျိုသိပ်မထားနိုင်တော့။ သံတူကြီးဖြင့် အုတ်နံရံကို ထုကာ စတင်ဖြိုခွဲသည်။ အုတ်နံရံက အလွယ်တကူပင် ကျိုးပဲ့ထွက်သည်။ ဦးစွာထွက်ပေါ်လာသည်က စူးစူးဝါးဝါး နိုင်လှသော အပုပ်နံ့ဖြစ်၏။ ဝေဝေလွင်သည် ထိုအနံ့ကြောင့် မူးမိုက်ကာ ပျို့အန်ချင်သလို ဖြစ်သွား၏။ ဆက်မလုပ်နိုင်ဘဲ ပြတင်းတံခါးကို သွားဖွင့်ကာ လေကောင်းလေသန့်ကို ဝအောင်ရှူလိုက်ရသည်။

အခန်းထဲကို ပြတင်းဝမှလေအေး ဝင်လာသဖြင့် အတော်ပင် နေသာထိုင်သာရှိသွားသည်။ အားတင်းကာ အုတ်နံရံကို ဆက်ထုလိုက်၏။ အုတ်နံရံ အတော်များများ ပြိုကျသွား၏။ အထဲမှ အရာဝတ္ထုကို ပြတ်ပြတ်သားသား မြင်တွေ့လာနိုင်၏။ မတ်တတ်ရပ်လျက် အနေအထားဖြင့် အုတ်နံရံထဲတွင် မြှုပ်နှံထားသော





မိန်းမတစ်ယောက်၏ ရုပ်အလောင်း။ ပုပ်ဆွေး ဆွေး မြည့်ကာ ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော်လည်း ကိုယ်ပေါ်တွင် ဝတ်ဆင်ထားသည့် ယုန်မွေးဆွယ်တာအနီရဲကြောင့်လည်းကောင်း၊ တွန့်ခွေနေသော ဆံပင်များကြောင့်လည်းကောင်း သီဂီမော်ဖြစ်ကြောင်း သိသာနိုင်လေသည်။ သူ့လက်တစ်ဖက်တွင် လက်ကိုင်ဖုန်း တစ်လုံးကို ဆုပ်ကိုင်ထားလျက်ရှိ၏။

ဝေဝေလွင် အသက်ကိုပင် ဝဝမရှူနိုင်။ မနေ့က မြင့်ဖုန်းအောင် ပြောခဲ့သော စကားကို ပြန်ကြားယောင်လာ၏။

"ချိုချိုလည်း ရိပ်မိသွားတယ်။ ဒါပေမဲ့ ဘာမှတော့ ဆူဆူပူပူ မလုပ်ပါဘူး။ ကျွန်တော့်ကိုပဲ ရှင်းရှင်းလင်းလင်းဖြစ်အောင် လုပ်ဖို့ ပြောတယ်"

ရှင်းရှင်းလင်းလင်း ဆိုသောစကားကို ကိုမြင့်ဖုန်းအောင်က ဘယ်လိုသဘောပေါက်သနည်း။ သူက သီဂီမော်ကို ရှင်းလင်းသုတ်သင်ပစ်ခဲ့သည်။ သီဂီမော်က အခွာရခက်အောင် ကုတ်တွယ်နေ၍သော်လည်းကောင်း၊ ငွေညှစ်သောကြောင့်သော်လည်းကောင်း ဖြစ်ပေလိမ့်



www.burmeseclassic.com

www.burmeseclassic.com



မည်။ သူ ဘာလုပ်ရမည်နည်း။ မထင်မှတ်ဘဲနှင့် သူသည် ဆိုးဝါးရက်စက်လှသော လူသတ်မှုတစ်ခုကို ထုတ်ဖော် တွေ့ရှိခဲ့ရလေပြီ။ ဘာလုပ်ရမည်နည်း။ လုပ်စရာတစ်ခုပဲရှိသည်။ သက်ဆိုင်ရာသို့ အကြောင်းကြားဖို့ပင် ဖြစ်လေသည်။

ထိုအခိုက် သူ့အနောက်က ခြေသံကြားရ၏။ ကျောဘက်မှ သူ့ထံသို့ ချဉ်းကပ်လာသော ခြေသံဖြစ်၏။ ဝေဝေလွင်က နောက်လှည့်ကြည့်ရန် ပြင်လိုက်သည်။ ထိုအခိုက်မှာပင် သူ့ခေါင်းကို မာကျောသော အရာဖြင့် အရိုက်ခံလိုက်ရပြီး မျက်လုံးထဲတွင် မှောင်အတိကျကာ သတိလစ်လဲကျသွားလေတော့သည်။

■





[ ၃ ]

ဝေဝေလွင် သတိရလာသောအခါ ခေါင်းတစ်ခုလုံး နာကျင်နေသည်ကို တွေ့ရ၏။ မျက်လုံးများကို အားယူဖွင့်ကြည့်လိုက်သည်။ သူသည် လူသေကောင်ကို တွေ့ရှိခဲ့ရာ အိပ်ခန်းထဲတွင်ပင် ရှိသေး၏။ သူ့ခန္ဓာကိုယ်သည် ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်လျက်အနေအထား ဖြစ်ကာ သူ့လက်နှစ်ဖက်ကို အနောက်ဘက်ပို့၍ တင်းတင်းကျပ်ကျပ် ကြိုးဖြင့် ချည်နှောင်ထားလေသည်။ သူ့ဘဝတော့ ဆုံးပါးတော့မည်။ မြင့်ဖုန်းအောင်သည် သူ လူသတ်မှုမှာ ကျူးလွန်သည်ကို ရိပ်စားမိသွားသည့် မိမိအား ဘယ်နည်းနှင့်မှ ခွင့်လွှတ်လိမ့်မည်မဟုတ်။ သူ့လည်ပင်းကို ကြိုးကွင်းစွပ်မည့် အဖြစ်ကို အရောက်ခံ။ မိမိကိုပါ သူ့ကိုမထိခိုက်အောင် နှုတ်ပိတ်ပစ်လိမ့်



www.burmeseclassic.com

www.burmeseclassic.com



မည် ထင်သည်။ လူတစ်ယောက်ကို သတ်ခဲ့ပြီး သူသည် နောက်တစ်ယောက်ကို ထပ်မံသတ်ဖြတ်ရန်လည်း ဝန်လေးနေလိမ့်မည် မဟုတ်ချေ။

သူ့နောက်က ခြေသံကြားရ၏။ ပြီးတော့ စကားသံ ထွက်ပေါ်လာ၏။

"သတိရနေပြီလား ဝေဝေ"

ကြားလိုက်ရသည့်အသံက ချိုချိုမြင့်အသံ ဖြစ်နေသဖြင့် အံ့အားသင့်သွား၏။ ချိုချိုမြင့်က သူ့ရှေ့ကို ရောက်လာသည်။ သူ့မျက်နှာက မမြင်ဖူးသော မျက်နှာတစ်ခုလို မာကျောနေ၏။ မျက်လုံးတွေကလည်း စူးစူးရဲရဲ တောက်ပနေ၏။ အစွမ်းကုန်ရက်စက်ရန် ဝန်မလေးသည့်ပုံမျိုး။

"မင်းကို ငါ အခုလို လုပ်လိုက်ရတာ စိတ်မကောင်းပါဘူး။ မင်းက သီဂီမော် အလောင်းကို တွေ့သွားပြီဆိုတော့ ဒီအတိုင်းထားလို့ မဖြစ်တော့ဘူး"

"ငါ့ခေါင်းကို ရိုက်လိုက်တာ နင်ပေါ့။ ဟုတ်လား ချိုချို"

"ဟုတ်တယ်ဝေဝေ၊ နင်က စာရေးဖို့





အလုပ်တင် မဟုတ်ဘဲ စုံထောက်အလုပ်ပါ လုပ်ခဲ့တာကိုး"

"သူ့အလောင်းကို ငါ အမှတ်မထင် တွေ့ခဲ့ရတာပါ ချိုချို။ ဒါပေမဲ့ သူက သူ ဒီအထဲမှာ မြှုပ်နှံခံထားရတာကို သိစေချင်ပုံရတယ်။ ငါ့ကို ဆက်သွယ်ပြီး အချက်ပြခဲ့တယ်။ ဒီအတိုင်းဆို သူ့ကို နင် သတ်လိုက်တာပေါ့ ဟုတ်လား"

ချိုချိုမြင့်က ခေါင်းညိတ်ပြလိုက်သည်။

"ငါ့ဘဝထဲက ကိုဖုန်းကို ဆွဲယူသွားမယ့် လူဆိုရင် ဘယ်သူ့ကိုမှ ငါ ခွင့်မပြုနိုင်ဘူး"

မြင့်ဖုန်းအောင် မိန်းမတစ်ယောက်နှင့် တွဲနေကြောင်း သူ့ကို သတင်းပေးသူတွေ ရှိသည်။ ပထမ မယုံ။ တစ်ကြိမ်တော့ သူက ကားတစ်စီးမောင်းလာစဉ် ဈေးချိုအနီး၌ မြင့်ဖုန်းအောင်ဘေး၌ မိန်းကလေးတစ်ဦး ထိုင်ကာ ကားမောင်းသွားသည်ကို တွေ့လိုက်ရသည်။ သူက တိတိလင်းလင်းမေးတော့ မြင့်ဖုန်းအောင် ဝန်ခံသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်_မှုဆယ်သွားတုန်း ခဏတွေ့ခဲ့တယ်၊ စွဲစွဲလမ်းလမ်း မရှိပါဘူး။ သူက မန္တလေးအထိ လိုက်လာတာ၊ ရည်ရွယ်ချက်ရှိပုံရတယ်။ ငွေလိုချင်လို့လား မသိဘူး"

"ငွေလိုချင်တယ်ဆိုရင်လည်း ငွေပေးပြီး ပြန်လွှတ်လိုက်ပါ ကိုဖုန်း၊ ကျွန်မတို့မိသားစုရဲ့ ဂုဏ်သိက္ခာကလည်း ရှိသေးတယ်။ ရှင်းရှင်းလင်းလင်းဖြစ်အောင် လုပ်လိုက်ပါ"

သူက ဒီလောက်ပဲ ပြောလိုက်သည်။ ဒီလောက်နှင့် ပြီးသွားလိမ့်မည်ဟု ထင်ခဲ့သည်။ သို့သော် ဇာတ်လမ်းက ဒီမှာတင် မရပ်။ ပြင်ဦးလွင်ရှိ သူတို့နေထိုင်ရန် ဆောက်လုပ်ထားသည့် တိုက်၌ သိဂီမော် နေထိုင်လျက် ရှိသည်ကို သိလိုက်ရသောအခါ ချိုချိုမြင့်၏ ဒေါသသည် ယမ်းပုံမီးကျ ဖြစ်၍သွားသည်။ သို့သော် သူက လိမ္မာပါးနပ်သူပီပီ သူ့ဒေါသကို ထိန်းချုပ်ကာ အခြေအနေကို စောင့်စားနေလိုက်၏။ မကြာခင် ထိုအခြေအနေက ရောက်ရှိလာ၏။

တစ်ရက်တွင် အလုပ်ကိစ္စနှင့် မြင့်ဖုန်းအောင်သည် ရန်ကုန်သို့ ဆင်း၍သွားသည်။ သူက အနည်းဆုံး တစ်





ပတ်ခန့် ကြာမည်ဟု ဆိုသည်။ ကိုမြင့်ဖုန်းအောင် မရှိတော့သည်နှင့် ချိုချိုမြင့်က တစ်ကိုယ်တည်း ကားကို မောင်းကာ ပြင်ဦးလွင် တက်လာခဲ့သည်။ အိမ်တွင် အခန့်သင့်ပင် သိဂီမော်ကို တွေ့ရသည်။ သိဂီမော်က ချိုချိုမြင့်ကို ဘယ်သူဘယ်ဝါဆိုတာ သိ၍နေသည်။

"အေးလေ...ဒီလိုဆိုတော့လည်း ကောင်းတာပေါ့။ စကားပြောရတာ အဆင်ပြေသွားတာပေါ့"

တကယ်တော့ စကားပြောရတာ အဆင်မပြေပါ။ ချိုချိုမြင့်က ငွေလိုသလောက်ပြော သူထုတ်ပေးမည်။ ဤနေရာမှ ထွက်သွားကာ နောင်လည်း ဘယ်တော့မှ ပြန်မလာဖို့ပြောသည်။ သိဂီမော်က လက်မခံ။

"ရှင်...ကိုဖုန်းရဲ့ သဘောကိုရော မေးကြည့်ပြီးလို့လား။ သူကတော့ ဒီလိုလုပ်မှာကို သဘောတူမှာ မဟုတ်ဘူး။ သူ့အတွက် ကျွန်မက တကယ်လိုအပ်နေတာကို သူဝန်ခံတယ်"

"သူ့အတွက် ငါရှိနေပြီလေ"

ဒီစကားကိုကြားတော့ သိဂီမော်က လှောင်ရယ်



www.burmeseclassic.com

www.burmeseclassic.com



ရယ်လိုက်၏။

"ရှင်...မစွမ်းတာတွေကို ကျွန်မက စွမ်း ဆောင်နိုင်တယ်လေ။ ဥပမာ သူ့ အတွက် ကလေးမွေးပေးနိုင်တာမျိုးပေါ့"

ဒီစကားက ချိုချိုမြင့်အရိုက်ကို ထိုးလိုက်သလို ရှိသည်။ ကလေးမမွေးနိုင်တာက သူ့အားနည်းချက် ဖြစ်သည်။ သူ့အားနည်းချက်ကို အခုလို ထုတ်ဖော် တိုက်ခိုက်တာကြောင့် ရုတ်တရက် ဒေါသပေါက်ကွဲ သွား၏။

"မင်းက ငါ့နေရာကို ဝင်ယူချင်နေတာ ဆိုရင်တော့ မင်း သိပ်စိတ်ကူးယဉ်ရာကျနေ ပြီ၊ တကယ်တော့ ကိုဖုန်းဟာ မင်းကို အပျော်ပဲ သဘောထားခဲ့တာပါ။ သူ တကယ် ချစ်တာက ငါ့ကိုပါ"

သိင်္ဂီမော်က လှောင်ရယ် ရယ်လိုက်ပြန်သည်။

"ရှင့်ကိုယ်ရှင် အထင်ကြီးလွန်းရာကျ နေပြီ။ ဒီတော့ ဒီကိစ္စကို အခုပဲ ရှင်းကြည့်ရ အောင်။ ကိုဖုန်းဆီကို အခုပဲ ဖုန်းဆက်မေး မယ်။ သူက ရှင့်ကို ကျွန်မထက် ပိုချစ်တယ်





လို့ပြောရင် ကျွန်မ ဒီနေရာက ချက်ချင်း ထွက်သွားမယ်။ တစ်သက်လုံး ပြန်မလာ တော့ဘူး။ ရှင့်ထက် ကျွန်မကိုပိုချစ်တယ်လို့ ပြောရင် ရှင် သူ့ကို ကွာပေးမလား"

သိင်္ဂီမော်က ရဲရဲဝံ့ဝံ့ စိန်ခေါ်ရုံမက သူ့လက်ကိုင် ဖုန်းကို ထုတ်ကာ မြင့်ဖုန်းမောင်ဆီ ဖုန်းခေါ်နေလေ သည်။ ချိုချိုမြင့်၏ သည်းခံနိုင်သော အတိုင်းအတာက ကျော်လွန်၍သွားပါတော့သည်။ အတင်းပင် သိင်္ဂီမော်ကို ဝင်လုံးကာ လည်ပင်းညှစ်တော့သည်။ ခေါင်းကိုလည်း အုတ်နံရံဖြင့် ဆောင့်သည်။ သူသည် သတိလက်လွတ် ဖြစ်ကာ အရူးတစ်ယောက်လိုဖြစ်နေလေသည်။ ဒေါသ တွေ ပြေပျောက်၍ ကြည့်လိုက်သောအခါ သိင်္ဂီမော် သည် အသက်မရှိတော့။ သိင်္ဂီမော်၏ ဆွယ်တာအနီ ရောင်မှာ သူ့ခန္ဓာကိုယ်မှထွက်သော အနီရောင်သွေး တို့ဖြင့် ရောထွေး၍နေလေသည်။

သူ ဘာလုပ်ရမည်နည်း။ သူက သိင်္ဂီမော်ကို သတ် ဖို့အထိ ကြိုတင်ရည်ရွယ်မထားသော်လည်း အမှတ် မထင် လူသတ်မှုကို ကျူးလွန်ခဲ့မိပြီ။ သူ့အနေဖြင့် နှစ်ရှည်လများ ထောင်ထဲသို့ သွားနေဖို့ဆိုတာ ခေါင်းပင်



www.burmeseclassic.com

www.burmeseclassic.com



မစဉ်းစားရဲသောအရာ ဖြစ်သည်။ တစ်ခုပဲရှိသည်။ သူ လူသတ်မှုကျူးလွန်တာကို ဘယ်သူမှမသိ။ မျက်မြင် သက်သေလည်းမရှိ။ ဒီတော့ အလောင်းကို ဖျောက်ဖျက် ပစ်လိုက်နိုင်လျှင် သူ့ကို ဘယ်သူကမှ လူသတ်တရားခံ ဟု ယိုးစွပ်လာကြတော့မှာ မဟုတ်။ ဘယ်နေရာကို သွားကာ ဖျောက်ဖျက်ပစ်မည်နည်း။

ခဏထိုင်တွေးနေလိုက်သည်။ မှောင်စပျိုးပြီ။ အိမ်နှင့် ရက္ခဗေဒဥယျာဉ်က နီးသည်။ အလောင်းကို မ,သယ်သွားကာ ကန်ထဲပစ်ချလိုက်လျှင်...

ဒါလည်း မဖြစ်သေး။ သူတစ်ယောက်တည်း ဒီအလောင်းကြီးကို အပြင်သယ်ထုတ်သွားဖို့ မလွယ်။ မတော်တဆ တစ်စုံတစ်ယောက်ကသာ မြင်သွားလျှင် ပြဿနာရှင်းရတော့မှာ အဟုတ်။ ပြီးတော့ မကြာခင် ဒီအလောင်းက ပုပ်ပွကာ ရေပေါ် ပေါ်လာခဲ့သော်...

ချက်ချင်းပင် စိတ်ကူးတစ်ခုရသွား၏။ အိပ်ခန်း အုတ်နံရံတွင် နံရံမြှုပ်ဗီရိုတစ်လုံးထားရန် ခွက်၍ထား သောနေရာ ရှိ၏။ ထိုအထဲတွင် လူအလောင်းတစ် လောင်း ကောင်းစွာသိမ်းဆည်းထားနိုင်သည်။ အလောင်း ကို ဒီအထဲထည့်ကာ အပြင်က ဆေးနံရံနှင့်အညီ အုတ်





တွေစီကာ ပိတ်လိုက်မည်။ ဒါဆို သီဂီမော်ကို အထဲတွင် ဂူသွင်းမြှုပ်နှံပြီးသား ဖြစ်သွားသည်။ ဘယ်သူကမှလည်း ဤအထဲတွင် လူသေအလောင်းတစ်လောင်း ရှိနေသည် ဟု ယူဆကြမှာမဟုတ်။

ဒါအကောင်းဆုံးပဲဟု ဆုံးဖြတ်လိုက်၏။

သီဂီမော်ကို မ,ရွှေ့ကာ နံရံတွင် ထောင်ထားလိုက် သည်။ လက်ထဲတွင် ဆုပ်ကိုင်ထားသည့် လက်ကိုင် ဖုန်းကို ဖြုတ်သော်လည်း မရသဖြင့် ဤအတိုင်းထား လိုက်၏။ ပြီးတော့ ရှေ့တွင် အုတ်နံရံနှင့် တစ်သား တည်းဖြစ်အောင် အုတ်တွေစီတော့သည်။ အိမ်တွင် ဆောက်ပြီးစ ဖြစ်သဖြင့် အုတ်အပိုတွေ၊ ဘိလပ်မြေ၊ သဲအပိုတွေ ရှိနေသည်။ ဒီအလုပ်က ဘာမှ သိပ်ခက်ခဲ မည်မဟုတ်။ အိမ်ဆောက်စဉ်က မကြာခဏ လာ ကြီးကြပ်ရင်း ပန်းရန်ဆရာတွေ လုပ်ကြကိုင်ကြတာ တွေ့ထားတာက အထောက်အကူပြုနေသည်။

မန္တလေးအိမ်က အိမ်ဖော်အဒေါ်ကြီးဆီ ဖုန်းဆက် ၍ ဒီနေ့ ပြင်ဦးလွင်တိုက်မှာ အိပ်မည့်အကြောင်း ပြော လိုက်၏။ ပြီးတော့ တစ်ညလုံး ခွဲကောင်းကောင်းနှင့် လုပ်လေရာ မိုးလင်းခါနီးတွင် ပြီး၍သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က မိုးလင်းမှ ပြန်လာခဲ့၏။ နောက်တစ်နေ့တွင် ရန်ကုန်ရောက်နေသော မြင့်ဖုန်းအောင်ထံမှ ဖုန်းလာသည်။ အလုပ်ကိစ္စတွေ မပြတ်သဖြင့် ရန်ကုန်တွင် ကြာဦးမည့်အကြောင်း၊ သူကတော့ ကြာလေ ကောင်းလေပဲဟု သဘောထားသည်။ နှစ်ရက် သုံးရက်နေတော့ ပြင်ဦးလွင်သွားကာ အုတ်နံရံကို ဘေးကဆေးနှင့် တစ်သားတည်းဖြစ်အောင် ဆေးသုတ်လိုက်၏။ နံရံ မျက်နှာပြင်က တစ်ညီတည်းဖြစ်သွား၏။

ဤနေရာတွင် ဗီရိုအချိုင့်အခွက်ရှိသည်ဟု ကိုမြင့်ဖုန်းအောင်က မှတ်မိသည့်တိုင်အောင် သူ သဘောထား ပြောင်းလဲ ပြင်လိုက်သည်ဟု လိမ်ပြောနိုင်သည်။ သို့သော် မြင့်ဖုန်းအောင်ကား ဤလိုအသေးအဖွဲကလေးတွေ စိတ်ဝင်စားတတ်သူမဟုတ်။ နောက်ပိုင်း ဤအခန်းထဲသို့ ရောက်သော်လည်း ဘာမှမေးမြန်းခြင်းမပြု။

နောက်တစ်ခုက အိမ်တွင်ရှိနေသော သီဂီမော်၏ အဝတ်အစားနှင့် အသုံးအဆောင်ပစ္စည်းများကို ဖျောက်ဖျက်ပစ်ရခြင်းပင်ဖြစ်သည်။ နောက်တစ်ပတ်ကျော်ကြာသောအခါ မြင့်ဖုန်းအောင် ပြန်ရောက်လာသည်။ ပြင်ဦးလွင်အိမ်တွင် မတွေ့ရသောအခါ သီဂီမော်သည်





စိတ်ကူးပေါက်ကာ သူ့သဘောနှင့်သူ မူဆယ်ပြန်သွားသည်ဟု ယူဆနေခဲ့၏။

❋ ❋ ❋

"ငါ့အစီအစဉ်တွေ အားလုံးဟာ နှင် ရောက်မလာခင်ကအထိ အားလုံး အဆင်ပြေနေခဲ့တယ် ဝေဝေ။ အခုတော့ နှင့်ကြောင့် အားလုံးပျက်စီးရတော့မလိုဖြစ်နေပြီ"

ချိုချိုမြင့်ပုံစံက တကယ်ပင် နာကြည်းဒေါသဖြစ်နေပုံရ၏။ ဝေဝေလွင်က...

"မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာ မရှိပါဘူး ချိုချိုရယ်။ ဘယ်လောက်ဖုံးကွယ်ထားထား တစ်နေ့ကျ ဗူးပေါ်သလို ပေါ်မှာပဲ။ နှင်က သီဂီမော်ကို မတော်တဆ သတ်မိတာပဲ၊ ရုံးတော်ကို အမှန်အတိုင်းဝန်ခံ၊ ရှေ့နေကောင်းကောင်းငှား ခုခံရင် အပြစ်လျှော့ပေါ့နိုင်ပါတယ်"

"ဒါက မသေချာဘူး ဝေဝေရဲ့။ နှင်လည်း သိရဲ့သားနဲ့၊ ငါက သေချာတဲ့လမ်း



www.burmeseclassic.com

www.burmeseclassic.com



ကိုပဲ ရွေးတတ်တယ်"

ချိုချိုမြင့်က ခပ်မာမာဆိုသည်။

"ဘယ်လမ်းလဲ…"

"နင့်ကို နှုတ်ပိတ်ပစ်လိုက်ဖို့ပေါ့။ ဒီအကြောင်းတွေကို ငါကလွဲရင် နင်ပဲသိတာကိုး"

သူ့လက်ထဲတွင် အသွားထက်လှသော ဓားတစ်ချောင်း ရောက်လာသည်။ ချိုချိုမြင့်ပုံစံက ဆုံးဖြတ်ချက်ချထားကာ တကယ်ပင် ရက်ရက်စက်စက်ပြုတော့မည့်ပုံပင်ဖြစ်၏။ သူ့အနားကို ဓားကိုကိုင်မြှောက်ကာ တိုးကပ်လာသဖြင့် ဝေဝေလွင်သည် သူ၏နောက်ဆုံးအချိန်ပဲဟု ယူဆကာ မျက်လုံးများကို မှိတ်ထားလိုက်မိ၏။ လောကသည် မထင်မှတ်ထားသောအရာတွေဖြစ်တတ်သည်။ သီဂီမော်ကို သတ်သူမှာ မြင့်ဖုန်းအောင်ပင် ဖြစ်လိမ့်မည်ဟု သူက ထင်မှတ်ထားခဲ့၏။ တကယ်တော့ ဘယ်လိုပင်ထင်မှတ်မထားသည့် ချိုချိုမြင့် ဖြစ်၍နေလေသည်။

ထိုအခိုက်မှာ မထင်မှတ်သောအသံ ဖြစ်ပေါ်လာ၏။





"မင်းလက်ထဲက ဓားကို ချလိုက် ချိုချို…"

သူတို့နောက်မှ ရောက်လာကာ ပြောလိုက်သူမှာ ရုတ်တရက်ရောက်လာသော မြင့်ဖုန်းအောင် ဖြစ်နေလေသည်။

"မင်းပြောတာတွေ ငါ အားလုံးကြားပြီးပြီ ချိုချို။ ငါ ဒီကိုရောက်နေတာ ကြာပြီ။ ရုတ်တရက် သီဂီမော် ပျောက်သွားတာကို ငါ မယုံကြည်နိုင်ဖြစ်နေခဲ့တာ ကြာပြီ။ မှုဆယ်ကို စုံစမ်းတော့လည်း သူ ဟိုကို ပြန်ရောက်မလာခဲ့ဘူးတဲ့။ ငါ မင်းကိုပဲ မသင်္ကာဖြစ်လို့ စောင့်ကြည့်နေခဲ့တာ။ အခုတော့ ငါထင်တဲ့အတိုင်း ဖြစ်နေပြီ"

အခုတော့ ဓားကိုကိုင်ကာ ချိုချိုမြင့် ကြောင်ငေးနေရလေပြီ။

"မင်းဟာ အသိတရား မရသေးဘဲ ဝေဝေကိုပါ သတ်ဖို့ ကြိုးစားခဲ့သေးတယ်။ ဝေဝေကို သတ်မယ်ဆိုရင် ငါ့ကိုပါ မင်း သတ်မှရမယ်။ ဘယ်လိုလဲ. သတ်မှာလား



www.burmeseclassic.com

www.burmeseclassic.com



ချိုချို"

အခုတော့ ချိုချိုမြင့်သည် သူ့လက်ထဲက ဓားကို ပစ်ချကာ မျက်နှာကို လက်ဝါးနှစ်ဖက်အုပ်ရင်း တရှုပ်ရှုပ် ငိုကြွေး၍နေလေသည်။ သူ့အတွက်သာ ဝေဝေလွင်က စိတ်မကောင်းဖြစ်နေမိသည်။ ရာဇဝတ်ဘေးက ပြေးလွတ်တော့မည် မဟုတ်။

မြင့်ဖုန်းအောင်က ဝေဝေလွင်ကို တုပ်နှောင်ထားသော ကြိုးတွေကို ဖြည်ပေးနေ၏။

"ရှင် အချိန်မီကလေး ရောက်လာတာပဲ"

"ဖြစ်ခဲ့သမျှအတွက် တောင်းပန်ပါတယ်"

ထိုအခိုက်မှာပင် ချိုချိုမြင့်က အိမ်ထဲက ပြေးထွက်သွားသည်။ သူ့နောက်က ဝေဝေလွင်က ဖြေသိမ့်စကားပြောရန် ပြေးလိုက်သွားမည် ပြုသော်လည်း မြင့်ဖုန်းအောင်က လက်ဆွဲကာ တားထားလိုက်၏။

"လွှတ်ပေးလိုက်ပါ ဝေဝေ။ သူ သိပ်ခံစားနေရမယ်။ သူ့ခံစားမှုတွေ ပြေတဲ့အထိ သူတစ်ယောက်တည်း နေပါစေ။ သူ ထွက်





ပြေးမှာ မဟုတ်ဘူး။ ပြီးရင် ရဲဌာနမှာ သူ့ဘာသာ အဖမ်းခံပါလိမ့်မယ်"

ထိုအခိုက်မှာပင် ချိုချိုမြင့်သည် အိမ်ရှေ့တွင် ရပ်ထားသော သူစီးလာသည့်ကားကို တက်မောင်းကာ ခြံထဲမှ အရှိန်ဖြင့် ထွက်သွားလေသည်။ ပြင်ဦးလွင်ကားလမ်းကား အကွေ့အကောက်များကာ အန္တရာယ်များလှသည့် နက်ရှိုင်းသော ချောက်တွေရှိ၏။ ယခုကဲ့သို့ အရှိန်ဖြင့် မောင်းနှင်နေခြင်းမှာ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံနေသကဲ့သို့ ရှိသည်။

သူ့ဘဝမှာ အသက်ရှင်နေ၍လည်း ဘာထူးတော့မည်နည်း။ လူသတ်သမား ထောင်ထွက်ဟူသော နာမည်ပျက်ဖြင့် အသက်ရှင်နေလျှင် စိတ်ချမ်းမြေ့စရာ ရှိမည်မထင်ပါ။ ချိုချိုမြင့်က ကားကို တရကြမ်း အရှိန်မသတ်ဘဲ မောင်းနှင်လာရာမှ နောက်တွင် ဘစ်စုံတစ်ယောက်ပါလာသည်ဟူသော မသင်္ကာစိတ်ဖြင့် နောက်ခန်းကို လှည့်ကြည့်လိုက်သည်။ နောက်ခန်းတွင် ထိုင်နေသူက ယုန်မွေးဆွယ်တာနီ ဝတ်ဆင်ထားသော သီဂီမော် ဖြစ်နေလေသည်။

ကြောက်ရွံ့ထိတ်လန့်စိတ်မွှန်ထူသွားသော ချိုချိုမြင့်



www.burmeseclassic.com

www.burmeseclassic.com



သည် ကားကို ကောင်းစွာမထိန်းနိုင်တော့။ ကားသည် လမ်းဘေး ချောက်ထဲသို့ အရှိန်လွန်ကာ ကျသွားလေ တော့သည်။ ။

ဒေဝလကျာ





# သရဲတက္ကစီ

ဒေဝလကျာ



www.burmeseclassic.com

www.burmeseclassic.com



[ ၁ ]

ဇော်နိုင်သည် ခေတ်ပညာတတ် လူငယ်တစ်ဦး ဖြစ်ကာ သရဲတစ္ဆေဆိုသည်ကို အယုံအကြည်မရှိသူ ဖြစ်သည်။ ထို့ကြောင့်ပင် ညဘက် တက္ကစီမောင်းသော အလုပ်ကို လုပ်ကိုင်နေခြင်းဖြစ်၏။ သူက တစ္ဆေသရဲထက် ခရီးသည်ဟန်ဆောင်ကာ ကားငှားစီးရင်း ဓားထောက်ကာ ကားလုတတ်သည့် ဒုစရိုက်သမားတွေကို ပို၍ကြောက်သည်။ သူတို့ ဒဏ်ခံလိုက်ရသည့် ညဘက် တက္ကစီဆွဲစားသူတွေ မနည်းတော့။ တချို့ အသက်ပါ ဆုံးပါးသွားရရှာသည်။ ဒါကြောင့် အမေက...

"သားအလုပ်က အန္တရာယ်များလွန်းပါတယ် သားရယ်"

**အိပ်မက်အသစ်**

www.burmeseclassic.com

www.burmeseclassic.com



ဟု တခြားအလုပ်ပြောင်းဖို့ တိုက်တွန်းခဲ့၏။ သို့မဟုတ် နေ့ဘက်ပြောင်းကာ မောင်းဖို့ပြော၏။ တကယ်တော့ နေ့ဘက်မောင်းဖို့ဆိုတာ မလွယ်။ ကိုယ်က တခြားဒရိုင်ဘာတွေလို ကားပိုင်ရှင် (အုံနာ)ထံ စပေါ်ငွေများများတင်နိုင်တာ မဟုတ်။ ဒါကြောင့် အန္တရာယ်လည်းများ၊ အိပ်ရေးလည်း ပျက်သည့် ဒရိုင်ဘာအတော်များများ မလုပ်ချင်သည့်အလုပ်ကို လုပ်နေရခြင်းဖြစ်၏။ ဒါတောင် ကိုကျော်ကြီး ကျေးဇူးကြောင့်။ ကိုကျော်ကြီးက အဲဒီကားပိုင်ရှင် သူဌေးထံတွင် အရင်က သူ့လိုပင် ညဘက် ကားမောင်းသူလုပ်ခဲ့၏။ အခုတော့ ကားပွဲစားလုပ်ကာ အဆင်ပြေနေသည်။ တစ်ရပ်ကွက်တည်း အတူနေသဖြင့် သူတို့ချင်း ခင်မင်နေတာကြာပြီ။ ဇော်နိုင် အလုပ်လိုချင်သည်ဆိုသောအခါ...

"မင်း ကားမောင်းတတ်တယ် မဟုတ်လား။ ကားမောင်းမလား"

"ကျွန်တော့်မှာ စပေါ်တင်စရာတော့ မရှိဘူးနော်"

"ငါ ပြောပေးမယ်"

ဒီလိုနှင့် အလုပ်ရခဲ့သည်။ သူတို့သူဌေး ဦးဘခိုင်





က သဘောကောင်းကာ ဆက်ဆံရေး သိမ်မွေ့သည်။ တက္ကစီခြောက်စီးထောင်ထားကာ ကန်ဘဲ့တွင် ခြံဝင်းအကျယ်ကြီးနှင့် နေ၏။ သူက သူဌေးထံမှကားကို ညခြောက်နာရီယူ၏။ မနက်ခြောက်နာရီ ပြန်အပ်ရ၏။ ကားမောင်းစက ညလယ်တွင် သူ အိပ်ငိုက်တတ်သော်လည်း အခုတော့ ကျင့်သားရသွားလေပြီ။

ဇော်နိုင်က အသက် ၂၅ နှစ်နဲ့ တက္ကသိုလ်စာပေးစာယူနှင့် ဘွဲ့ရပြီးသား။ အရပ်က ခပ်ပြတ်ပြတ်။ အသားအနည်းငယ်ညိုသော်လည်း ချောမောသည့် သူ့အမေနှင့်တူသဖြင့် မျက်လုံးမျက်ခုံးကောင်း၏။ အထူးသဖြင့် အကျင့်စာရိတ္တကောင်း၏။ လူငယ်ဆိုသော်လည်း အသောက်အစား အပျော်အပါးမရှိ။ အဖေက ပင်စင်စား၊ အမေက မှီခိုသူ။ အခုတော့ တစ်အိမ်ထောင်လုံးမှာ သူ့ဝင်ငွေပေါ်သာ မှီခိုနေရ၏။

အလုပ်တစ်ခု အလွယ်တကူရဖို့က မလွယ်။ ကားမောင်းတာက ပင်ပန်းသော်လည်း ထိုက်ထိုက်တန်တန် ပိုက်ဆံရတတ်၏။ အုံနာခနှင့် ဓာတ်ဆီဖိုးနုတ်ပြီး ကိုယ့်အတွက် တစ်ညလေးငါးထောင်က ပြေးမလွတ်။ ဆွဲကောင်းသောညဆို တစ်သောင်းကျော်ကျန်၏။ ညဘက်

www.burmeseclassic.com



တွင် စီးသူ ကျဲသည်မှန်သော်လည်း ဈေးက ကိုယ့်ပါးစပ်ထဲမှာဆိုတော့ ခေါ်သလောက်ဖြစ်၏။ သို့သော် သူက အခက်အခဲကို အခွင့်ကောင်းယူကာ ငွေပိုတောင်းလေ့မရှိ။ သူ့ကားစီးသူများ စိတ်ချမ်းသာသွားစေရမည်ဟုသာ တွေး၏။ ဒါကြောင့် သူ ညဘက် ကားမောင်းလာတာ တစ်လကျော်ကြာလာသည့်တိုင်အောင် ဆိုးဝါးသော အန္တရာယ်မျိုး မကြုံတွေ့ခဲ့ရ။

ယနေ့ညတွင်လည်း အုံ့နှာဆိက ကားထုတ်လာပြီးကတည်းက ကားက ဆွဲကောင်းလှ၏။ ဆက်တိုက်ပင် ခရီးသည်အတက်အဆင်းရှိနေ၏။ လမ်းပေါ် အသားလွတ် လျှောက်မောင်းနေရသောအချိန် မရှိ။ အခုလက်ကနာရီကို ကြည့်လိုက်တော့ ည (၁၂)နာရီသာသာပဲ ရှိသေးသည်။ အုံ့နာခ ရနေလေပြီ။ မိုးလင်းအထိ ဆက်ဆွဲသမျှမှာ ကိုယ့်အတွက်သာ။ ဗိုက်ထဲတွင် ဆာသလိုရှိလာသဖြင့် လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် ထိုင်ကာ ဗိုက်ဖြည့်ဖို့ စိတ်ကူး၏။

ခရီးသည်လင်မယားကို ကမ်းနားသဘော်ဆိပ်ပို့ပြီး ပြန်တက်အလာ ပန်းဆိုးတန်း ပန်းခြံအနီးတွင် လက်ပြတားနေသော မိန်းကလေးတစ်ယောက်ကို တွေ့ရ၏။





မိန်းကလေးက ဂျင်းစကတ်အပြာရင့်နှင့် ကော်လံပါသော ရှပ်အင်္ကျီဆန်ဆန် အပြာနုကို ဝတ်ဆင်ထားကာ အနက်ရောင်ကျောပိုးအိတ်တစ်လုံးကို ပခုံးတွင် လွယ်ထား၏။ သူက ကောင်မလေးရှေ့နားတွင် ကားထိုးရပ်လိုက်တော့...

"မြောက်ဥက္ကလာ ပြန်ချင်လို့ပါ"

ဟုဆိုသည်။ ကောင်မလေးက အသက်နှစ်ဆယ်လောက်ပဲရှိသေးသည်။ မိန်းကလေးတစ်ယောက်တည်း ဒီလိုအချိန် သွားလာနေတယ်ဆိုတာက ရိုးရိုးသားသားဖြစ်ဖို့ ခဲယဉ်း၏။ မိန်းကလေးပုံစံက သိပ်ဟော့ဟော့ရမ်းရမ်းမဟုတ်။ အရေးပေါ်အခြေအနေကြောင့် မသွားမဖြစ် သွားနေရတာမျိုးလည်း ဖြစ်နိုင်သည်။

အမှန်တော့ ဒီလိုအချိန်မျိုးတွင် ဤမျှဝေးလံသော ဒေသသို့ သူ ပို့မပေးချင်။ ရန်ကုန်ထဲတွင်ပင် ဟိုနားသည်နား ကွေ့ပတ်မောင်းနေတာက ပိုတွက်ခြေကိုက်၏။ မြောက်ဥက္ကလာပ လိုက်သွားလျှင် တစ်ကြောင်းပဲရမည်။ အပြန် လူရဖို့မလွယ်။ သို့သော် ထုံးစံအတိုင်း သူက လူတစ်ဖက်သားကို အားနာကာ ကူညီချင်သော စိတ်ကလည်း ရှိနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါးထောင်တော့ပေးပါ"

မိန်းကလေးက မငြင်း။ နောက်တံခါးဖွင့်ကာ ဝင်ထိုင်သည်။ သူ ကားမောင်းထွက်လာခဲ့၏။ ဒီမိန်းကလေးသည် ဘယ်ကလာ၍ ဘာအလုပ်လုပ်သနည်း။ ညဘက်ဆင်းသော စက်ရုံအလုပ်သမပုံစံ မဟုတ်။ အချိန်ပိုဆင်းရသော ကုမ္ပဏီစာရေးမလား။ ဒါလည်း မဖြစ်နိုင်။ သူ့အတွက် ကားမောင်းရင်း စဉ်းစားလာစရာ ပဟေဠိတစ်ပုဒ်။ နောက်ဆုံး ဒါတွေဟာ ငါနဲ့ ဘာမှ မဆိုင်ပါဘူးဟု တွေးလိုက်သည်။

ငါက အငှားကားမောင်းသူ။ သူက ခရီးသည်။ ဒီလိုပဲ ခဏဆုံကြတာပါပဲ။ သူကားပေါ်က ဆင်းသွားတာနဲ့ ဒီကိစ္စက ဘာမှပတ်သက်စရာမရှိတော့။ ဒီတော့ သူက စပ်စပ်စုစုလည်း မလုပ်တော့။ တချို့က သူတို့ကို စကားပြောတာ မကြိုက်။ ဒီတော့ ကားကိုသာ ဂရုတစိုက်မောင်းလာခဲ့၏။ ကမ္ဘာအေးလမ်းမကြီးမှာ ကားရှင်းနေသဖြင့် လွတ်လွတ်လပ်လပ် မောင်း၍ကောင်းလှသည်။ နောက်ကထိုင်နေသူကလည်း တိတ်ဆိတ်လွန်းလှသည်။ တစ်ခုခုကို ကိုယ့်အတွေးနှင့်ကိုယ် ခံစားနစ်မျောနေပုံရ၏။





တံတားလေးလမ်းအတွင်း ချိုးကွေ့ဝင်၍ သံလမ်းခုံးတံတားကို ကျော်သောအခါ ဇော်နိုင်က မေးလိုက်၏။

"ကျွန်တော် ဘယ်ကိုပို့ပေးရမလဲ"

စီးသူက မြောက်ဥက္ကလာဟုသာပြောကာ ငြိမ်နေခဲ့သည်။ အခု မြောက်ဥက္ကလာထဲ ဝင်လာပြီဆိုတော့ သွားချင်သည့်နေရာ အတိအကျ သိရဖို့လိုလာပြီ။ သို့သော် အနောက်က ခွန်းတုံ့ပြန်သံ မကြားရ။ နောက်မှာ တစ်ကိုယ်တည်းထိုင်ရင်း အိပ်ပျော်နေလေသလား။ ဒီလိုလူမျိုးကို ညကားမောင်းသူတစ်ယောက်အနေဖြင့် မကြာခဏ တွေ့ရှိရ၏။ ထို့ကြောင့် နောက်လှည့်ကြည့်ကာ ထပ်မေးလိုက်သည်။

"ဒီမယ်...ကျွန်တော် ဘယ်ပို့ပေး..."

သူ့စကားကို ဆုံးအောင်မပြောနိုင်တော့။ ကားနောက်ခန်းတွင် ဘယ်သူမှ ရှိမနေ။ သူ အံထိတ်တလန့်ဖြစ်သွား၏။ နောက်ကထိုင်နေတဲ့ မိန်းကလေး ဘယ်ရောက်သွားသနည်း။ အရှိန်ဖြင့် မောင်းနေသည့်ကားပေါ်မှ ခုန်ဆင်းကာ ထွက်ပြေးသွားတာတော့ မဖြစ်နိုင်။ ကိုယ်ပျောက်နေတဲ့ မိန်းကလေးလည်း မဖြစ်နိုင်။ ဖြစ်နိုင်တာ တစ်ခုပဲရှိသည်။ သူ သရဲခြောက်ခံလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သတိလက်လွတ်ဖြစ်နေခိုက်မှာ ကားက တစ်ဖက် ယာဉ်ကြောပေါ် ရောက်သွား၏။ သူ ကပျာကယာ ဘီးရိုက်ကို နင်းလိုက်ရသည်။ နေ့ခင်းနေ့လယ် ကားရှုပ်ချိန်သာဆိုလျှင် မျက်နှာချင်းဆိုင်လာသော ကားတစ်စီးစီးနှင့် ခေါင်းချင်းဆိုင်ကာ တိုက်မိနိုင်လောက်သည်။ သူ့ ခေါင်းနားပန်းကြီးကာ ရင်တဒိတ်ဒိတ်ခုန်နေသည်။ ကားကို ထိုနေရာမှ အမြန်ဆုံးပြန်ကွေ့ကာ မောင်းထွက်လာခဲ့ရလေတော့သည်။

■





[ ၂ ]

ရှေ့တွင် ပလက်ဖောင်းပေါ်မှ ဆင်းရပ်ရင်း မိန်းကလေးတစ်ယောက်က လက်ပြကာ ကားတားနေပြန်သည်။ တစ်နေ့ကညက သရဲခြောက်ခံရပြီးကတည်းက ဇော်နိုင်သည် မိန်းကလေးခရီးသည် တင်ရမှာ လန့်နေ၏။ တစ်ယောက်တည်းဆို ပိုဆိုးသေး၏။ အခု တားနေတာကလည်း ကောင်မလေး တစ်ယောက်တည်း။ ကောင်မလေးက အလျင်လိုနေဟန်တူ၏။ ရပ်သာ မပေးရင် ကားရှေ့က ဖယ်မပေးတော့မည့်အတိုင်း။

သူ ကားရပ်ကာ အကဲခတ်ကြည့်၏။ ကောင်မလေးက တော်တော်ချော၏။ သို့သော် သရဲဆိုတာ မချောဟု ဘယ်သူမှ မပြောနိုင်။ တစ်နေ့က တွေ့ခဲ့ရသော သရဲမကလေးကလည်း ချောချောလေးပဲ။



www.burmeseclassic.com

www.burmeseclassic.com



အခုကောင်မလေးကတော့ အသက်အနည်းငယ် ပိုကြီးပုံရ၏။ သူနှင့် ရွယ်တူလောက်ရှိမည်။ အသားက ဖြူဖြူ။ ဆံပင်ရှည်က အဖြောင့်ပုံစံ။ ဒီဂရီမျက်မှန်ကလေးနှင့် မြန်မာဆန်ဆန် ထဘီဝတ်ထားတော့ ယဉ်ယဉ်ကျေးကျေးလှပနေ၏။ ပခုံးအိတ်တစ်လုံးအပြင် လက်ထဲမှာ ဖိုင်တစ်ခုလည်း ပွေ့ပိုက်ထား၏။ အချိန်ကလည်း သူကားထွက်လာခါစ (၇)နာရီ မထိုးသေး။

နေရာက တာမွေအပိုင်းနားဖြစ်၏။ သူမက သွက်လက်ပုံလည်း ရ၏။ ကားရှေ့ခန်းတံခါးကို ဖွင့်ကာ ကားမောင်းသူအားတွင် ဝင်ထိုင်လိုက်သည်။ ဘယ်သွားမလို့လဲ မပြောရသေး။ ဘယ်ဈေးဟုလည်း မပြောရသေး။ သူငှားလိုက်ပြီးပြီဟု ရပ်လိုက်ကတည်းကပင် ပိုင်စိုးပိုင်နင်း သဘောထားလိုက်ပုံရ၏။

"မဟာဗန္ဓုလပန်းခြံလမ်းကို ပို့ပေးပါ"

သေသေချာချာ နေရာယူထိုင်ပြီးမှ ပြောလိုက်၏။ ဇော်နိုင်က

"နှစ်ထောင်တော့ ပေးပါ"

"ဟင်...ထောင့်ငါးရာပါ၊ အမြဲစီးနေကျပဲ"





"အစ်မလေး...ပြောတဲ့ဈေးက နေ့ဘက်ပါ။ အခုဟာ ညလေ"

"ရှင်တို့ကားတွေက မနက်တစ်ဈေး၊ ညတစ်ဈေးရယ်လို့ ရှိလို့လား။ ပြီးတော့ အခု ညမှမဟုတ်တာ။ (၇)နာရီတောင် မထိုးသေးဘူး"

"နေဝင်သွားလို့ နေရောင် မရှိတော့ရင် ညပဲပေါ့ အစ်မလေးရယ်"

"ဒီမယ်...ရှင် နှစ်ထောင်ယူချင်လည်း ယူ၊ လူကို အစ်မလေးလို့ မခေါ်နဲ့"

သူမက ကျွဲမြီးတိုနေဟန်တူ၏။ မိန်းကလေးတွေက သူတို့ကို အသက်ကြီးသူလို ဆက်ဆံလျှင် သဘောမကျကြ။ အဒေါ်အရွယ်မိန်းမကြီးများပင်လျှင် အစ်မကြီးခေါ်မှ နှစ်သက်ကြ၏။ ဈေးအတွက် အချင်းများမနေတော့။ ကားမောင်းထွက်လာရင်း ဇော်နိုင်က...

"အင်းလေ...ခင်ဗျားက ထောင့်ငါးရာပဲ ပေးချင်လည်း ပေးပါ"

"ရှင့်စကားက ဘာစကားလဲ၊ နှစ်ထောင်ပဲပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဇော်နိုင်က ဝမ်းထဲက ကြိတ်ကာ ပြုံးလိုက်သည်။ သူက စေတနာအမှန်ဖြင့် သွေးရိုးသားရိုး ပြောလိုက်သော်လည်း 'ထောင့်ငါးရာ'ဆိုသော စကားကို မိန်းကလေးက ဆန်းဆန်းပြားပြား တွေးပုံရ၏။ ၁၅၀၀ ဆိုတာ ယောကျ်ားနဲ့ မိန်းမအကြားက ကိလေသာ မေတ္တာပင် မဟုတ်ပါလား။

"ဟင်...ဘာနံ့ကြီးလဲ၊ အနံ့က ဆိုးလိုက်တာ"

ကားစီးလာရင်း မြည်တွန်ပြန်သည်။ ဇော်နိုင်က...

"ဘာနံ့ နံ့ရမှာလဲဗျာ၊ ကားထွက်လာခါနီး ကျွန်တော် ရေချိုးလာတာပါ"

ငြင်းချက်ထုတ်လိုက်သော်လည်း ထိုမိန်းကလေးက...

"ရှင့်ကိုယ်က မဟုတ်ရင် ရှင့်ကားက ဖြစ်မှာပေါ့။ ပုပ်စော်နံနေတယ်။ ရှင် သေသေချာချာရှုကြည့်ပါလား"

ဇော်နိုင်က နှာခေါင်းကို ရှုံ့ချည်ပွချည်ပြုကာ...

"ဘာစော်မှ မနံပါဘူးဗျာ။ ခင်ဗျားစိတ်ထင်လို့ပါ"





"ကျွန်မ အရူးမဟုတ်ဘူး။ ရှင့်ကားထဲမှာ ကြွက်တစ်ကောင်ကောင် သေနေတာ ဖြစ်မယ်။ အိမ်ပြန်ရောက်ရင် သေသေချာချာ ရှာကြည့်ဦး။ ဘယ်လိုကားများ စီးမိတယ် မသိဘူး"

ဇော်နိုင်က လက်လျှော့လိုက်သည်။ ဆက်ပြောလျှင် စကားများနေရဦးမည်။ ဒီတစ်ခါတွေ့တာက သရဲထက်ဆိုးတဲ့ဘီလူးဖြစ်နေသည်။ ကောင်မလေးက ရုပ်ကလေးချောသလောက် ခပ်ကြမ်းကြမ်း။ ပွင့်လင်းပြတ်သားတာလားမသိ။ ဟိတ်ဟန်မရှိ။

နောက်ထပ်စကားမပြောတော့။ သူ့အိတ်ထဲက ပန်းရောင်လက်ကိုင်ပဝါလေးကို ထုတ်ကာ လက်တစ်ဖက်ဖြင့် နှာခေါင်းကို ပိတ်ပြီး စက္ကူအိတ်ထဲက ဓာတ်ပုံတွေကို ကြည့်နေသည်။ ဓာတ်ပုံတွေက ၁၀" x ၁၂" အရွယ် ပုံကြီးချဲ့ထားသောပုံတွေဖြစ်၏။ ဇော်နိုင်က အမှတ်မထင် လှမ်းကြည့်လိုက်တော့ သေဆုံးနေသူတွေ၏ပုံ ဖြစ်နေသည်။

"ညီမလေးက ရဲလား"

ဇော်နိုင်က မေးလိုက်၏။ သူ့ကို တစ်ချက်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရင်း...

"မဟုတ်ဘူး"

ဟု ခပ်တိုတိုဖြေ၏။

"ဒါဆို...ဒီဓာတ်ပုံတွေက..."

"ဒါတွေက ကျွန်မတို့ မှုခင်းဂျာနယ်မှာ သုံးဖို့"

"ဒါဆို ညီမလေးက စာရေးဆရာမ ပေါ့"

"မဟုတ်ဘူး၊ အယ်ဒီတာ ဆောင်းပါးရှင်။ ဒီမယ် ရှင့်ကို တစ်ခုပြောဦးမယ်၊ လူကို ညီမလေး...ညီမလေး...မခေါ်ပါနဲ့"

"ခင်ဗျားက အစ်မလေး ခေါ်လည်း မကြိုက်ဘူး၊ ညီမလေးခေါ်လည်း မကြိုက်ဘူးဆိုတော့ ကျွန်တော်က ဘယ်လိုခေါ်ရမှာလဲ"

"နာမည်ခေါ်ပေါ့"

"ခင်ဗျားနာမည်မှ ကျွန်တော်က မသိဘဲ"

ဇော်နိုင်၏ မှန်ကန်သောသစ္စာစကားကြောင့် သူမ





မျက်နှာက ပထမဆုံးအကြိမ်အဖြစ် ပြုံးတုံ့တုံ့ဖြစ်သွား၏။

"ကျွန်မနာမည်က မာလာဝေတဲ့"

"မာလာဝေ..."

ဇော်နိုင်က တိုးတိုးကလေး ရေရွတ်ကြည့်လိုက်၏။ လူနှင့်လိုက်ဖက်သည့် နာမည်ပင်ဖြစ်သည်။ ပန်းခြံလမ်းထဲရောက်တော့ မစ္စတာဘာရောင်း လက်ဖက်ရည်ဆိုင်ရှေ့တွင် ရပ်ခိုင်းလိုက်၏။ ထိုဆိုင်ဘေး မြေညီထပ်တွင် 'လောကနတ်' မှုခင်းဂျာနယ်ဟု ဆိုင်းဘုတ်တင်ထားသော အခန်းရှိ၏။ မာလာဝေက သူ့ကို တစ်ထောင်တန် နှစ်ရွက် ထုတ်ပေးကာ ထိုအခန်းထဲ ခပ်သွက်သွက်ဝင်သွားလေသည်။

နောက်တစ်ရက်တွင် အိမ်နားက ဂျာနယ်ရောင်းသောဆိုင်ဆီ လျှောက်သွားကာ 'လောကနတ်' မှုခင်းဂျာနယ်ကို ဝယ်ကြည့်မိ၏။ အယ်ဒီတာအဖွဲ့ဝင်များဆိုသော နေရာအောက်တွင် တခြားအမည်များနှင့်အတူ မာလာဝေ၏ အမည်ကိုလည်း တွေ့ရ၏။ ဒါဆို ဒီကောင်မလေးက သူ့ကို နာမည်အမှန်အကန် ပြောသွားခြင်းသာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ညရောက်သောအခါ တာမွေဘက် မာလာဝေ ဌားစီးခဲ့သော နေရာကို လှည့်ပတ်မောင်းကြည့်သေး၏။ အရိပ်အယောင်တောင်မမြင်ရ။ မိန်းကလေးခရီးသည်တွေ သူကြုံဖူးခဲ့ပါလျက် ဘာကြောင့် ဒီကောင်မလေးကျမှ ဂရုတစိုက်ရှိနေရတာလဲ။ မာလာဝေက သူ့ကားထဲတွင် ပုပ်စော်နံနေသည်ဟု ပြောခဲ့သဖြင့် ကားထဲတွင် နေရာအနှံ့ ရှာဖွေကြည့်သေးသည်။ သူပြောသလို ကြွက်သေလည်း မတွေ့ရ၊ ကြောင်သေလည်း မတွေ့ရ။

သူ ရန်ကုန်ဘက်ကို ကားပြန်မောင်းလာတော့ တစ်နေရာတွင် လက်လှမ်းပြကာ တားနေသော လူတစ်ယောက်ကို တွေ့ရသည်။ သူက ကောင်းစွာမရပ်နိုင်လောက်အောင်ပင် ယိမ်းထိုးနေသဖြင့် အရက်မူးနေသူဖြစ်ကြောင်း သိသာ၏။ လူက အသက်လေးဆယ်ခန့်ရှိကာ စတစ်ကော်လံအင်္ကျီအဖြူနှင့် သားသားနားနားဝတ်ဆင်ထားသဖြင့် ရုံးဝန်ထမ်း အရာရှိငယ်တစ်ဦးပုံပေါက်နေ၏။ တချို့သည် ဤကဲ့သို့ပင် ရုံးဆင်းလျှင် အပန်းဖြေသောက်တတ်ကြတာ သိထား၏။ ဒီလူကြည့်ရတာက အပန်းဖြေအဆင့်ထက် အနည်းငယ်ပိုနေ၏။ ဒါကြောင့် သောက်ဖော်စားဖက်တွေက တစ်ကိုယ်တည်း





ထားကာ ပစ်သွားကြလေသလားမသိ။

သူ့မိတ်ဆွေ ကားမောင်းသူ အများစုမှာ အရက်သမားဆို မတင်ဘဲ ဝေးဝေးက ရှောင်တတ်ကြ၏။ အရက်သမားဟူသမျှမှာ ကားသမားအပေါင်း မကောင်းဆိုးဝါးများဖြစ်ကြ၏။ သူတို့သည် ကားပေါ်ရောက်လျှင် မူးမူးနှင့် ယစ်တတ်ကြ၏။ တချို့သွေးဆိုးသူများဆိုရန်မူတတ်၏။ ကားပေါ်တွင် အန်တတ်၏။ ပိုက်ဆံတောင်း၍ မရတတ်။ ဘယ်ပို့ပေးရမှန်းမသိဘဲ ရှာလည်နေတတ်၏။ သူတို့ကို တင်ရသည့်အတွက် ကောင်းကျိုးပေးတာမရှိ။

သို့သော် စိတ်ကောင်းရှိသော ဇော်နိုင်က ကားကို ထိုလူ့ရှေ့ ထိုးရပ်လိုက်၏။ ဒီလိုမူးနေသူတွေကို တခြားခရီးသည်တင်ဘတ်စ်ကားတွေကလည်း မတင်ချင်ကြ။ သိလျှင် ကားပေါ်ကပင် မောင်းချ၏။ သူတို့လို အငှားကားတွေကပါ မတင်ဘူးဆိုလျှင် ဒီလူတွေ ဘယ်လိုလုပ်အိမ်ပြန်ရောက်နိုင်ပါတော့မည်နည်း။ သူတို့သည် သာမန်အခြေအနေမဟုတ်ဘဲ မူးနေကြလေရာ အိမ်ကို မှန်မှန်ကန်ကန် ပြန်မရောက်လျှင် လမ်းပေါ်တွင် ဘေး ဒုက္ခအမျိုးမျိုး ကြုံနိုင်သည်။ ကားတိုက်ခံရနိုင်သည်။

www.burmeseclassic.com



လုယက်တာလည်း ခံရနိုင်သည်။ သူတို့သည်လည်း တကယ်တော့ ကိုယ့်ကားကို ငှားစီးသော ခရီးသည်တွေသာဖြစ်သည်။

"တက်… အစ်ကိုကြီး၊ ကျွန်တော် ဘယ်ပို့ပေးရမလဲ"

သူက ဤသို့ပြောလိုက်သော်လည်း ထိုသူက ကားနောက်ခန်းသို့ စောင်းငဲ့ကြည့်ကာ…

"ဆောရီးပဲဟေ့၊ ငါက ကားအလွတ် ထင်ပြီး တားလိုက်တာ၊ နောက်မှာ ခရီးသည်ပါလာတာကိုး။ နောက်မှာထိုင်နေတဲ့ ညီမလေးကို အားနာပါတယ်။ ကဲ…သွားတော့ ငွတ်နိုက်"

ဟုဆိုနေသည်။ ဒီလူ ဘာကြောင်တာလဲ။ ဇော်နိုင်က နောက်ကို လှည့်ကြည့်လိုက်သည်။ နောက်တွင် ဘယ်သူမှ ရှိမနေ။ သူက ဘာကြောင့် နောက်ခန်းမှာ ထိုင်နေတဲ့ ညီမလေးဟု ပြောနေလေသနည်း။ သူ အတွေးဝေနေစဉ် အမူးသမားက ဒယိမ်းဒယိုင် သူ့အနားက ထွက်ခွာသွားလေသည်။

ဒီလူ အရက်ကြောင် ကြောင်နေတာပဲဖြစ်မည်။





ဇော်နိုင်က ထိုသို့တွေးပြီး ကားကို မောင်းထွက်လာခဲ့သည်။ ဒီလိုလူမျိုးက မတင်တာပဲကောင်းသည်။ တင်လျှင် ဘယ်လောက်ပြဿနာပွေဦးမည်မသိ။

ရန်ကုန်ထဲ ရောက်လာသောအခါ ရွေ့နားတွင် ကိုကျော်ကြီးကို တွေ့ရသဖြင့် လှမ်းခေါ်လိုက်၏။ ပြီးတော့ သူတို့နှစ်ယောက်အနီးရှိ ကော်ဖီဆိုင်တွင် ထိုင်ကြသည်။ သူ့အပေါ်တွင် ကိုကျော်ကြီးကျေးဇူးတွေ ရှိနေသည်။

"မင်း ကားမောင်းရတာ အဆင်ပြေရဲ့လား"

"အင်း…သိပ်တော့မဆိုးလှပါဘူး။ အခုတော့ ဆီဈေးက နည်းနည်းတက်တော့ အရင်ကလောက် မကျန်ဘူးပေါ့။ လူတွေကလည်း စီးပွားရေး ကျပ်တည်းလာလား မသိဘူး။ မလွှဲသာမှဘဲ အငှားကားစီးကြပုံရတယ်"

"မင်း မမောင်းချင်လည်း ကားပြန်အပ်လိုက်လေ။ ငါနဲ့အတူ လာအလုပ်လုပ်။ မင့်ကို ငါသင်ပေးမယ်။ ဒီအလုပ်က ခက်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အလုပ် မဟုတ်ဘူး"

"ဟာ… ကျွန်တော်နဲ့တော့ မဖြစ်ပါဘူး"

ကျော်ကြီးက ကားပွဲစားဖြစ်သည်။ ဒီအလုပ်က ဟုတ်တာရော မဟုတ်တာပါ ကြမ်းပိုးကို လိပ်ဖြစ်အောင် ပြောရသည်။ ပြီးတော့ အမြီးကျက် အမြီးစား၊ ခေါင်းကျက် ခေါင်းစား။

"အေးလေ… မင်းက ဘုရားဖြစ်မယ့် အုတ်နီခဲပဲ"

သူ့ကို လှောင်ရယ် ရယ်၍ ကိုကျော်ကြီးက လမ်းခွဲသွားသည်။ သူ ကားပတ်မောင်းနေစဉ် ရွှေဘုန်းပွင့်ဘုရားဘက်မှ ခရီးသည်တစ်ယောက်ရ၏။ အသက် ငါးဆယ်ကျော်ခန့် ယောဂီဝတ်နှင့်ဖြစ်တော့ သူ ပြုံးမိသေးသည်။ ကားသမားဘဝဆိုတာ ဒီလိုလူစုံတွေ့နေရတာပဲ။ မကြာခင်က အရက်သမား။ အခုတော့ တရားသမား။

ဒီလူကြီးက တောင်ဥက္ကလာ နန္ဒာဝန်ဈေးရှေ့ကို ငှား၏။ သူက များများမတောင်း။ သုံးထောင်သာ တောင်းလိုက်သည်။ သူ့ဆားတွင်ဝင်ထိုင်၏။ လည်ပင်း





တွင်လည်း ပုတီးတစ်ကုံး ပါလာ၏။

"ဦးက ဒီရွှေဘုန်းပွင့်ဘုရားမှာ အဓိဋ္ဌာန်နဲ့ ပုတီးလာစိတ်တာလေ။ စရဏအလုပ်ကလေး ဆိုပါတော့ကွာ"

"ဟုတ်ကဲ့…ကောင်းပါတယ်ဦး။ ကျွန်တော်တို့တော့ ငယ်သေးတော့ အားကျပေမယ့် မလုပ်နိုင်ဘူး"

ဇော်နိုင်က အလိုက်သင့်ပြောလိုက်သည်။ ထိုလူကြီးက…

"မဟုတ်ဘူးကွ။ ဒီလို ကောင်းမှုလုပ်တယ်ဆိုတာ အသက်ကြီးတယ် ငယ်တယ် ရွေးနေရမယ့်ကိစ္စ မဟုတ်ဘူး။ မင်း ဘုရားဂုဏ်တော်ကိုးပါးတော့ ရတယ်မဟုတ်လား"

"ရပါတယ် ဦးကြီး"

"အေး…အဲဒါလေးပဲ၊ တစ်နေ့ ကိုးပတ်လောက်စိတ်ကြည့်စမ်းပါ။ အကျိုးထူးတာတွေ့လာလိမ့်မယ်"

"ဟုတ်ကဲ့…ဟုတ်ကဲ့"

"ညအိပ်ရာဝင်ခါနီးပဲဖြစ်ဖြစ်၊ မိုးလင်း



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာထပဲဖြစ်ဖြစ်ပေါ့ကွာ"

"ဟုတ်...ဟုတ်ကဲ့"

ထိုလူကြီးက မျက်စိမှိတ်ကာ ခဏငြိမ်နေ၏။ သူ့ပုံစံက အာရုံပြုနေသောပုံစံ။ အတော်ကြာမှ မျက်လုံးပြန်ပွင့်လာကာ...

"မင်းကို ပြောစရာရှိတယ်။ သေသေချာချာမှတ်ထားပါ"

"ဟုတ်ကဲ့...ပြောပါ ခင်ဗျာ"

"မင်းကားက မသန့်ဘူးကွ"

ဒီစကားကို ဇော်နိုင်က မခံချင်။

"ဟာ... သန့်ပါတယ်ခင်ဗျာ။ ကား မထွက်မီ နေ့တိုင်း ကျွန်တော် သန့်ရှင်းရေးလုပ်ပါတယ်။ ဦး စိတ်ချပါ"

ထိုလူကြီးက ပြောကာ...

"မသန့်ဘူးဆိုတာ ဒီလိုမသန့်တာ ပြောတာမဟုတ်ဘူး။ မင်းကားက အမှောင့်အစွဲရှိတယ်ပြောတာ"

"ခင်ဗျာ...အမှောင့်အစွဲ၊ ဟုတ်လား"

"ဟုတ်တယ်။ ငါ အာရုံရတာကို ပြောတာ။ အဲဒီတော့ ဖြစ်နိုင်ရင် ကားကို ပရိတ်ရေလေး ဘာလေး ဖျန်းပေးလိုက်ပါကွာ"

သူ့နေရာရောက်၍ ကားပေါ်က ဆင်းသောအခါ ထိုလူကြီးက ပိုက်ဆံပေးရင်း ကားနောက်ခန်းသို့ သေသေချာချာ စောင်းငဲ့ကြည့်သွား၏။ ဇော်နိုင် နောက်လှည့်ကြည့်လိုက်တော့လည်း ဘာမှမရှိ။ သို့သော် သူ ရုတ်တရက် ကြက်သီးဖြန်းခနဲထသွားလေသည်။

■







www.burmeseclassic.com

www.burmeseclassic.com



[ ၃ ]

နောက်နေ့ အိမ်ကထွက်သောအခါ ဘုရားစင်ပေါ်မှ ပရိတ်ရေပုလင်းကို သူ ယူလာခဲ့သည်။ ကန်ဘဲ့ရောက်သောအခါ သူ့ကား အတွင်းအပြင်အနှံ့ ပရိတ်ရေကို ပက်ဖျန်းလိုက်သည်။

ဦးဘခန့်က သူလုပ်နေပုံကိုကြည့်ကာ...

"ဘာလုပ်နေတာလဲ မောင်ဇော်နိုင်"

ဟု မေးသည်။

"ပရိတ်ရေဖျန်းနေတာပါ"

"ကားက ဘာဖြစ်နေလို့လဲ"





ဒီမေးခွန်းကိုတော့ သူမဖြေနိုင်။ သူတွေ့ကြုံရသမျှ ပြောလျှင် သူ့ကို ကြောင်နေသူဟုသာ ထင်တော့မည်။

"ဘာမှမဖြစ်ပါဘူးဦး တမင် အန္တရာယ်ကင်းအောင်လို့ပါ"

"အေးလေ...ကောင်းတာပေါ့"

ဒီကိစ္စက ဒီလောက်နဲ့ ပြီးသွား၏။ ကားထွက်လာရသည်။ စိတ်ထဲက တထင့်ထင့်။ တစ်ခါက ကားတားစီးရင်း လမ်းခရီးတွင် ရုတ်တရက် ပျောက်ကွယ်သွားသော မိန်းကလေးဆီ စိတ်ကရောက်နေ၏။

ရှေ့တွင် မိန်းကလေးတစ်ယောက် ကားတားနေသည်။ အနားရောက်တော့ သူ ပျော်သွား၏။ တစ်ခါက သူ့ကားကို စီးခဲ့ဖူးသော အိပ်မက်ထဲက မင်းသမီးလေး။ လောကနတ် မှုခင်းဂျာနယ်က အယ်ဒီတာမလေး မာလာဝေ ဖြစ်နေ၏။ သူက ကားကို ရှေ့တွင် ထိုးရပ်ပေးလိုက်တော့ သူ့ကို ချက်ချင်းမှတ်မိသွားဟန်တူ၏။

"ဪ...ရှင်ပဲကိုး"

ဟုဆိုသည်။ ဇော်နိုင့်ဘေးမှ တံခါးကို ဆွဲဖွင့်ကာ ဝင်ထိုင်လိုက်၏။ သူ သတိထားမိသည်။ ကားငှားစီးသူ အများစုမှာ ဒါရိုက်တာဘေးတွင် ထိုင်လေ့မရှိ။



www.burmeseclassic.com

www.burmeseclassic.com



နောက်ခန်းတွင်သာ ထိုင်လေ့ရှိ၏။ မာလာဝေကတော့ ထူးခြားသည်။ နောက်ခန်းတွင်မထိုင်။ ကားကို မောင်း ထွက်ရင်း...

"ကျွန်တော့်နာမည် ဇော်နိုင်ပါ"

ဟု မိတ်ဆက်လိုက်၏။ မာလာဝေက မထူးခြား သလို...

"သိပါတယ်"

"ဗျာ...ဘယ်လိုလုပ်သိတာလဲ"

"ရှေ့မှာမြင်နေရတာပေါ့"

မာလာဝေရှေ့တွင် ထောင်ထားသောကတ်ကလေး ရှိတာ မေ့နေ၏။ ထိုကတ်ပေါ်တွင် ဒရိုင်ဘာအမည်နှင့် ဓာတ်ပုံကို ဖော်ပြထားရသည်မှာ ကားတိုင်း၏ထုံးစံပင် ဖြစ်လေသည်။ မာလာဝေနှင့် တွေ့တိုင်း သူ ခြေ တစ်လှမ်း နောက်ကျနေသည်။

"ကျွန်တော် ဘယ်ကိုပို့ပေးရမလဲ"

"တလောက ပို့ပေးတဲ့ ဂျာနယ်တိုက် ကိုပဲ"

ဒီတစ်ခါတော့ ရှင့်ကားက ပုပ်စော်နံတယ်ဟု မပြောတော့။ ပရိတ်ရေတန်နိုးကြောင့်လားမသိ။





"ကျွန်မ ဘယ်လောက်ပေးရမလဲ"

"တစ်ထောင်ပဲပေးပါ"

"ရှင်က မိန်းကလေးတွေစီးရင် ဒီလိုပဲ လျှော့ယူလေ့ရှိသလား"

"မဟုတ်ပါဘူး။ ၂၀၀၀ တောင်းရင် ခင်ဗျားက များတယ်ပြောတယ်။ ၁၅၀၀ ပေး ပြောတော့လည်း တလွဲတွေးတယ်။ ပြီးခဲ့တဲ့ အခေါက်က ၂၀၀၀ ပေးသွားတော့ ၅၀၀ ပိုနေတယ်။ ဒါကြောင့် ဒီတစ်ခေါက်တော့ တစ်ထောင်ပဲပေးပါလို့ ပြောတာ"

"ရှင် မဆိုးဘူး"

သူ့ကို ချီးမွမ်းစကားပြောကာ ကားပေါ်က ဆင်း တော့ သူပြောသည့်အတိုင်း တစ်ထောင်ပဲပေးသွားသည်။ အဲဒါက ပြဿနာမဖြစ်။ မနက် ကားအပ်ခါနီး အုံနာ အိမ်ရောက်တော့ ထုံးစံအတိုင်း သူ့ကားကို စစ်ဆေး ကြည့်သည်။ ကားစီးသူတွေ ပစ္စည်းတစ်စုံတစ်ရာ မေ့ ကျန်ခဲ့သည်ရှိသော် သူသိမ်းဆည်းထားကာ ပြန်ပေး နိုင်ရန် ဖြစ်သည်။ ထိုနေ့က ကားရှေ့ခန်း သူ့ဆေး ဆိုင်ခုံအောက်မှ စာအိတ်အညိုလေးတစ်အိတ် ကောက်ရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူကြည့်လိုက်တော့ အတဲမှာ မှုခင်းဓာတ်ပုံတွေ တွေ့ရ၏။ သေချာသည်၊ မာလာဝေ မေ့ကျန်ခဲ့တာ ဖြစ်မည်။ ထိုင်ခုံအောက်ကျနေသဖြင့် ဘယ်သူမှမတွေ့။

သူက အိတ်ကိုယူကာ ပြန်လာခဲ့သည်။ အိမ်ရောက်၍ အမှတ်မထင် ဓာတ်ပုံများကို ထုတ်ကြည့်မိသောအခါ ဓာတ်ပုံတချို့က သူ့ကို အံ့အားသင့် ထိတ်လန့်သွားစေသည်။ မိန်းကလေးတစ်ယောက် သေဆုံးနေသောပုံ။ တစ်ကိုယ်လုံးပုံအရ ဝတ်ဆင်ထားတဲ့ အဝတ်အစားတွေက ဂျင်းစကတ်နှင့် ရှပ်အပြာနု။ အနီးကပ်တွေ့ရသော မျက်နှာပုံတွေက တစ်မြန်နေ့ည က သူ့ကားကို တားဆီးကာ ပျောက်ကွယ်သွားခဲ့သည့် မိန်းကလေးဖြစ်ကြောင်း ထင်ရှားနေသည်။

ဒီကိစ္စကို မာလာဝေက အသေးစိတ် သိနေပေမည်။ သူလည်း သိရမှဖြစ်မည်။ သို့သော် အချိန်က မနက်(၇)နာရီသာသာခန့်သာ ဖြစ်နေသေးရာ ဂျာနယ်တိုက်က ဖွင့်ဦးမည်မဟုတ်။ သူ ခဏ တစ်မှေးအိပ်လိုက်၏။ ပြန်နိုးတော့ (၁၁)နာရီထိုးနေလေပြီ။ သူ ရေချိုးကာ အမေပြင်ပေးသော ထမင်းပွဲကို ကပျာကသီစားပြီး ထွက်လာခဲ့၏။





မဟာဗန္ဓုလပန်းခြံလမ်း ဂျာနယ်တိုက်သို့ ရောက်သောအခါ…

"ကျွန်တော် မာလာဝေနဲ့ တွေ့ချင်လို့ပါ"

ခဏနေတော့ မာလာဝေ ထွက်လာသည်။ သူ့ကို တွေ့လျှင်တွေ့ချင်း…

"ဟာ…အတော်ပဲ၊ ကျွန်မက ရှင့်ကို ဘယ်သွားစုံစမ်းရမလဲ စဉ်းစားနေတာ။ မနေ့ညက ရှင့်ကားထဲမှာ ကျထားတဲ့ ဓာတ်ပုံတွေ မေ့ကျန်ခဲ့လို့"

"ဟုတ်ပါတယ်။ အဲဒီပစ္စည်းကို လာပို့တာပါ"

"ကျေးဇူးပဲ"

ဇော်နိုင်က ဓာတ်ပုံထုပ်ကို ပေးလိုက်ရင်း…

"ခင်ဗျားကို ကျွန်တော် အကူအညီ တစ်ခု တောင်းချင်တယ်"

သူ့ကို နားမလည်နိုင်သလိုကြည့်ရင်း မာလာဝေက…

"ပြောပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စက တော်တော်အရေးကြီးတယ်။
တစ်နေရာမှာသွားပြောရအောင်"

ဇော်နိုင့်မျက်နှာမှာ တကယ်ပင် အရေးတကြီးပုံပေါ်နေသဖြင့် မာလာဝေက လမ်းထဲက မစ္စတာဘရောင်း လက်ဖက်ရည်ဆိုင်ကို ခေါ်သွားသည်။ အပေါ်ထပ်က လူအတော်ရှင်းနေ၏။ ဇော်နိုင်က သူ့ဖြစ်ခဲ့သမျှကို ပြန်ပြောပြကာ...

"အဲဒီဓာတ်ပုံထဲက သူက ဘယ်သူလဲ။
ဘာဖြစ်သွားတာလဲ"

ဟု မေးလိုက်၏။ မာလာဝေက အံ့သြစွာ နားထောင်နေရာမှ...

"လွန်ခဲ့တဲ့တစ်လကျော်ကျော်လောက်က အဲဒီဓာတ်ပုံထဲကမိန်းကလေးဟာ ယောကျ်ားတစ်ယောက်ရဲ့ စော်ကားပြီး သတ်ပစ်တာကို ခံခဲ့ရတယ်။ အခုအချိန်ထိ တရားခံက မပေါ်ပေါက်သေးဘူး"

ဟု စိတ်မကောင်းစွာ ပြောပြ၏။

"သူ့နာမည်က ကြည်ပြာတဲ့။ စားသောက်ဆိုင်မှာ သီချင်းဆိုတယ်။ နေတော့ မြောက်





ဥက္ကလာမှာ။ ဒီလိုပဲ အချိန်မတော်ပြန်နေကျ။ ဒါပေမဲ့ တစ်ရက်တော့ အိမ်ပြန်ရောက်မလာဘူး။ သူ့အလောင်းကို မယ်လမုဘုရားနားက ကွင်းထဲမှာ ပစ်ထားတာတွေ့ရတယ်။ အဲဒီဓာတ်ပုံတွေက အလောင်းကို တွေ့တုန်းက ရိုက်ထားတဲ့ ဓာတ်ပုံတွေပဲ။ ရဲဘက်ကလည်း အငှားကားစီးရင်း အသတ်ခံရတယ်လို့ ယူဆတယ်။ ဒါပေမဲ့ ရန်ကုန်မှာ အငှားကားတွေ ဒီလောက်များတော့ ဘယ်လိုအစရှာရမှန်း မသိဘူး။ ဒီအတိုင်းဆို ရှင့်ကားနဲ့ ဆက်စပ်ပုံရတယ်။ ရှင် ဒီကားကိုမောင်းတာ ဘယ်လောက်ကြာပြီလဲ"

"တစ်လလောက်ပဲရှိသေးတယ်"

"ဒါဆို ရှင့်အရင် ဒီကားကိုမောင်းတာ ဘယ်သူလဲ"

"အဲဒါတော့ ပိုင်ရှင်သူဌေးပဲ သိမယ်"

"သူ့သွားမေးရအောင်။ ဒီကိစ္စက အရေးကြီးတယ်။ လွတ်နေတဲ့တရားခံကို ဖမ်းမိဖို့ပဲ။ ဒုစရိုက်သမားကို ထိုက်တန်တဲ့အပြစ်ပေး



www.burmeseclassic.com

www.burmeseclassic.com



နိုင်အောင် ကျွန်မတို့ ကူညီရမယ်။ ကျွန်မတို့ ဂျာနယ်အတွက်လည်း ထူးခြားတဲ့ သတင်းဆောင်းပါး ဖြစ်မယ်"

ဇော်နိုင်သည် မာလာဝေကို ကန်ဘဲ့ရှိ ဦးဘခန့်ထံ ခေါ်သွားကာ နှစ်ယောက်သား အကြောင်းစုံပြောပြလိုက်သည်။ ဦးဘခန့်က အံ့ဩထိတ်လန့်သွား၏။ ဇော်နိုင်က...

"ကျွန်တော့်အရင် ဒီကားကို မောင်းခဲ့တာ ဘယ်သူလဲ"

"နေ့ဘက်မောင်းတာကတော့ အောင်ကြိုင်ပဲ"

မာလာဝေက ဝင်ပြောသည်။

"အရေးကြီးတာက ညဘက်မောင်းတဲ့သူပါ"

"ညပိုင်းမောင်းတာကတော့ ကျော်ကြီးပဲ"

ဇော်နိုင် အံ့အားသင့်သွားသည်။ ကိုကျော်ကြီးကို သူက လူကောင်းတစ်ယောက်ဟု ယုံကြည်ထားခဲ့၏။ ကိုကျော်ကြီးက ဒီလိုရက်စက်ယုတ်မာမှုကို ပြုလေ





မလား။ ဦးဘခန့်အား မာလာဝေက...

"ဘာပဲဖြစ်ဖြစ် ဒီကိစ္စကို ရဲဘက်ကို အကြောင်းကြားမှ ဖြစ်မယ်။ ဒီအမှုကိုင်နေတဲ့ ရဲအုပ်ကို ကျွန်မ သိတယ်"

မကြာမီ သက်ဆိုင်ရာက လိုက်လေသည်။ ကားကို သေသေချာချာ စစ်ဆေးကြသည်။ ကားကြမ်းခင်း တစ်နေရာတွင် နားကွင်းတစ်ဖက်တွေ့ရ၏။ ထိုနားကွင်းမှာ သေသူ ပန်ဆင်ထားသော နားကွင်းဖြစ်ကာ အလောင်းတွင် တစ်ဖက်ပျောက်ဆုံးနေ၏။ ကားနောက်ခန်း ကူရှင်တွင် သွေးကွက်သဖွယ် မသက်ာဖွယ်ရာ တွေ့ရသဖြင့် စစ်ဆေးကြည့်သောအခါ သေသူခန္ဓာကိုယ်မှ ထွက်သော သွေးနှင့် အမျိုးအစားချင်းလည်း တူညီနေသည်။

ရဲဘက်က ကျော်ကြီးကို ဖမ်းလိုက်သည်။ နောက်ဆုံးတွင် ကျော်ကြီးကလည်းဖြောင့်ချက်ပေး၏။ လောကနတ် မှုခင်းဂျာနယ်တွင် ထိုအမှုအကြောင်း အသေးစိတ်ဖော်ပြသည့် မာလာဝေ၏ အခန်းဆက်ဆောင်းပါးပါလာရာ လူအများ စိတ်ဝင်တစား ဖတ်ရှု၍ ဂျာနယ်မှာ စောင်ရေတိုးထုတ်ဝေရသည်။ ဦးဘခန့်ထံတွင် ဇော်နိုင်



www.burmeseclassic.com

www.burmeseclassic.com



ကားမမောင်းတော့။ မာလာဝေက သွင်းပေးသဖြင့် လောကနတ်ဂျာနယ်မှ ကားကို ပြောင်းကာ မောင်းနေသည်။ သူတို့ချင်း အမြဲလိုပင် တွေ့ဆုံနေကြရလေရာ မကြာခင် ချစ်သူဘဝ ရောက်ရှိကြလိမ့်မည်ဟု မျှော်လင့်ရပေတော့သတည်း။ ။

ဒေဝလကျာ်

■





# ထူးဆန်းသော ကျောက်လက်ဝါး

ဒေဝလကျာ်



www.burmeseclassic.com

www.burmeseclassic.com



[ ၁ ]

ကျွန်ုပ်၏အမည်မှာ ဦးကျော်က ဖြစ်၍ ပင်စင်စား အစိုးရအရာရှိတစ်ဦး ဖြစ်သည်။ ယခုအခါ အသက်မှာ ၆၅ နှစ် ရှိပြီဖြစ်သော်လည်း ငယ်စဉ်က ကြက်တောင်ရိုက် အားကစားကို အတော်ပင် ထဲထဲဝင်ဝင် လိုက်စားခဲ့ခြင်း၊ ကိုယ်တိုင်ကလည်း ကျန်းမာရေးလိုက်စားခြင်းတို့ကြောင့် အကြောင်းမသိသူများအဖို့ အသက် (၅၀)ဟု ထင်ရအောင်ပင် အရွယ်တင်သူဖြစ်လေသည်။

ဇနီးဖြစ်သူမှာ လွန်ခဲ့သော ဆယ်နှစ်ကာလကပင် ကွယ်လွန်သွားခဲ့ရုံမက သားထောက်သမီးခံလည်း မရှိသဖြင့် ကျွန်ုပ်၏ဘဝကို အတော်ပင် အထီးကျန်နိုင်သောဘဝဟု ယူဆလိုက ယူဆနိုင်ပါ၏။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



ထိုအချက်ကလွဲ၍ ကျွန်ုပ်ဘဝသည် ပြည့်စုံကုံလုံသော ဘဝဟု ဆိုနိုင်လေသည်။ ကန်ဘဲ့ ငြိမ်းအေးသော ရပ်ကွက်တွင် တစ်ထပ်တိုက်ကလေး တစ်လုံးနှင့် အတော်အသင့်ကျယ်ဝန်းသော ခြံကို ပိုင်ဆိုင်၏။ ကျွန်ုပ်တို့လင်မယားမှာ အပျော်အပါး အမော်အကြွားဖြင့် ငွေမကုန်စေဘဲ ဝန်ထမ်းဘဝက စုစုဆောင်းဆောင်း နေထိုင်ခဲ့သဖြင့် လက်ထဲတွင် ငွေကြေး အတော်အသင့်လည်းရှိ၏။ နှစ်ဖက်မိဘများက အမွေအဖြစ်ထားခဲ့သော ပစ္စည်းများကိုပါ ထည့်တွက်လိုက်လျှင် လူချမ်းသာစာရင်းဟုပင် သတ်မှတ်နိုင်ပါသည်။

အများအမြင်တွင် တင့်တောင်းတင့်တယ် နေနိုင်၏။ ဇနီးရှိစဉ်က သွားရေးလာရေး လွယ်ကူစေရန် ကားကလေးတစ်စီး ကိုယ်ပိုင် ဝယ်စီးခဲ့သော်လည်း ကျွန်ုပ် ပင်စင်ယူသောအခါ အပြင်ထွက်စရာအကြောင်းကိစ္စ နည်းသည်ကတစ်ကြောင်း၊ ထိုကားအတွက် အချိန်ကုန် အလုပ်ရှုပ်မခံချင်သည်ကတစ်ကြောင်းတို့ကြောင့် ပြန်ရောင်းပစ်လိုက်သည်ပါသည်။

လူ့ဘဝဆိုသည်ကား အတော်ပင်ဆန်းကြယ်၏။ ကျွန်ုပ်တွင် ရှိသမျှငွေကြေး လစဉ်ရသော ပင်စင်လစာ





တို့ဖြင့် ကျွန်ုပ်သည် အပူအပင်မရှိ ဒူးနှံ့နေနိုင်ပါ၏။ သို့သော် အသက်မွေးမှုအတွက် မပူပန်ရသောအခါ အလုပ်မရှိ အကိုင်မရှိ မနေတတ်မထိုင်တတ် ဖြစ်လာ၏။ ထိုအကြောင်းမှာ ကျွန်ုပ်အား ဂမ္ဘီရနယ်ပယ်တွင်းသို့ ရောက်အောင် တွန်းပို့လိုက်သည့် အချက်တစ်ချက်ဖြစ်၍ နေလေသည်။

ကျွန်ုပ်သည် အခြားစိတ်ဝင်စားစရာ မရှိသည်နှင့် အဆွယ်ကောင်းသော ပင်စင်စား မိတ်ဆွေတစ်ဦးကြောင့် အင်္ဂရုတ်သမားဘဝကို စတင်ရောက်ခဲ့၏။ အင်္ဂရုတ်ပညာကား ကျယ်ဝန်းနက်နဲကာ လိုက်မကုန်ကြောင်း ထိုအခါမှ သိရ၏။ ယင်းမှာ ရှေးဟောင်းမြန်မာတို့၏ ဓာတုဗေဒနည်းပညာတစ်မျိုးဖြစ်ကာ ကျွန်ုပ်ကား ရွှေဖြစ်ငွေဖြစ်ခေါ်သော အောက်လမ်းကိုမလိုက်၊ ထွက်ရပ်ပေါက်ခေါ် အထက်လမ်းကိုသာ လိုက်ခဲ့၏။ ထိုနည်းကား ပို၍ခက်ခဲနက်နဲလေသည်။ နောက်ဆုံး ကျွန်ုပ်သည် အချိန်ကုန်လူပန်းဖြစ်ကာ ထိုနည်းကို စွန့်လွှတ်လိုက်ရသည်။

သို့သော် အမြတ်တစ်ခုကား ရခဲ့၏။ ယခင်က ကျွန်ုပ်သည် အထက်တန်းစား ပညာတတ်တစ်ဦးပီပီ



www.burmeseclassic.com

www.burmeseclassic.com



လက်တွေ့ကျကျ သိပ္ပံပညာကိုသာ ယုံကြည်ကိုးစားခဲ့၏။ သို့သော် အဂ္ဂိရတ်လိုက်စားရင်း တွေ့ကြုံရသော အတွေ့အကြုံတို့ကြောင့် လောကတွင် သိပ္ပံပညာက လက်လှမ်းမမှီနိုင်သော ယုတ္တိဗေဒနည်းဖြင့် ဖြေရှင်း၍ မရသော သဘာဝလွန်ကိစ္စရပ်များလည်း ရှိပေသည်ဟု လက်ခံယုံကြည်လာသော အမှုဖြစ်၏။

ကျွန်ုပ်သည် ဖိုထိုးခြင်းအမှုကို ကိုယ့်အစွမ်း ကိုယ့်ပါရမီနှင့် လက်လှမ်းမမှီနိုင်သောအလုပ်ဟု မှန်ကန်စွာ ဆုံးဖြတ်၍ စွန့်လွှတ်ခဲ့သော်လည်း အဂ္ဂိရတ်လိုက်စားစဉ် တွေ့ဆုံပေါင်းသင်း ရင်းနှီးခဲ့ရသည့် မိတ်ဆွေများနှင့်မူ အခင်အမင်မပျက်၊ အဆက်အဆံမပြတ်ဘဲရှိ၏။ ကျွန်ုပ်မှာ ဝန်ထမ်းဘဝကို စွန့်လွှတ်ခဲ့ရကတည်းက ပေါင်းသင်းရမည့်သူဟူ၍ မရှိသလောက်ဖြစ်နေရာ ဤအသိုင်းအဝိုင်းကိုပင် ကိုယ့်အသိုင်းအဝိုင်း မှတ်ယူနေထိုင်ရပါတော့သည်။

ထိုသူများမှာ လျှို့ဝှက်ဆန်းကြယ်သည်ဟူသော ဂမ္ဘီရဆန်ဆန် ဖြစ်ရပ်များနှင့် ပတ်သက်ဆက်စပ်နေလေ့ရှိရာ ကျွန်ုပ်လည်း မလွဲသာ မကင်းသာ ထိုကိစ္စရပ်များကို ကြားမိနေရာမှ ကိုယ်တိုင်ပါဝင်ပတ်သက်ရသည့်





အခြေသို့ ဆိုက်ရောက်လာ၏။ ယခုတင်ပြလတ္တံ့သော ထူးဆန်းသည့် ကျောက်လက်ဝါးမှာ ထိုအထဲမှ တစ်ခုဟု သာ ဆိုရပေတော့မည်။

■



www.burmeseclassic.com

www.burmeseclassic.com



[ ၂ ]

ကျွန်ုပ်တွင် အဂ္ဂိရတ်လိုက်စားသောကာလကျမှ တွေ့ဆုံခင်မင်ရသော ကိုအောင်မင်း ဆိုသူ ရှိ၏။ အသက်လေးဆယ်ခန့်ရှိကာ တည်ကြည်၍ ပေါင်းရသင်းရ အဆင်ပြေသူဖြစ်၏။ ကလေးသုံးယောက်ရှိသည့် အိမ်ထောင်သည် ဆိုသော်လည်း သူ့ဇနီးဖွင့်လှစ်ထားသည့် အထည်ဆိုင်မှာ အတော်ပင်အောင်မြင်နေသဖြင့် အိမ်၏စားဝတ်နေရေးအတွက် မပူမပင်နေရသူဖြစ်၏။ သူသည် တက္ကသိုလ်ဘွဲ့ရ ပညာတတ် မဟုတ်သော်လည်း စာအတော်အတန်ဖတ်ကာ ကိုယ်တိုင်လည်း စဉ်းစားဉာဏ်ရင့်သန်သူ ဖြစ်သဖြင့် လူညံ့တစ်ယောက် မဟုတ်ဟု ဆိုနိုင်၏။





သူသည် ထူးခြားဆန်းကြယ်သည်ဆိုသော အစွမ်းထက်သည့် ဂမ္ဘီရနွယ်ဝင် ပစ္စည်းများကို ခရီးသွားဟန်လွှဲ ရှာဖွေရောင်းချလေ့ရှိသူဖြစ်၏။ ယင်းအလုပ်အကိုင် လုပ်ကိုင်နေရခြင်းမှာ ငွေကြေးအမြတ်အစွန်းထက် အတွေ့အကြုံရှာဖွေခြင်းက ပိုအရေးပါသည်ဟူသော သူ့စကားကို ယုံစားရမလိုဖြစ်၏။ သို့ဖြင့် ကျွန်ုပ်လည်း သူနှင့်ပတ်သက်ကာ လောကလွန်သတ္တိများ ကိန်းအောင်းနေသည့် ဂမ္ဘီရပစ္စည်းများကို သိရှိလာရ၏။

ဥပမာ–ချိုးအမြဲတေ (ကျိုးအမတေဟု အသံထွက်ပါ။) ယင်းမှာ ချိုးသိုက်ထဲတွင် အကောင်မဖြစ်ဘဲ မာခဲသွားသည့်ဥမျိုးဖြစ်၏။ ယင်းကို ဆောင်ထားပါက တုတ် ဓား သေနတ် စသဖြင့် မထိရောက်။ ကာယသိဒ္ဓိပြီးသည်ဟုဆို၏။ အစစ်အမှန်ရပါက သိန်း ၂၅၀, ၃၀၀ ပေးမည့်သူ အဆင်သင့်ရှိ၏။

ကြောင်အမြဲတေ (သူခိုးတက်ပြား အသုံးပြုခဲ့၏) ဆင်အမြဲတေ၊ မြွေအမြဲတေ ဆိုတာတွေလည်း ရှိသေး၏။ စီရင်တတ်ပါက အမျိုးမျိုးစွမ်း၏။ အကောင်သေဆုံးကာ ပုပ်ရိသွားသော်လည်း မပျက်စီး မကြေပျက်ဘဲ ခန္ဓာကိုယ်တွင် ကျောက်ဖြစ်ကျန်ရစ်သော



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းဖြစ်၏။ အထူးသဖြင့် ဦးခေါင်းပိုင်းတွင် ရှိတတ်၏။

ဝက်စွယ်ဂင်းပိတ်၊ ဆင်မာန်စွယ် ဆိုတာတွေလည်း ရှိ၏။ သစ်ပင်တွေလည်း အမြုတေရှိ၏။ ကျောက်လိပ်ကျောက်ဖားဆိုသောပစ္စည်းများလည်း ရှိ၏။ ကျောက်ဖြစ်နေသော တိရစ္ဆာန် (သို့မဟုတ်) တိရစ္ဆာန်ပုံ ကျောက်တုံး ကျောက်ခဲများဖြစ်၏။

"နေပါဦး ကိုအောင်မင်းရဲ့၊ အဲဒီပစ္စည်းတွေက ခင်ဗျားတို့ပြောသလို တကယ်ရောစွမ်းရဲ့လား"

ဟု မေးသောအခါ…

"အမှန်အတိုင်း ဝန်ခံရရင် အစစ်က တစ်ခု၊ အတုက တစ်ရာပေါ့ ဆရာရယ်။ ဒီလို အင်မတန်ရှားပါးတဲ့ပစ္စည်းတွေက ဘယ်မှာ ပေါပေါများများ ရနိုင်ပါ့မလဲ။ ဈေးကလည်း မတန်တဆပေးတော့ ဒီလောကထဲကို လူလိမ်တွေဝင်လာတာ မဆန်းပါဘူး။ ကျွန်တော်ကိုယ်တိုင် သတင်းကြားတယ်ဆိုတိုင်း ဒီကိစ္စနောက်လိုက်လှုပြီ။ ဒါပေမဲ့





နောက်ဆုံးအချိန်ကုန်လူပန်း ဖြစ်ခဲ့ရတာပဲများပါတယ်"

ဟု အတိအလင်းဝန်ခံ၏။ မှန်သည့်အတိုင်း ပြောရလျှင် ကျွန်ုပ်ကိုယ်တိုင်လည်း ဒီလိုအစွမ်းထက်သည့်ပစ္စည်းမျိုး ကြုံတွေ့ဖူးချင်၏။ (သူက ကျွန်ုပ်သည် ဝါသနာအရ ဂမ္ဘီရစာပေတချို့ ရေးသားသည်ကို သိရှိကာ စာရေးဆရာကြီးအဖြစ် အသိအမှတ်ပြု၍ 'ဆရာ' ဟု တလေးတစားခေါ်လေ့ရှိ၏။ အမှန်မှာ ကျွန်ုပ်သည် ဆရာခေါ်လောက်စရာ အဆင့်မဟုတ်။ စာရေးရာ၌ ဝါသနာအပျော်တမ်းမျှသာ ဖြစ်ပေသည်။)

တစ်ရက်တွင် ကိုအောင်မင်းသည် ကျွန်ုပ်ရှိရာသို့ ရောက်လာကာ…

"ထူးထူးဆန်းဆန်းတွေ့ရင် လက်တို့ပါလို့ ဆရာက မှာထားလို့ လာခဲ့တာ။ ဟောဒီ ကျွန်တော့်မိတ်ဆွေ နာမည်က ကိုသီဟတဲ့"

ဟု သူနှင့်အတူပါလာသူအား မိတ်ဆက်ပေး၏။ ထိုသူကား အသားညိုညို ခပ်တောင့်တောင့်ကိုယ်လုံးနှင့် ခပ်ကြမ်းကြမ်းရုပ်ရည်မျိုးရှိ၏။ အသက်မှာ လေးဆယ်



www.burmeseclassic.com

www.burmeseclassic.com



ကျော်ခန့်ရှိပြီဟု ခန့်မှန်းရသော်လည်း ဆင်းရဲသူများမှာ ရုပ်ကျတတ်သည့်အားလျော်စွာ ထိုထက်လည်း အသက် ငယ်ချင် ငယ်နိုင်လေသည်။ အဝတ်အစားက ခပ်နွမ်း နွမ်း ဖြစ်နေသဖြင့် ငွေရေးကြေးရေး အဆင်ပြေပုံမရဟု အကဲခတ်နိုင်သော်လည်း မျက်ပေါက်ကျဉ်းကျဉ်းများ ထဲမှ သူ့မျက်လုံးများမှာ တောက်ပြောင်စူးရှနေသဖြင့် စိတ်ဓာတ်ခွန်အား အတော်အသင့်ရှိသူဟု ဆိုနိုင်၏။ မိတ်ဆက်ပေးသော ကိုအောင်မင်းက...

"သူက ငွေလိုလို့ ပစ္စည်းတစ်ခု ရောင်းချင်တယ်တဲ့"

"ဘာပစ္စည်းများလဲဗျ"

"ဂမ္ဘီရ ပစ္စည်းတစ်မျိုးပေါ့ခင်ဗျာ။ ကျောက်လက်ဝါးတဲ့"

"ကျောက်လက်ဝါး ဟုတ်လား"

ဟုဆိုလိုက်စဉ် ကိုအောင်မင်းက...

"ကျောက်လက်ဝါးဆိုတာ ကျွန်တော်လည်း အရင်ကတော့ ကြားပဲကြားဖူးတာ။ အခုမှ မြင်ဖူးတော့တယ်ဆရာ"

ဟု ဝင်ကာပြောလေသည်။





ထို့နောက် ကိုသိဟသည် လွယ်အိတ်ထဲမှ ခပ်ညစ်ညစ် အဝတ်ဖြူတစ်ထုပ်ကို ထုတ်ကာ စားပွဲပေါ်တင်ပြီး ဖြန့်ခင်းပြ၏။ အထဲမှ ထွက်ပေါ်လာသည့် လူလက်ပြတ်ကြီးကြောင့် ရုတ်တရက် ကျွန်တော် လန့်၍သွား၏။ သေသေချာချာ ကြည့်လိုက်တော့မှ ယင်းမှ လက်ဝါးဖြန့်ကားထားသည့် လက်နှင့်ဆင်တူသော ကျောက်သားပုံစံ ဖြစ်နေသည်ကို တွေ့ရ၏။ အင်္ဂတေကို ပုံသွန်းထားသည့်အလား၊ ကျောက်သားကို ထုဆစ်ထားသည့်အလား တူလှ၏။ သို့သော် မျက်နှာပြင်က မညီမညာ ကြမ်းရှနေသဖြင့် သဘာဝအတိုင်း ဖြစ်ပေါ်နေသည့်အရာမှန်း သိသာ၏။ အရောင်အဆင်းကလည်း ညိုပုပ်ပုပ်ဖြစ်ရာ သူ့အသားအရည် အရောင်အဆင်းနှင့် တူညီလှသည်။

ကိုအောင်မင်းက ကောက်ယူကာ လှမ်းပေးသဖြင့် ကိုင်ကြည့်လိုက်ရသော်လည်း လက်ကောက်ဝတ်မှ ပြတ်နေသည့် လူ့လက်ဝါးကို ကိုင်ရသလို ကျက်သရေကင်းမဲ့လှ၏။ ယခင်က ကျွန်ုပ်သည် ကျောက်ပုစွန်၊ ကျောက်ငါး၊ ကျောက်ဖား၊ ကျောက်လိပ် ဆိုတာတွေကို တွေ့ဖူး၏။ သေဆုံးသွားသော တိရစ္ဆာန်တွေမှ ကျောက်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားသော ရုပ်ကြွင်းများဖြစ်၏။ သို့မဟုတ်လျှင် ရာသီဥတု ရေမြေလေ တိုက်စားသဖြင့် သဘာဝအတိုင်း တိရစ္ဆာန်တစ်ကောင်ကောင်နှင့် မတော်တဆတူလာသည့် ကျောက်တုံး ကျောက်ခဲများ ဖြစ်နိုင်၏။ ဤကျောက် လက်ဝါးကား ဆန်းလှ၏။ ကိုသီဟ ပြောပြပုံအရ ဆိုလျှင်ကား ပို၍ဆန်းကြယ်လှ၏။

"ဒါကို ဘယ်က ခင်ဗျားရလာတာလဲ"

မေးတော့…

"အလယ်ရိုးမ တစ်နေရာမှာ ကျောက်လက်ဝါးတောင်ဆိုတာရှိတယ်။ အဲဒီကျောက်တောင်မှာ လက်ဝါးတွေဟာ သစ်ပင်ပေါက်သလို နေရာအနှံ့ ထိုးထွက်နေတယ်။ အဲဒီထဲက တစ်ခုကို ကျွန်တော် ဖဲ့ယူလာတာပဲ"

ကျွန်ုပ်မှာ ကြားရသောစကားများကို မယုံနိုင်အောင် ဖြစ်နေ၏။

"ကျွန်တော် အင်မတန် တန်ဖိုးထားတဲ့ ဂမ္ဘီရပစ္စည်းတစ်ခုပါ။ အခု မလွှဲသာလွန်းလို့ ရောင်းရမှာ"

"ဘယ်လောက်ရရင် ရောင်းမှာလဲ"





"ငါးသောင်း"

ထိုစဉ်က ငါးသောင်း ဆိုသည်မှာ အတော်ပင် တန်ဖိုးရှိသေး၏။ **ရွှေတစ်ကျပ်သားကို နှစ်ထောင်ငါးရာခန့်သာ** ပေးရသောကာလဖြစ်၏။ ကျွန်ုပ်အနေဖြင့် နှစ်သက်သဘောကျသည့်တိုင်အောင် ဤမျှငွေကို ဘဏ်မှ ထုတ်ယူသုံးစွဲရန် အခက်အခဲရှိနေလေသည်။ သို့သော် စပ်စုချင်စိတ်ကြောင့်…

"ခင်ဗျားပစ္စည်းက ဘာတွေစွမ်းသလဲ"

"အဓိကကတော့ လုံခြုံရေးပါပဲခင်ဗျာ"

ကိုအောင်မင်းက ကျွန်ုပ်ကိုကြည့်ကာ…

"အဲဒါကြောင့် ကျွန်တော် ခေါ်လာခဲ့တာ"

ဟုဆို၏။ လွန်ခဲ့သောတစ်ပတ်က ကျွန်ုပ်အိမ်သို့ သူခိုးဖောက်ထွင်းဝင်ရောက်ခဲ့၏။ ကျွန်ုပ် အိပ်ရာမှ နိုးသဖြင့် ထွက်ပြေးသွားခြင်း ဖြစ်လေသည်။ ကျွန်ုပ် အတော်ပင်တုန်လှုပ်သွားမိ၏။ သူခိုးနှင့်သာ ရင်ဆိုင်တိုးပါက ကျွန်ုပ်ကို သတ်ဖြတ်သွားနိုင်လေသည်။

ကိုသီဟက…

"ဂမ္ဘီရပညာ ကျွမ်းကျင်တဲ့ ဆရာကြီး



www.burmeseclassic.com

www.burmeseclassic.com



တွေကတော့ အဲဒီ ကျောက်လက်ဝါးကို အမျိုးမျိုးစီရင်ပြီး လိုသလို သုံးကြတာပဲ”

“ဒီကျောက်လက်ဝါးအကြောင်း ပြည့်ပြည့်စုံစုံ ပြောပြနိုင်မလား”

ဟု ကျွန်ုပ်က မေးလိုက်သောအခါ ကိုသီဟက သွက်လက်စွာဖြင့်...

“ဟုတ်ကဲ့...ပြောပြနိုင်ပါတယ်ခင်ဗျာ”

ဟု ဆိုလိုက်လေသည်။

■





[ ၃ ]

ကိုသီဟသည် အတန်ငယ်ခေါင်သည့် နယ်မြို့ကလေး တစ်မြို့မှ ကုန်သည်လေးတစ်ဦး ဖြစ်၏။ ဒေသမှ ထွက်သည့် ကုန်များကို ပွဲရုံတွင် လှောင်ကာ တခြားဒေသမှလာသော ကုန်သည်များအား ပြန်ရောင်းလေ့ရှိ၏။ သူသည် သဘောကောင်းကာ တစ်ဖက်သားကို ညှာတာစွာဆက်ဆံတတ်သဖြင့် သူ့ပွဲရုံမှာ အောင်မြင်သောပွဲရုံ ဖြစ်ခဲ့၏။

သူ့တွင် မလှကျော့ဆိုသော ဇနီးတစ်ယောက်ရှိ၏။ တစ်မြို့တည်းနေသူပင်ဖြစ်ကာ သူ့မိဘများ မကွယ်လွန်မီက စေ့စပ်ပေးစားခဲ့သူဖြစ်၏။ မလှကျော့ကား ရုပ်က ရွက်ကြမ်းရေကျိုဟု ဆိုနိုင်သော်လည်း ကိုယ်လုံးကိုယ်ပေါက်က လှပ၏။ ညိုစိမ့်စိမ့် အသား



www.burmeseclassic.com

www.burmeseclassic.com



အရေဖြင့် ယောကျ်ားများကို စွဲဆောင်နိုင်သောအကြည့် ရှိ၏။ သူ့မိဘများလက်ထဲတွင် ဆင်းရဲသော်လည်း ကိုသီဟနှင့် လက်ထပ်ပြီးသောအခါ တင့်တောင်း တင့်တယ် နေနိုင်သဖြင့် အလှမှာ ပို၍ပေါ်လွင်လာ၏။ သူ့ဘဝတွင် တွယ်တာစရာ ဤဇနီးတစ်ယောက်သာ ရှိသဖြင့် ကိုသီဟကလည်း အရေးပေးကာ ချစ်ခင် ကြင်နာပါ၏။ သို့သော်...

မလှကျော့ကား သစ္စာမရှိ။ ကိုသီဟထံ ရောက်လာ သော မြေလတ်မှ ကုန်သည်လေး ကိုတင့်မောင်နှင့် တိတ်တဆိတ်ဖြစ်၏။ ကိုတင့်မောင် ကုန်ရောင်း ကုန် ဝယ် ရောက်လာလျှင် ကိုသီဟတို့အိမ်၌ပင် သုံးလေး ရက် တည်းခိုနေထိုင်တတ်၏။ ကိုဘင့်မောင်ကား တစ်ခုလပ်ဖြစ်ကာ မိန်းမကျွမ်းကြေသူဖြစ်သဖြင့် မလှ ကျော့အား စည်းရုံးသိမ်းသွင်းနိုင်ခဲ့သည်။

ဤကိစ္စများကို ကိုသီဟက သိ၍ ဟန့်တားရန် ကြိုးစားသောအခါ...

မလှကျော့သည် ကိုတင့်မောင်နောက် လိုက်ပြေး လေတော့သည်။ အများက ကိုတင့်မောင်အား မယား ခိုးမှုနှင့် တရားစွဲရန် ကိုသီဟအား တိုက်တွန်းသော်





လည်း ကိုသီဟက ခွင့်လွှတ်ကာ လျစ်လျူရှုနေလိုက် သည်။ သို့သော် ရင်ထဲမှာကား အတော်ပင် အထိနာခဲ့ သည်။ ထိုအချိန်ကစ၍ ဘဝကို အရက်ထဲတွင်သာ နှစ်မြှုပ်ထားလိုက်ရာ တစ်စထက်တစ်စ စီးပွားလည်း ပျက်ခဲ့လေတော့သည်။ ယခင်ကပုံစံနှင့် လုံးဝခြားနား၍ သွားသည်။ ဆင်းဆင်းရဲရဲ စုတ်စုတ်ပြတ်ပြတ်နှင့် ကျန်းမာရေးလည်း ချို့ယွင်းလာခဲ့၏။

သူသည် အရူးကြီးတစ်ယောက်လိုပင် ခြေဦးတည့် ရာ သွားလာနေလေရာ သေဆုံးသွားလျှင်လည်း ဤ ဒုက္ခမှ ဝင်္ကကျွတ်လေပြီဟု ယူဆထားဟန်ရှိ၏။ သို့ဖြင့် တစ်ညတွင် သုသာန်ဇရပ်တစ်ခုတွင် နားခိုနေရင်း မိုးမိကာ အပြင်းဖျားလေရာ ကူညီမည့်သူလည်း မရှိ သဖြင့် ဤအချိန်ကား ငါ၏နောက်ဆုံးအချိန်ပင် ဖြစ် လေပြီဟု မှတ်ယူနေမိ၏။

သို့သော် သေကံမရောက် သက်မပျောက်။ ရသေ့ ကြီးတစ်ပါး ရောက်လာကာ ပြုစုပေး၏။ ရသေ့ကြီး တိုက်သော ဆေးလုံးသေးသေးလေးက အတော်ပင် အစွမ်းထက်ပုံရ၏။ ဤဆေးတစ်လုံးဖြင့်ပင် သူ နာလန် ထလာသည်။ ရသေ့ကြီးက...



www.burmeseclassic.com

www.burmeseclassic.com



"လောကမှာ အသက်ရှင်နေတဲ့ လူတစ်ယောက်အတွက် အဆိုးဝါးဆုံး ကိစ္စဟာ သေဆုံးခြင်းပဲကွ။ ဒါနဲ့တောင် ဘာကြောင့်မင်းက သေဖို့စဉ်းစားနေရတာလဲ။ လူဟာ အသက်ရှင်နေသရွေ့ မျှော်လင့်ချက်တွေလည်း ရှင်သန်နေတယ်။ လောကကိုလည်း အကျိုးပြုနိုင်တယ်။ ဒီတော့ အသက်ရှင်ခြင်းရဲ့ တန်ဖိုးကို မဆုံးရှုံးစေနဲ့"

ဟု ဆုံးမ၏။ ထိုနောက် သူသည် ရသေ့ကြီး၏ ပြုစုစောင့်ရှောက်မှုဖြင့် ပြန်လည်ကျန်းမာ၍လာသည်။ သူသည် ရသေ့ကြီးအား ပြန်လည်ကျေးဇူးဆပ်သည့်အနေဖြင့် နောက်တော်ပါးက ရေပူရေချမ်း ကမ်းလှမ်းကာ တပည့်အဖြစ် ဂန္ဓာရီခရီးစဉ်တွင် လိုက်ပါခဲ့လေတော့သည်။ ရသေ့ကြီး၏အမည်မှာ သီလ ဖြစ်၏။ သူ့အမည် သီဟနှင့် တိုက်ဆိုင်စွာ တူနေသည်။

ရုပ်ရည်ကိုကြည့်၍ အသက် (၇၀)ခန့်ဟု ခန့်မှန်းရသော်လည်း ထိုထက်မက ကြီးပုံရ၏။ အမြဲတမ်းသက်သတ်လွတ်စားကာ သီလ သမာဓိအားကောင်း၏။ လူသူ အရောက်အပေါက်နည်းသော တောတောင်များ





တွင် လှည့်လည်ကာ တရားအားထုတ်နေစဉ် ထူးခြားဆန်းကြယ်သော ဖြစ်ရပ်များနှင့် ဆုံရကြုံရသော်လည်း ဤနေရာတွင် ဓာတ်လမ်းနှင့် မသက်ဆိုင်သဖြင့် မဖော်ပြတော့ပါ။

တစ်ကြိမ်တွင် သီဟသည် မြန်မာပြည်အလယ်ပိုင်း တောနက်ကြီးထဲသို့ ရသေ့ကြီးနှင့်အတူ ရောက်ရှိသွားသည်။ အလယ်ရိုးမဟုခေါ်သော တောင်တန်းတစ်နေရာဖြစ်၏။ ထိုဒေသရှိ သဘာဝအတိုင်း ဖြစ်ပေါ်နေသော ဂူကြီးထဲတွင် ရသေ့ကြီးက (၉)ရက် တရားအားထုတ်မည်။ ဂူထဲက မထွက်ဘဲ ရသေ့ကြီးအားထုတ်နေစဉ် သီဟက သစ်သီးဝလံများ ရှာဖွေဆက်ကပ်ရန်ဖြစ်သည်။ ထိုဂူအနီးတွင် ကြည်လင်သော ရေကန်တစ်ကန်လည်း ရှိ၏။

ရသေ့ကြီးက အဆောင်လက်ဖွဲ့တစ်ခုကို သီဟလည်ပင်းအား ဆွဲပေးကာ (ဒါကို မချွတ်နဲ့။ ဘာအန္တရာယ်မှ မရှိဘူး။ လက်တော့မဆော့နဲ့။ ပြီးတော့ ဒီဒေသတစ်ဝိုက်မှာရှိတဲ့ မြင်ရတဲ့ သတ္တဝါတွေ၊ မမြင်ရတဲ့ သတ္တဝါတွေကိုလည်း မေတ္တာပို့ဟု မိန့်မှာ၏။ ထိုနေရာကလေးတွင် နေရသည်မှာ သေးချမ်းဆိတ်ငြိမ်



www.burmeseclassic.com

www.burmeseclassic.com



သာယာသော သဘာဝပတ်ဝန်းကျင်ကြောင့်လားမသိ၊ သီဟစိတ်တွေပင် အလိုလို ကြည်လင်အေးချမ်းနေသည်။ ရသေ့ကြီးပေးထားသော အဆောင်လက်ဖွဲ့ကြောင့်လည်းကောင်း၊ သူကိုယ်တိုင်က မေတ္တာပို့နေသောကြောင့်လည်းကောင်း သားကောင်ကြီးများ၏ အန္တရာယ်လည်း မကြုံမတွေ့ရ။

တစ်ရက်တွင် သီဟသည် သစ်သီးအရှာထွက်ရင်း မျက်စိလည်သလိုဖြစ်ကာ ဂူကြီးနှင့် အတော်ဝေးဝေးနေရာသို့ ရောက်ရှိသွား၏။ ထိုနေရာတွင် မထင်မှတ်ဘဲ ထူးဆန်းသော ကျောက်တောင်တစ်တောင်ကို တွေ့ရလေသည်။ ကျောက်တောင်မှာ မမြင့်လှ။ ၁၅ ပေခန့်သာရှိမည် ခန့်မှန်းရကာ တစ်တောင်လုံး ကျောက်သားဖြစ်၍နေသည်။ ထူးခြားသည်မှာ ထိုကျောက်တောင်တွင် လူ့လက်ဝါးပုံနှင့် အလားသဏ္ဍာန်တူသော ကျောက်လက်ဝါးများသည် အပင်ပေါက်သလို ကျောက်တောင်မှပေါက်ကာ အပြင်သို့ ထိုးထွက်နေခြင်းပင် ဖြစ်သည်။

သူ့စိတ်ထဲတွင် ကျောက်လက်ဝါးတစ်ခုကို လိုချင်စိတ် ဖြစ်ပေါ်နေ၏။ ချိုးဖဲ့ယူတော့မည် ကြံရွယ်စဉ်





(သီဟ-မလုပ်နဲ့)ဟူသော ဟန့်တားသံ ထွက်ပေါ်လာ၏။ အသံကား ရသေ့ကြီး၏အသံဖြစ်၏။ နောက်လှည့်ကြည့်တော့လည်း ဘယ်သူမှမရှိ။ သူ ကြောက်ရွံ့ကာ ဒီအတိုင်း လှည့်ပြန်လာခဲ့လေသည်။ ရသေ့ကြီးဆီ ပြန်ရောက်သောအခါ...

"မင်းကို လက်မဆော့နဲ့လို့ မှာထားတာ နားမထောင်ဘူး"

ဟု ဆူပူ၏။

"အဲဒီတောင်မှာ အစောင့်ရှိတယ်။ ဒီအတိုင်း သွားဖဲ့ယူရင် မင်း အန္တရာယ်ရှိတယ်။ မင်းလိုချင်ရင် ငါသင်ပေးလိုက်တဲ့ မန္တာန်ကိုရွတ်ပြီးမှ ဖဲ့ယူ"

ဟုဆိုကာ မန္တာန်တစ်ပုဒ်ကို သင်ကြားပေးလေသည်။

"ဒီကျောက်လက်ဝါးက ဘာစွမ်းပါသလဲ ဘုရား"

သီဟက မေးတော့...

"တချို့ပညာရှင်တွေကတော့ လိုသလို ခိုင်းနိုင်အောင် အစွမ်းရှိကြတယ်။ မင်း



www.burmeseclassic.com

www.burmeseclassic.com



ကတော့ မင်းလုံခြုံရေးအတွက်ပဲ အသုံးချနိုင်မယ်။ ဒါပေမဲ့ ကတိတစ်ခုတော့ ထားရလိမ့်မယ်။ ကတိပျက်ရင် မင်း ဒုက္ခရောက်လိမ့်မယ်။ ဒီတော့ သေသေချာချာ စဉ်းစားချင့်ချိန်ပြီးမှ ဆုံးဖြတ်ပေတော့"

သို့သော် သီဟက ကြာကြာမတွေး။ ထိုအစွမ်းသတ္တိရှိသည်ဆိုသော ကျောက်လက်ဝါးကို လိုချင်လှသည်နှင့် နောက်တစ်ရက်တွင် ထိုနေရာသို့သွားကာ ရသေ့ကြီးပေးလိုက်သော မန္တာန်ကို သုံး၍ ကျောက်လက်ဝါးတစ်ခုကို ဖဲ့ယူခဲ့ရာ ထိုဖဲ့လိုက်သောနေရာမှ သွေးကဲ့သို့ နီနီအရာများ စီးကျလာသည့်အပြင် ကျောက်တောင်ကြီးဆီမှ ညည်းသံလိုလိုလည်း ကြားလိုက်ရသဖြင့် ကြောက်လန့်တကြား ထွက်ပြေးလာခဲ့လေတော့သည်။

ရသေ့ကြီးသည် သူ ကျောက်လက်ဝါးယူလာခဲ့သည်ကို သိသော်လည်း ကောင်းသည် ဆိုးသည်ဟု ဝေဖန်ပြောကြားမှုမပြုဘဲရှိ၏။ (၉)ရက်မြောက်သောနေ့တွင်ပင် ရသေ့ကြီးသည် ဂူထဲက ထွက်လာကာ...

"ငါ့တပည့်၊ မင်း ငါနဲ့အတူနေလာခဲ့တာ သုံးနှစ်ပြည့်ပြီ။ ဒီကာလတွေအတွင်း ငါ့ကို ရေပူရေချမ်း ကမ်းလှမ်းခဲ့ပြီး ဝတ်ကြီးဝတ်ငယ် ပြုခဲ့တာတွေအတွက် ကျေးဇူးတင်တယ်။ လူဆိုတာ ကံဆုံရင် စားပြီး ကံကုန်ရင် သွားကြရတာပဲ။ အခု တို့လည်း ခွဲဖို့အချိန်ကျပြီ"

ဒီစကားတွေ ကြားရသောအခါ သီဟသည် ဝမ်းမနည်းစဖူး ဝမ်းနည်း၍လာသည်။

"ငါက ဟိမဝန္တာက ငါ့ဆရာ အရှင်သခင်တွေဆီ သွားရတော့မယ်။ ဒီနေရာက မင်းလိုက်ဖို့မသင့်တော်ဘူး။ ဒီတော့ ဒီကပဲ လမ်းခွဲကြမယ်။ မင်းဘဝကို သတ္တိရှိရှိ ရင်ဆိုင်ဖို့ မင်းမှာ ခွန်အားတွေ ပြည့်ဝနေပြီလို့ ငါထင်တယ်။ အသက်ရှင်နေသမျှ ကုသိုလ်ပြုပါ"

ဟု မှာကြားကာ သူက ဦးချနေစဉ်မှာပင် ရသေ့ကြီးက ကျောခိုင်းထွက်ခွာသွားသည်။

ထို့နောက်တွင်မူ သီဟသည် ဂူကိုစွန့်ကာ ထွက်လာခဲ့ရာ မကြာမီ လူနေအိမ်ခြေရှိရာအရပ်သို့ ရောက်ရှိ






www.burmeseclassic.com

www.burmeseclassic.com



လာလေသည်။ သီဟကား ဘာအလုပ် လုပ်ကိုင်အသက်မွေးရမည်မှန်း မသိဘဲရှိ၏။ သူ ကျွမ်းကျင်တာက ကုန်သည်အလုပ်။ သို့သော် အဓိကကျသည့်ငွေကြေးက သူ့တွင်မရှိ။ အခုတော့ ငွေအရင်းအနှီးရှိသည့်တိုင်အောင် စီးပွားရေးအလုပ်ကို သူ စိတ်မဝင်စား။ ချမ်းသာကြီးပွားလိုသောစိတ်မရှိ။ တစ်ဝမ်းတစ်ခါး အေးအေးလူလူ စားနေရလျှင် တော်ပြီဟုသဘောထား၏။ ထို့ကြောင့် အလယ်ရိုးမအနီး မြို့ငယ်တစ်မြို့မှ ဘုန်းကြီးကျောင်းတစ်ကျောင်းတွင် ကပ္ပိယလုပ်ကာ နေထိုင်နေခဲ့၏။

တစ်ရက်တွင် ရေတွင်းမှ ရေကိုဆွဲကာ ကျောင်းမှစဉ့်အိုးများတွင် ဖြည့်ရသဖြင့် ပင်ပန်းကာ သူ ခါးနာ၍သွားသည်။ ဆေးလိမ်းသော်လည်း မပျောက်။ ထို့ကြောင့် ဘာရယ်မဟုတ် သူ့တွင်ရှိသော ကျောက်လက်ဝါးကြီးကို ထိုခါးနာနေရာတွင် ကပ်ထားလိုက်မိသည်။ ထူးတော့ ထူးဆန်းသည်။ ခါးနာနေတာကယူပစ်လိုက်သလို ပျောက်သွား၏။ ထိုအခါ ရသေ့ကြီးက "ဉာဏ်ရှိသလိုသုံး"ဟု မှာကြားခဲ့တာ သွားသတိရသည်။





ထိုအချိန်ကစ၍ ဘုန်းကြီးကျောင်းသားများကအစအနီးအနားက လူများကိုပါ ခါးကိုက်၊ ခေါင်းကိုက်၊ ခြေလက်ထုံကျင်၊ ဇက်ကြောတက်၊ ဗိုက်နာ စသည့်ရောဂါဝေဒနာများကို ကျောက်လက်ဝါးကိုကပ်၍ ကုသခဲ့ရာ ပျောက်ကင်းချမ်းသာသူများသဖြင့် မြို့ထဲကလူများအထိ ကျောင်းသို့ ရောဂါကုရန် ရောက်လာကြ၏။ သူလည်း ကျောက်လက်ဝါးဆရာလေးဟု နာမည်ကြီးလာခဲ့သည်။

တစ်ခါတစ်ရံ သူသည် အိပ်မက်ထဲတွင် ရုပ်ရည်သဲသဲကွဲကွဲ မရှိသော မည်းမည်းအကောင်ကြီးတစ်ကောင်ကို မြင်တွေ့ရလေရာ ယင်းမှာ ကျောက်လက်ဝါးအစောင့်ဟု ယူဆရလေတော့သည်။ တစ်ကြိမ်တွင်ကျောင်းနားသို့ သူခိုးကပ်လာလေရာ အကောင်အထည်မမြင်ရဘဲ တဗုန်းဗုန်း အရိုက်ခံရ၍ ဖြင့် ကြောက်ပါပြီအော်ကာ ထွက်ပြေးရလေသည်။ သူခိုးကို ဖမ်း၍စစ်ဆေးကြည့်သောအခါ ကျောတွင် လက်ဝါးရာနီနီကြီးကို တွေ့ကြရလေသည်။

ထိုမည်းမည်းအကောင်ကြီးက အိပ်မက်ထဲတွင်တောင်းဆိုသဖြင့် သူလည်း ထိုကျောက်လက်ဝါးကို



www.burmeseclassic.com

www.burmeseclassic.com



သုံးလတစ်ကြိမ် ကြက်အရှင်၏ လည်ချောင်းသွေးကို တိုက်ရလေသည်။ သူသည် ဆေးကုသဖြင့် နာမည် ရလာသောအခါ ကျောင်းထိုင်ဆရာတော်က...

"တို့ ထေရဝါဒ ဘုန်းကြီးကျောင်းနဲ့ ဆေးကုတာ မဆိုင်"

ဟု နှင်ထုတ်လိုက်၏။ ထိုဆရာတော်ကား ဝိနည်း အင်မတန်လေးစားသူ ဖြစ်၏။ ထို့နောက် သူသည် ထိုမြို့ကလေးတွင် နေထိုင်ရသည်ကိုလည်း ပျင်းရိသဖြင့် ခြေဦးတည့်ရာ လှည့်လည်နေထိုင်ခဲ့သည်။ ယုံကြည်သူ နှင့် တွေ့လျှင်လည်း ဆေးကုသပေးလိုက်သည်။ ပထမ တွင် ထိုဆေးကုသခဖြင့် အသက်မွေးရန် လုံလောက်၏။ သို့သော် ယနေ့ခေတ်တွင် ထိုကဲ့သို့ ဆေးကုသနည်းကို မယုံကြည်သူတွေ များပြားနေလေသည်။

ကျွန်ုပ်တို့နှင့် တွေ့ရသောအခါ ကိုသီဟသည် အတော်ပင် ချို့ချို့တဲ့တဲ့ နွမ်းနွမ်းပါးပါး ဖြစ်နေလေ သည်။ သူက...

"ကြာတော့ ဒီကျောက်လက်ဝါးဟာ ကျွန်တော့်အတွက် ဝန်ထုပ်ဝန်ပိုးလို ဖြစ်လာ တယ်။ ဒါကြောင့် ထိုက်သင့်သလောက်





ငွေကြေးရရင် ရောင်းမယ်လို့ စိတ်ကူး တာပါ"

အမှန်အတိုင်း ဝန်ခံရလျှင် ကျွန်ုပ်သည် လူ တစ်ဖက်သားစကားကို လွယ်လွယ်နှင့် ယုံကြည်တတ် သူ မဟုတ်ပါ။ သူပြောသော ဇာတ်လမ်းကား အတော် ပင် ဆန်းကြယ်လှရာ ယုံဖို့ အတော်ပင် ခက်ခဲလှပေ သည်။ ဤလောကတွင် ကျွန်ုပ်၏ အတွေ့အကြုံအရ ယုတ္တိရှိရှိ လိမ်ညာတတ်သူတွေ ပေါများလှကြောင်းကို လည်း သိရှိနေ၏။ ထို့ကြောင့်...

"အင်း...မောင်ရင့်ပစ္စည်းကို စိတ်တော့ ဝင်စားပါရဲ့။ ဒါပေမဲ့ ဝယ်ချင်လောက်အောင် တော့ မဟုတ်ပါဘူး"

ဟု ငြင်းလိုက်၏။ ကိုသီဟ၏မျက်နှာမှာ အတော် ပင် ညှိုးငယ်၍သွားသည်။ မျှော်လင့်ချက် ပျက်ပြား သွားသူကဲ့သို့ မသက်မသာပုံပေါက်နေ၏။ ထို့ကြောင့် အားနာသနားတတ်သောစိတ် ဝင်လာပြန်က...

"ဒီပစ္စည်းကို မဝယ်နိုင်ပေမဲ့ မင်းကို အကူအညီတစ်ခုတော့ ပေးနိုင်ပါတယ်"

ဟု ပြောမိ၏။ ကိုသီဟက...



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုကူညီမှာလဲ ခင်ဗျာ"

"ငါ့ခြံမှာ ညစောင့်တစ်ယောက်လောက် လိုနေတယ်။ မင်း လုပ်နိုင်မလား"

ဟု မေးလိုက်၏။ သီဟက ခေတ္တမျှတွေဝေနေပြီးမှ...

"ဒီလိုအလုပ်မျိုး ကျွန်တော် အရင်က တစ်ခါမှ မလုပ်ဖူးဘူး။ ဒါပေမဲ့ အခု လုပ်မယ်ဗျာ။ စားဖို့ ကျောချဖို့ အဆင်ပြေရင် ပြီးရော"

ဆောမှ ကိုအောင်မင်းက ကျွန်ုပ်အား နားမလည်နိုင်သလို ငေးကြည့်နေသည်ကို သတိထားမိ၏။

"မင်းအတွက် နောက်ဖေးတန်းလျားမှာ အခန်းတစ်ခန်း ရမယ်။ မင်းတာဝန်က ည ၈ နာရီက မနက် ၆ နာရီအထိ ခြံကို စောင့်ကြပ်ဖို့ပဲ။ တစ်နေ့လုံး နေချင်သလို နေနိုင်တယ်။ တစ်လ သုံးသောင်းပေးမယ်"

ထိုကိစ္စအတွက် ကျွန်ုပ်တို့နှစ်ဦးမှာ သဘောတူညီချက် ရ၍သွား၏။ သီဟ၏ကွယ်ရာတွင် ကိုအောင်မင်းက ကျွန်ုပ်အား ထိုသို့အလုပ်ခန့်ခြင်းအတွက် အပြစ်တင်





စကား ပြောခဲ့လေသည်။

"တကယ်တော့ သူ့ဇာတိ ဇာစ်မြစ်ကို ကျွန်တော်လည်း သိတာမဟုတ်ဘူး။ ဆရာက ဘုမသိဘမသိ ဒီလူကို ညစောင့် ခန့်ရလား"

"ကျုပ် ဒီလောက် လူကဲခတ်မညံ့ပါဘူး။ ဒီလူက ဒုက္ခမပေးလောက်ဘူး ထင်ပါတယ်။ ပြီးတော့ သူ့ကို ကူညီချင်တဲ့ဆန္ဒလည်း ပါတယ်"

"ဆရာ့သဘောပဲ။ တစ်ခုခုဖြစ်ရင်သာ ကျွန်တော့်ကို အပြစ်မတင်ပါနဲ့"

သီဟသည် ထိုနေ့ကစ၍ အလုပ်ဝင်ရာ ကျွန်ုပ်သည် သူ့အတွက် တစ်လစာ ကြိုပေးခဲ့လေသည်။ သူသည် ထင်မှတ်ထားသည့်အတိုင်းပင် လူအေးတစ်ယောက်ဖြစ်ကာ သူနှင့်ပတ်သက်၍ ဘာမှပြောစရာမရှိချေ။ အလုပ်ဝတ္တရားပျက်သည်ကိုလည်း မတွေ့ရချေ။

သို့သော် ရက်တစ်ရက်တွင် ခြံအနောက်ဘက် သူ့အခန်းရှေ့၌ ကြက်အရှင်တစ်ကောင်ကို လည်ပိုး သတ်ဖြတ်နေသည်ကို တွေ့ရသဖြင့် ကျွန်ုပ်က မေးမြန်း



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရာ…

"ကျောက်လက်ဝါးကို သွေးတိုက်ရမယ့်
ရက်ကို ကျော်နေပြီလေ။ ကျွန်တော့်မှာ
ပိုက်ဆံ မရှိတာနဲ့ ဒီအတိုင်း နေနေရတာ။
ကတိပျက်သလို ဖြစ်နေတယ်။ အခုမှပဲ
တိုက်ရတော့တယ်"

ကျွန်ုပ်မှာ ထိုကိစ္စမျိုးကို မနစ်မြို့သူ ဖြစ်သဖြင့် နောင်တွင် ကျွန်ုပ်ခြံထဲ၌ ထိုကဲ့သို့သော အမှုမျိုး မပြုမူရန် ပြောပြီး တားမြစ်လိုက်ရလေ၏။ ထိုကိစ္စကလွဲ၍ တခြားစိတ်အနှောင့်အယှက်ဖြစ်စရာဟူ၍ မပေါ်ပေါက်ခဲ့ပါချေ။

သို့ဖြင့်…

သူ အလုပ်ဝင်ပြီး လေးလခန့်ကြာမြင့်သောတစ်နေ့တွင် ကျွန်ုပ်ခြံကို တစ်ပတ်တစ်ခါ လာပြင်သော မာလီက ကျွန်ုပ်ထံ ရောက်လာကာ…

"ဆရာ လာကြည့်ပါဦး၊ ကိုသီဟ ဘာ
ဖြစ်မှန်းမသိဘူး"

ကျွန်ုပ်သွားကြည့်သောအခါ သီဟသည် အခန်းထဲရှိ ခုတင်ပေါ်တွင် ပက်လက်လန်လဲကျကာ အသက်





ကုန်လျက်ရှိသည်ကို တွေ့ရလေသည်။ သူ့မျက်လုံးနှစ်ဖက်မှာ ပြူးကျယ်၍နေလေရာ ထိတ်လန့်ကြောက်ရွံ့စရာ တစ်ခုကို တွေ့လိုက်ရသကဲ့သို့ရှိ၏။ ကျွန်ုပ်လည်း ရဲဘက်သို့ အကြောင်းကြားလိုက်ရလေသည်။

ရဲဘက်က ပထမ လူသတ်မှုဟု ယူဆသော်လည်း သူ့အခန်းထဲတွင် လုယက်စရာ တန်ဖိုးရှိသောပစ္စည်းလည်း မရှိ၊ သူ့ခန္ဓာကိုယ်တွင်လည်း သေလောက်သော ဒဏ်ရာဒဏ်ချက် မရှိသဖြင့် သာမန်သေဆုံးမှုဟုသာ မှတ်ချက်ချခဲ့ကြသည်။ သက်ဆိုင်ရာ ဆရာဝန်ကမူ ရုတ်တရက် နှလုံးရောဂါဖောက်ကာ သေဆုံးခြင်းဟု ဆိုလေသည်။

သူသည် ဆွေမျိုးမရှိသူဖြစ်ရာ အသုဘကိစ္စအဝဝကို ကျွန်ုပ်ကပင် ဦးဆောင်ပြုလုပ်ပေးခဲ့ရလေသည်။ ကိုအောင်မင်းကမူ…

"မဟုတ်မှလွဲရော ဒါ ကျောက်လက်ဝါး
လက်ချက် ဖြစ်မယ်"

ဟု ဆို၏။

"သူ့ဘက်က ထားတဲ့ ကတိပျက်လို့
သူခံလိုက်ရတာပဲဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု မှတ်ချက်ချ၏။ ကျွန်ုပ်ကမူ နဂိုကပင် ကိုသီဟ ပြောခဲ့သော ဓာတ်လမ်းကို ကောင်းစွာမယုံကြည်ခဲ့သူ ဖြစ်ရာ ယခုဖြစ်ရပ်ကိုလည်း လက်မခံနိုင်ဘဲဖြစ်နေလေသည်။ ခက်သည်ကား ကိုသီဟ၏ ကျန်နေခဲ့သော ကျောက်လက်ဝါးကြီး ဖြစ်၏။ ကျွန်ုပ်သည် အယုံအကြည် မရှိပါဟု ဆိုသော်လည်း ထိုကျောက်လက်ဝါးကြီးကို ကျွန်ုပ်ထံတွင် ဆက်လက်ထားရန် ဝန်လေးနေမိကြောင်း ဝန်ခံအပ်ပါသည်။

သို့ဖြင့်...ကိုအောင်မင်းကို လက်ဆောင်ပေးလိုက်၏။ ကိုအောင်မင်းလည်း ထိုကျောက်လက်ဝါး သူ့အိမ်ရောက်ပြီးနောက်၌ အိပ်မက်ဆိုးများ မကြာခဏ မြင်မက်နေသဖြင့်...

ဂမ္ဘီရပစ္စည်းများ စုဆောင်းသူ သူဌေးတစ်ဦးထံ သင့်တော်သောဈေးဖြင့် ရောင်းချလိုက်သည်ဆို၏။ ထိုသူဌေးအကြောင်းကိုမူ ကျွန်ုပ်နှင့် အဆက်အသွယ်မရှိသဖြင့် ဘာမှမကြားရဘဲရှိပါလေတော့သတည်း။ ။

ဒေဝလကျော်

■





# ဦးသူတော်နှင့် ခေါင်းပြတ်စုန်း

ဒေဝလကျော်



www.burmeseclassic.com

www.burmeseclassic.com



[ ၁ ]

ကျွန်ုပ်၏အမည်မှာ ဦးကျော်ဇော ဖြစ်၍ ပင်စင်စား အပျော်တမ်းစာရေးဆရာတစ်ဦး ဖြစ်လေသည်။ ကျွန်ုပ်ရေးသောစာမှာ ပင်စင်ရပြီးနောက် ကျွန်ုပ် လေ့လာလိုက်စားခဲ့သော ဂမ္ဘီရပညာနှင့် ပတ်သက်သည့် ထူးခြားဆန်းကြယ်သော အကြောင်းအရာများ ဖြစ်ပေသည်။ လစဉ်ထုတ် ဂမ္ဘီရနှင့် ဆက်နွှယ်သော မဂ္ဂဇင်းများနှင့် ဂျာနယ်များတွင် ကျွန်ုပ်ရေးသော ဝတ္ထုဆောင်းပါးများ အတော်ပင် ပါလာသောအခါ ပတ်ဝန်းကျင်က စာရေးဆရာတစ်ဦးဟု အသိအမှတ်ပြုခံလာရသည့်တိုင်အောင် ကျွန်ုပ်ကိုယ်တိုင်ကမူ စာပေနယ်၌ အပျော်တမ်းအဆင့်သာရှိသူတစ်ဦးဟု သတ်မှတ်ပါသည်။ နှစ်ရှည်လများဘဝကို စာပေထဲတွင် နှစ်၍ ရှန်းကန်ရပ်တည်နေသော



www.burmeseclassic.com

www.burmeseclassic.com



တကယ့်စာရေးဆရာစစ်စစ်ကြီးများနှင့် ဘယ်သောအခါမှ ပခုံးချင်းယှဉ်ထိုက်သူတစ်ဦးဟု ယူဆခြင်းမရှိပါချေ။

ကျွန်ုပ်သည် သားထောက် သမီးခံ မရှိသည့် မုဆိုးဖိုတစ်ဦး ဖြစ်သည်သာမက စားဝတ်နေရေးအတွက် မပူမပင် နေနိုင်သည့် စီးပွားရေး အခြေအနေလည်း ရှိသဖြင့် ယခုကဲ့သို့ ကိုယ်ဝါသနာပါရာကိစ္စကို လွတ်လွတ်လပ်လပ် လေ့လာလိုက်စားနိုင်ခြင်း ဖြစ်လေသည်။ တချို့သော အဖြစ်အပျက်များသည် စိတ်ကူးထက် ဆန်းကြယ်သည်ကိုလည်း တွေ့ကြုံခဲ့ရဖူးသေးသည်။ ယခုတင်ပြရမည့် အဖြစ်အပျက်သည်ကား မဆန်းသော်လည်း ထူးသည်ဟု ဆိုနိုင်သည့် အဖြစ်တစ်ခုပင် ဖြစ်ပါ၏။

ဂမ္ဘီရပညာရပ်များကို ကျွန်ုပ် လေ့လာလိုက်စားသောအခါ အတော်ပင် ကျယ်ဝန်းသော ပညာရပ်မှန်း သိရှိလာပါသည်။ အဂ္ဂိရတ်၊ အင်းအတတ်၊ ဆေးအတတ်၊ မန္တာန်၊ အထက်လမ်း၊ အောက်လမ်း စသဖြင့် များမြောင်လှသည့်အထဲတွင် တွေ့သိရ အနည်းဆုံး ဖြစ်သော ပညာရပ်ကား အောက်လမ်းပညာရပ်ပင် ဖြစ်လေသည်။ အောက်လမ်းပညာရပ်ထဲတွင် ဆယ့်နှစ်ကြိုး၊





စုန်းကဝေ၊ ဖော်ကနီ၊ ဖော်ကနက် စသည်တို့ ပါဝင်သည်ဟု ကြားဖူးသော်လည်း တွေ့ဖူး ကြုံဖူးခြင်းကား အလျဉ်းမရှိပေ။

ထို့ကြောင့် တစ်ရက်တွင် ကျွန်ုပ်သည် တစ်ခါက စုန်းကဝေပညာများ ပေါများလှသည်ဟု နာမည်ကြီးသော မြို့လေးတစ်မြို့သို့ ရောက်ရှိသွားလေသည်။ အညာဒေသ တောမြို့ကလေးဖြစ်ကာ အတော်ပင် ခေါင်လှသည်ကို တွေ့ရလေသည်။ ထိုမြို့ကလေးရှိ လူတို့ကား အတော်ပင် အနေအထိုင် အစားအသောက် ဆင်းရဲကြပုံရ၏။ များသောအားဖြင့် ယာလုပ်ကြ၏။ အနီးရှိ တောထဲသို့ဝင်ကာ သစ်ဖုသစ်ဥ သစ်မြစ်များ၊ ဆေးဘက်ဝင် အပင်များ၊ ပျားရည်များရှာဖွေကာ ရောင်းချစားသောက်ကြ၏။ ကျွန်ုပ် လေ့လာသိရှိသမျှ ပြောရလျှင် သဘောကောင်း၍ ဖြူစင်ရိုးသားသူများသာ ဖြစ်ကြလေသည်။ တစ်ခုတော့ရှိသည်။ သူတို့သည် ရုပ်ဆင်းအင်္ဂါတော့ မလှကြ။ ဒါကြောင့် 'မလှစုန်းယိုး' ဆိုသော စကားအတိုင်း ယိုးစွပ်ကြလေသလားမသိ။

ကျွန်ုပ်အနေဖြင့် တွေ့ရာလူကို ချဉ်းကပ်ကာ မေးမြန်းလေ့လာကြည့်သော်လည်း စုန်းကဝေအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



နှင့် ပတ်သက်၍ ပြောပြနိုင်သူဟူ၍ မရှိသလောက်ပင် ဖြစ်လေရကား လက်လျှော့ကာ ပြန်ရန်ပင် ဆုံးဖြတ်လိုက်ရလေသည်။ ထို့ကြောင့် အဝေးပြေးကား ဖြတ်သန်းသွားလေ့ရှိသော မြို့အဝ ထမင်းဆိုင်တစ်ဆိုင်တွင် ထိုင်၍ စိတ်ပျက်လက်ပျက် ကားစောင့်နေမိလေသည်။ ဤမြို့ကလေးတွင် သီးသန့်ဂိတ်မရှိ။ မြို့ကလေးသို့ ဖြတ်သွားသော ကားကိုသာ လမ်းမှ တားဆီးရလေ့ရှိ၏။ ဤတစ်ခေါက်တွင် ကျွန်ုပ်အဖို့ကား အချိန်ကုန် လူပန်း ဖြစ်ချေပြီဟုသာ ယူဆရပေတော့၏။

ထမင်းဆိုင်တွင် ထမင်းစားပြီး၍ လက်ဖက်ရည်တစ်ခွက် သောက်နေစဉ် ကျွန်ုပ်စားပွဲသို့ အဘိုးအိုတစ်ဦး ရောက်လာကာ ဝင်ထိုင်၏။ အရပ်မနိမ့်မမြင့်ရှိကာ မသိမသာ ခါးကိုင်း၏။ ခေါင်းရှိဆံပင်များအားလုံးမှာ ဖွေးဖွေးဖြူရုံမက မျက်ခုံးမွေးတွေပါ ဖြူဖွေးနေ၏။ ဆိုင်ထဲတွင် လူအနည်းငယ်သာရှိ၏။ စားပွဲခုံအလွတ်တွေ များစွာရှိလျက် ကျွန်ုပ်စားပွဲတွင် လာထိုင်ခြင်းကား ထူးခြားသလိုရှိ၏။ အဘိုးအိုသည် လက်ဖက်ရည်တစ်ခွက်မှာကာ အီကြာကွေးနှင့် အားရပါးရ တို့စားနေ၏။ စားသောက်ပြီးသောအခါကျမှ ရေနွေးကြမ်းပူပူကို





မှုတ်သောက်ရင်း ကျွန်ုပ်အား...

"မောင်ရင်က တစ်ရပ်တစ်ကျေးက ဧည့်သည်ထင်ပါရဲ့။ တစ်ခါမှ မမြင်ဖူးလို့ မေးရတာ"

"ဟုတ်ပါတယ်...အဘိုး"

"အင်း...တို့အရပ်က ခေါင်လေတော့ ဧည့်သည်ဆိုတာ ရောက်မလာသလောက်ပါပဲ။ ဒါကလည်း မဆန်းပါဘူး။ ဒီမြို့ကလေးဟာ စီးပွားကုန်သွယ်နိုင်တဲ့ ပစ္စည်းမျိုးလည်း မထွက်ဘူး။ ထူးထူးဆန်းဆန်း လေ့လာစရာလည်း မရှိဘူး။ ရှုခင်းရှုကွက်ကလည်း လာရောက်လည်ပတ်လောက်အောင် မသာယာဘူး။ တန်ခိုးကြီးဘုရားလည်း မရှိဘူး။ ဒီမြို့ကလူတွေကတော့ ဒီလိုနေပြီး ဒီလို သေကြရတာပေါ့ကွာ။ တစ်ဝမ်းတစ်ခါးဝရုံ အလုပ်ကလေးလုပ်ပြီး သေရမယ့်အချိန် စောင့်နေသလိုပါပဲ"

အဘိုးအိုစကားမှာ တကယ်ပင် ငြီးငွေ့စရာဖြစ်၏။ ကျွန်ုပ်အား...



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်ပျင်းစရာကောင်းပြီး ခြောက်သွေ့တဲ့မြို့ကို ဘာကြောင့် မင်းက ရောက်လာရတာလဲကွ။ ဆွေမျိုးအသိအကျွမ်းလည်း ရှိပုံမရဘူး"

"မှန်ပါတယ်... အဘိုး။ ကျွန်တော်က စာရေး ဆရာပါ။ လေ့လာစရာလေးတစ်ခု ရှိလို့ လာခဲ့တာပါ"

"ဟေ...ဘာများလဲကွ"

ဟု တအံ့တသြ မေးသဖြင့်...

"ဒီမြို့ဟာ ဟိုအရင်က စုန်းကဝေနဲ့ ပတ်သက်ပြီး နာမည်ထွက်ခဲ့ဖူးပါတယ်။ ဒါကြောင့် အဲသလို ပညာတွေများ တွေ့ရ မလားဆိုပြီး..."

ကျွန်ုပ်စကားမဆုံးခင် အဘိုးအိုက ဟားတိုက် ရယ်မောကာ...

"ငါရယ်တာ စိတ်မဆိုးနဲ့ကွ။ မင်းလို လူမျိုး မတွေ့ဖူးလို့။ ခုခေတ်မှာ ဒီလိုပညာ ရပ်တွေက ပျောက်ကွယ်ဆိတ်သုဉ်းကုန်ပါ ပြီကွာ"





ဟု ဆိုလေသည်။

ကျွန်ုပ်က ထိုစကားစကို နင်းကာ...

"အခုခေတ်မှာ တိမ်ကောကုန်ပြီဆို တော့ အရင်တစ်ခေတ်တစ်ခါကတော့ ရှိခဲ့ ဖူးတယ်ဆိုတဲ့သဘောပေါ့။ အဘိုးကိုယ်တိုင် သိမိလိုက်တဲ့ အဖြစ်အပျက်မျိုးရော မရှိဘူး လား။ ရှိရင် သိပါရစေခင်ဗျာ"

ဟု တောင်းပန်လိုက်မိလေသည်။

အဘိုးအိုက ရုတ်တရက် ငြိမ်သက်တွေဝေသွား၏။ ကျွန်ုပ်စီးမည့်ကားမှာ မည်သည့်အချိန် ရောက်ရှိလာ မည်မှန်း မခန့်မှန်းနိုင်သေး။ ကြာဦးမည်ဟုကား ယူဆ ရ၏။ အဘိုးအိုထံမှ ထိုအကြောင်း တစ်စွန်းတစ်စ သိရလျှင် လာရကျိုးနပ်လေပြီ။ ဘာမှမဟုတ်သည့်တိုင် အောင် အပျင်းပြေ စကားပြောဖော်တစ်ယောက် ရနေ သဖြင့် ကံကောင်းသည်ဟု ခေါ်နိုင်၏။ အဘိုးအိုက ငြိမ်သက်နေသဖြင့် ကျွန်ုပ်က...

"အဘိုးက ဒီဇာတိလား"

"အင်း...ဒီမှာ မွေးတာတော့ မဟုတ်ပါ ဘူး။ ဒါပေမဲ့ ဒီမှာနေခဲ့တာ အနှစ်ခြောက်



www.burmeseclassic.com

www.burmeseclassic.com



ဆယ် ကျော်ပြီဆိုတော့ ဇာတိထက်တောင် ခင်တွယ်တဲ့အရပ် ဖြစ်နေပါပြီ။ ဒါထက် မေးပါရစေဦး။ မင်းက ဒီစုန်းကဝေ ပညာတွေကို ယုံကြည်လို့လား"

"ကျွန်တော်တော့ မဆုံးဖြတ်တတ်ပါဘူး။ လေ့လာရုံသက်သက်ပါပဲ"

ဟု မယုတ်မလွန် ပြောလိုက်မိ၏။ အဘိုးအိုက...

"ဒီပညာရပ်တွေဟာ [illegible] ရှိခဲ့တာကွ။ ကျမ်းဂန်နဲ့ [illegible]တွေမှာ ရှာကြည့်ရင် သိနိုင်တယ်။ ဘုရားရှင် ပွင့်တော်မူတဲ့ အိန္ဒိယဒေသဟာ အဲဒီဂန္ဓာရီလို့ခေါ်တဲ့ ပညာရပ်တွေ စတင်ပေါက်ဖွားခဲ့တဲ့အရပ်ပေါ့။ နောက်မှသာ တခြားနိုင်ငံတွေကိုပြန့်ပွားသွားတာ။ အထက်လမ်း၊ အောက်လမ်းဆိုပြီး လမ်းနှစ်သွယ်ကွဲသွားတာ။ အခုဟိ တိဗက်မှာ ဒီပညာရပ်တွေ ရှိနေတုန်းပဲ"

အဘိုးအိုကား [illegible] ဗဟုသုတ ထိုက်သင့်သလောက် ပြည့်စုံပုံရ၏။ ဤအကြောင်းတွေကို ကျွန်ုပ်လည်း ကြားဖူးခဲ့၏။





"ဥရောပမှာလည်း အလယ်ခေတ်တုန်းက ရီနေးဆန့်မပေါ်ခင် အမှောင်ဖုံးသောခေတ်ဆိုတာ ရှိခဲ့တယ်။ ဂန္ဓာရီပညာရပ်တွေ လွှမ်းမိုးနေကဲ့ခေတ်ပေါ့။ အနောက်တိုင်း ပုံပြင်တွေထဲမှာ စုန်းမတွေ၊ မှော်ဆရာတွေဟာ အဓိကဇာတ်ကောင်တွေဖြစ်ခဲ့ကြတာပဲ။ အဲဒီခေတ်က စုန်းကဝေဆိုရင် ဖမ်းပြီး မီးရှို့သတ်ပစ်ကြတာပဲ"

"[illegible] ကိုယ်တွေ့အဖြစ်အပျက် [illegible]"

[illegible] ခေါင်းတဆတ်ဆတ်ညိတ်ကာ...

"[illegible] ကိုယ်တိုင်လည်း ခေါင်းပြတ်စုန်းနဲ့ ပြဲခဲ့ဖူးပါတယ်။ တစ်ရပ်[illegible]ကလာပြီး ဒီမြို့မှာ အခြေချဖြစ်သွားတာမှာ ဒီကိစ္စက အဓိကအကြောင်းပါပဲ။ ဒီဇာတ်လမ်းထဲမှာ သင်ခန်းစာယူသင့်တာတွေလည်းပါတော့ မင်းကို ငါ ပြောပြပါမယ်"

■



www.burmeseclassic.com

www.burmeseclassic.com



[ ၂ ]

(အဘိုးအိုပြောပြသော ဇာတ်ကား အောက်ပါ အတိုင်း ဖြစ်၏။)

ဤအဖြစ်အပျက်များသည် လွန်ခဲ့သော အနှစ် ခြောက်ဆယ်က ဖြစ်ပျက်ခဲ့၏။ ထိုစဉ်က ဦးသူတော် ဟုခေါ်သော ကျွန်ုပ်အသက်ကား သုံးဆယ်မျှသာ ရှိသေးလေသည်။

အချိန်ကား မြန်မာပြည် လွတ်လပ်ရေး မရသေး။ အင်္ဂလိပ်လက်အောက်ခံ ကိုလိုနီဘဝဖြင့် နေထိုင်ရစဉ် ကာလ။ မြန်မာဘုရင် သီပေါမင်း အိန္ဒိယနိုင်ငံ ရတနာ ဂီရိသို့ ပါတော်မူပြီး အနှစ်(၅၀)အကြာ။





ဦးသူတော်သည် ရန်ကုန်မြို့နေ ကုန်သည်မိဘများ က ပေါက်ဖွားလာသူ ဖြစ်လေသည်။ သူ့မိဘများမှာ ကုန်သည်ဆိုသော်လည်း ကြွယ်ဝလှသည့် အထက်တန်း စား ကုန်သည်များ မဟုတ်ကြ။ မြစ်ဝကျွန်းပေါ် ကုန်များကို ရန်ကုန်သို့ သယ်ယူရောင်းချသော သာမန် ကုန်သည်များသာ ဖြစ်ပါ၏။ သို့သော် တစ်ဦးတည်း သောသားဖြစ်သည့် သူတော်ကို ချစ်ခင် အလိုလိုက် ထားကြရာ…

သူတော်ဘဝကား အတော်အတန် ပြည့်စုံ၍နေ လေသည်။ သူတော်သည် (၇)တန်းအထိသာ ပညာ သင်ကာ ကျောင်းမှထွက်လိုက်သည်။ သူသည် အလို လိုက်သော မိဘများထံမှာ ကြီးပြင်းလာရသည့်သားပီပီ ပေါ့ပေါ့နေ ပေါ့ပေါ့စား စိတ်ဓာတ်က အမြစ်တွယ် နေ၏။ သို့သော် ထိုခေတ်က (၇)တန်းဆိုသော ပညာ ရေးကား သေးလှသည်မဟုတ်။ အလုပ်လုပ်ချင်လျှင် ရုံးစာရေး၊ ကျောင်းဆရာ ရာထူးများ ရနိုင်သောခေတ် ဖြစ်၏။ ထိုအချိန်က မိန်းကလေးများမှာ စာမတတ်သူ ပေါများလှသည်။ ယောကျ်ားလေးအတော်များများပင် သေစာရှင်စာမျှသာ တတ်ကြ၏။ တက္ကသိုလ်ပညာ



www.burmeseclassic.com

www.burmeseclassic.com



ဆိုသည်ကိုကား အထက်တန်းစား လူချမ်းသာများသာ သင်ယူနိုင်ကြလေသည်။

သူတော်ကား လူဆိုးဟုဆိုရန် ခက်သလို လူကောင်းဟု ဆိုရန်လည်း ခက်သူဖြစ်၏။ သူသည် အသောက်အစားကင်းသူ ဖြစ်သော်လည်း လောင်းကစား ဝါသနာပါသူဖြစ်၏။ လောင်းကစားသည် ဆိုသော်လည်း သတ္တိနည်းသည်ဟုပဲပြောပြော ဘ၀ ပျက်လောက်အောင် အချိုးကြီး လောင်းကစားသူမဟုတ်။ အပျော်ကစားသူသာဖြစ်၏။ မိဘများကလည်း တစ်ဦးတည်းသောသားကို တင်းတင်းကျပ်ကျပ် [illegible]ထားခြင်း မရှိသဖြင့် ဘ၀ကို ရေသာခို လျှော့[illegible]နေခဲ့သော်လည်း...

မကြာခင် လောကဓံ၏ အလှအသောင်းကို ခံရပြန်လေသည်။ သူ့မိဘများသည် ထို[illegible]ဖြစ်ပွားသော ကပ်ရောဂါတစ်ခုတွင်ပါကာ ရှေ့ဆင့်နောက်ဆင့် ဆုံးပါးသွားကြလေရာ သူသည် သောင်ပြင်လွတ်သည့် ရွှေဟသ်ာကိန်း ဆိုက်ရလေတော့သည်။ မိဘများရှိစဉ်ကလည်း လုပ်ငန်းကို စိတ်မဝင်စားသဖြင့် လေ့လာထားခြင်းမရှိ။ အကျွမ်းလည်းမဝင်။ မိဘများကို လွှမ်း





သည့်စိတ်နှင့် အလုပ်မရှိသဖြင့် ပျင်းရိသည့်စိတ်တို့ကို ကစားဝိုင်းများတွင်သာ သွားရောက်ဖြေဖျောက်နေရလေတော့၏။

ထိုစဉ်က ဗြိတိသျှတို့သည် သူတို့အုပ်ချုပ်သော နိုင်ငံသူ နိုင်ငံသားများ စာရိတ္တပျက်ပြားစေရန် လောင်းကစားရုံများကို အတိအလင်း လိုင်စင်ပေးကာ ဖွင့်လှစ်ထား၏။ တရုတ်တန်းပတ်ဝန်းကျင်တွင် မှိုလိုပေါက်၍နေသည်။ သူတော်သည် [illegible] လောင်းကစား ဝါတ်သူ မဟုတ်သော်လည်း [illegible] ကွက်မွေသာ ရှိနေလေရာ မကြာခင် [illegible]စစ်ပယက်တစ်စ ပျက်ပြားလာလေတော့သည်။ မိတ်ဆွေကောင်းများက "လောင်းကစားရုံများနှင့် ဝေးဝေးနေ" ဟု အကြံပေး၏။ လောင်းကစားရုံများနှင့် ဝေးဝေးနေရမည်ဆိုလျှင် ရန်ကုန်နှင့်လည်း ဝေးဝေးနေမှ ဖြစ်ပေတော့မည်။

နောက်တစ်ခု အသက်အရွယ်အရ (ထိုအခါ အသက် ၃၀ ရှိလေပြီ) သူတော် စဉ်းစားမိလာသည်ကား လောကတွင် လူတစ်ယောက် အသက်ရှင် ရပ်တည်ဖို့ဆိုလျှင် အသက်မွေးဝမ်းကျောင်းမှုတစ်ခု ရှိရပေမည်။ သူ ဘာလုပ်တတ်သလဲ စဉ်းစားလိုက်သော



www.burmeseclassic.com

www.burmeseclassic.com



အခါ ပညာလေး မတောက်တခေါက်တတ်တာကလွဲ၍ ဘာမှမရှိ။ မိဘများရှိစဉ်က အခန့်သား ထိုင်စားခဲ့ကာ တစ်သက်လုံး ဒီလိုနေရလိမ့်မည်ဟု မိုက်မဲစွာစဉ်းစားခဲ့၏။

သို့သော်...

မိဘများ၏ ဗီဇသွေးဟူသော အကျင့်စရိုက်တစ်ခုသည် သူတော်ထံတွင် သူမသိအောင် တွယ်ငြိနေလေရာ နောက်ဆုံး၌ ငါ ဈေးရောင်းရလျှင် မဆိုးဟု တွေးမိ၏။ ပစ္စည်းတစ်ခုကိုဝယ်ကာ ဝယ်ရင်းဈေးထက် တင်ပြီး ရောင်း၊ ပိုသောငွေသည် အမြတ်ဆိုတာလောက်တော့ နားလည်၏။ သို့သော် ငွေအရင်းအနှီးမရှိ၊ ရှိရင်းစွဲ အိမ်ကလေးကို ရောင်းကာ ရင်းနှီးရလျှင် မဆိုးဟု တွေးကာ ရောင်းလိုက်၏။ အရောင်းအဝယ် မတတ်သဖြင့် သူ ထိုက်သင့်သလောက်မရ။ တစ်နေရာတွင် အိမ်ငှားနေ၏။ ထိုအနားတွင် ကာကာဆိုင်ခေါ် ကုလား လက်ဖက်ရည်ဆိုင်ရှိရာ အမြဲသွားထိုင်ရင်း ဆာမိဆိုသော အိန္ဒိယလူမျိုး လူကြီးတစ်ယောက်နှင့် ရင်းနှီးမိလေ၏။

ထိုစဉ်က ဆာမိသည် အသက် ငါးဆယ်ကျော်ခန့် ရှိသည်။ မြန်မာနိုင်ငံ အရပ်တကာလှည့်ကာ ဈေးရောင်း





နေသူ ဖြစ်သဖြင့် အရွယ်နှင့်မလိုက်အောင် ကျန်းမာဖျတ်လတ်၏။ သူသည် ကျူလယာခေါ် ကုန်သေး ကုန်မွှား စုံစီနဖာကလေးများကို ဝေးလံခေါင်လှသည့် တောမြို့ကလေးများနှင့် ကျေးလက်ရွာငယ်များသို့ လှည့်လည်သွားရောက်ကာ ရောင်းချသူ ဖြစ်သည်။ သူကပင် သူတော်အား ဈေးရောင်းသင်ပေးခဲ့သည်။ ပထမတွင် သူနှင့်အတူလိုက်ရ၏။ နောက်တွင် အတွေ့အကြုံရသောအခါ သူနှင့် လမ်းခွဲကာ တစ်ကိုယ်တော် ခရီးနှင်ရတော့သည်။

သူတော်သည် အစက စိတ်မပါလှသော်လည်း နောက်ပိုင်းတွင် ထိုအလုပ်၌ ပျော်မွေ့လာ၏။ သူတို့ သယ်ဆောင်သွားရသည်က ဝန်မကျယ်။ အပ်၊ အပ်ချည်လုံး၊ ချိတ်၊ နားဖာကလော်၊ မွှေးညှပ်၊ ဇာဂနာ၊ ဘီး၊ ပရုတ်ဆီ၊ မျက်နှာခြေ၊ ပေါင်ဒါ၊ လက်ကိုင်ပဝါ၊ ဆံညှပ်၊ ဖန်ကြယ်သီး၊ ဖဲပြား စသည်တို့သာဖြစ်သဖြင့် ပေါ့ပေါ့ပါးပါး ထုပ်ပိုးသယ်ဆောင်နိုင်သည်။

တစ်ခုကောင်းသည်ကား သူတော်သည် နယ်လှည့် ဈေးရောင်းနေရသဖြင့် တရုတ်တန်းရှိ လောင်းကစားရုံများသို့ မရောက်နိုင်တော့ခြင်းဖြစ်၏။ သို့ဖြင့် သူတော်

www.burmeseclassic.com



၏ လောင်းကစားဝါသနာ တစ်စထက်တစ်စ ပြတ်ပျောက်ချုပ်ငြိမ်းသွားလေသည်။ သူသည် သူ့အလုပ်ပေါ်တွင် ပျော်ရွှင်လာ၏။ ခရီးထွက်ရသဖြင့် စိတ်လည်း ပေါ့ပါးလန်းဆန်းလာ၏။ ဗဟုသုတ အကြားအမြင်လည်း ပိုများလာ၏။ ကြာသောအခါ ခရီးမထွက်ရလျှင် မနေနိုင်လောက်အောင်ပင် ထိုအလုပ်အပေါ် စွဲလမ်းလာ၏။ ရန်ကုန်ရောက်လျှင် ငှားထားသောအိမ်တွင် ခေတ္တမျှသာ နေထိုင်ကာ ကုန်သွားသောပစ္စည်းများကို ပြန်လည်ဖြည့်ဆည်းပြီးသည်နှင့် ခရီးထွက်ပြန်သည်။ ထို့ကြောင့် သုံးနှစ်အတွင်းမှာပင် ကျွန်ုပ်သည် မြန်မာပြည်အနှံ့ရောက်ခဲ့ရလေသည်။ ခရီးသွားနေသောကြောင့်လားမသိ ကျွန်ုပ်မှာ အရင်ကထက်ပို၍ ကျန်းမာဖျတ်လတ်လာ၏။

သူတော်တို့ရောင်းသည့် ပစ္စည်းများမှာ သေးမွှားသည်ဟု အထင်မသေးသင့်ပေ။ အမြတ်အစွန်း အလွန်ပင်ကြီးမားလှသည်။ တစ်ပဲနှင့်ဝယ်ခဲ့သော ပစ္စည်းကို သုံးပဲမရဘဲ ပြန်ရောင်းလေ့မရှိချေ။ ခရီးစရိတ် စားစရိတ်နှင့် ဝေးလံလှသော ဒေသများကို သွားရောက် ရောင်းချရသဖြင့် ဤမျှ အမြတ်တင်မှသာ သူတော်တို့အဖို့ တွက်ခြေကိုက်လေသည်။ တောကြို





အုံကြား ရွာကလေးများတွင် စတိုးခေါ် အလှကုန်ရောင်းသော ဆိုင်များလည်း မရှိ။ ဝေးလံသော မြို့ဈေးသို့လည်း အရောက်အပေါက်နည်းသဖြင့် သူတော်တို့လို ရွာအရောက် လာရောင်းသော ဈေးသည်များကိုသာ အားကိုးမျှော်ကိုးနေရလေသည်။ ထို့ကြောင့် ထိုရွာကလေးများသို့ ရောက်သွားလျှင် အလုအယက် ဝယ်ယူအားပေးတတ်ရာ ထိုအချိန်မျိုး၌ သူတော်ဘေးတွင် မိန်းကလေးတွေ ဝိုင်းဝိုင်းလည်နေတတ်၏။

သူ့လိုကုန်သည်ပေါက်စကလေးတစ်ယောက်ကိုပင် နုံချာလှသည့် တောမှလူများက သူဌေးကလေးတစ်ယောက်အဖြစ် မှတ်ယူလေ့ရှိကြ၏။ မိန်းကလေးတွေကလည်း ရေလာမြောင်းပေး ပြုမူတတ်ပါ၏။ သို့သော် တစ်နေရာတည်းတွင် အခြေချနေထိုင်ရန် ခက်ခဲသဖြင့်လည်းကောင်း၊ စိတ်ကြိုက်မိန်းကလေး မတွေ့သဖြင့်လည်းကောင်း သူတော်သည် အိမ်ထောင်ပြုရန် အရေးကို မတွေးတောနိုင်ဘဲရှိခဲ့လေသည်။

တစ်ရက်တွင် သူတော်သည် ခေါင်သည့်ဆိုသော အညာဒေသမြို့ကလေးတစ်မြို့သို့ ရောက်ရှိသွားလေ၏။ ထိုမြို့သို့ ရောက်သောအခါ ခဲလေသမျှ သဲရေကျဖြစ်ရ



www.burmeseclassic.com

www.burmeseclassic.com



လေတော့သည်။ ထိုမြို့တွင် တရုတ်လူမျိုး အလှကုန်ဆိုင်တစ်ဆိုင် ရှိနေသည့်အပြင် ထိုဆိုင်မှ ပစ္စည်းများမှာ သူ့ပစ္စည်းများထက် ဈေးချိုနေသဖြင့် သူ့ထံမှ ဝယ်ယူအားပေးမည့်သူ မရှိ ဖြစ်၍နေလေသည်။ ဤတစ်ခေါက်ကျွန်ုပ်မှာ ခရီးစရိတ် ရှုံးတော့မည်ကဲ့သို့ ဖြစ်နေစဉ်လူတစ်ဦးက...

"ဘုရားကလေးရွာကို သွားရောင်းပါလား။ ဒီရွာက မြို့နဲ့ တော်တော်လှမ်းတယ်။ ပြီးတော့ ဒီမြို့ကိုလည်း ရွာကလူတွေက လာခဲတယ်"

ဟု တိုက်တွန်း၏။ သို့သော် ဘေးမှလူတွေက...

"ဟေ့ကောင်...ဧည့်သည်ကို ဘာတွေ သွားပြောနေတာလဲ။ ဒုက္ခရောက်အောင် လုပ်နေပြန်ပြီ။ ဒီကောင့်စကားကို မေ့ပစ်လိုက်တော့"

ဟု တားမြစ်ပြန်၏။ သူတော်က....

"ကျွန်တော်က ဈေးရောင်းချင်တဲ့သူ ဆိုတော့ သွားရောင်းမှာပါပဲ။ ကျွန်တော် ဘာဒုက္ခဖြစ်နိုင်သလဲ၊ သိပါရစေ"





ဟု မေးသောအခါ မပြောချင်ပြောချင်ဖြင့်....

"အဲဒီရွာက ပညာသည်တွေ ပေါတယ်လို့ အစဉ်အဆက် နာမည်ကြီးခဲ့တဲ့ရွာဗျ။ ဒါကြောင့် တော်ရုံလူတွေက အဆက်အဆံ မလုပ်ကြဘူး"

"ပညာသည်ဆိုတာ ဘာလဲခင်ဗျာ"

"ခင်ဗျား တော်တော်ဒုံးဝေးတာပဲ။ စုန်းကဝေပညာ တတ်ကြတာကို ပြောတာဗျ"

သူတော်မှာ ထိုကိစ္စတွေကို ကြားဖူးနားဝရှိသည်။ သို့သော် ရင်ထဲတွင်တော့ ထိတ်ရွံ့သွားမိ၏။

"ရွာထိပ်မှာ စေတီပျက်ကလေးရှိလို့ အဲဒီရွာကို ဘုရားလေးရွာလို့ ခေါ်တာ။ သူတို့ရွာကို စမ်းဖို့လာတဲ့ အထက်လမ်းဆရာ၊ အောက်လမ်းဆရာတွေဆိုတာလည်း ပြန်ပြေးရတာပဲ။ ဒါကြောင့် ဆရာပြန်ပြေး ဘုရားလေးလို့ ခေါ်တာ"

ကြားရသမျှ စကားတွေက ကြက်သီးထစရာကောင်းလှသည်။ သို့သော် သူ့မှာ စရိတ်အထောင်းမခံနိုင်။ ဒီနေရာရောက်မှတော့ ဈေးရောင်းဖြစ်အောင်



www.burmeseclassic.com

www.burmeseclassic.com



ရောင်းပြီး ပြန်မယ်ဟု ဆုံးဖြတ်လိုက်၏။ သူက ပညာစမ်းဖို့သွားတာမဟုတ်။ ရိုးရိုးသားသား ဈေးရောင်းရအောင် လာတာ။ ဒုက္ခမပေးတန်ကောင်းပါဘူးဟုလည်း တွေးလိုက်သည်။ သို့ဖြင့် ထိုရွာသို့ လှည်းကြုံစီးကာ လိုက်လာခဲ့၏။

ရွာတိပ် စေတီပျက်ကလေးနေရာ ရောက်သောအခါ လှည်းပေါ်က သူဆင်းသည်။ လှည်းက ရှေ့ရွာကိုဆက်သွားပေမည်။ လှည်းဆရာ ညွှန်ခဲ့သည့်အတိုင်း ဆက်လျှောက်လာရာ မကြာခင် ရွာဟဲကို ရောက်၍သွားလေသည်။ ပထမဆုံးတွင် ရွာထဲမှ လူများသည် သူတော်အာ အထူးအဆန်းသဖွယ် ဝိုင်းဝန်းကြည့်ရှုကြလေသည်။ သူတို့ရွာသို့ ဤကဲ့သို့သော ဈေးသည်များ ယခင်က ရောက်ဖူးခဲ့ပုံမဟုတ်။

သူတော်သည် အလောင်းအတော လမ်းလျှောက်ခဲ့ရသဖြင့် မောဟိုက်နေလေ၍ အိမ်တစ်အိမ်သို့ဝင်ကာ ရေတောင်းသောက်၏။ အသက်နှစ်ဆယ်ခန့်ရှိ မိန်းကလေးတစ်ယောက်က ရေခပ်ပေး၏။ အသားကခပ်လတ်လတ်။ မျက်လုံးမျက်ခုံးလှသူဖြစ်၏။ သူတော်က အိမ်ရှေ့ကွပ်ပျစ်တွင် ခဏထိုင်ခွင့်တောင်းရင်း သူ့ကို





အထူးအဆန်းသဖွယ် ငေးကြည့်နေသူလေးအား...

"ရွာထဲကလူတွေက ကျုပ်ကို အထူးအဆန်းလို ကြည့်နေကြတာ ဘာကြောင့်လဲ။ ကျုပ်က ဘာများထူးခြားနေလို့လဲ"

"ဒီရွာကို လူစိမ်းလာခဲ့တယ်။ ရွာနား ရောက်ရင်တောင် ရွာပြင်က ကွေ့ပတ်သွားကြတယ်။ ရွာထဲ မလွှဲသာလို့ ရောက်ရင်တောင်း ဒီရွာက ဘာမှမစားဘူး။ ရေတောင် မသောက်ကြဘူး။ ရှင်ဟာ ဒီလောက် ထူးဆန်းနေတာပေါ့"

"ကျုပ်ကတော့ ဒါတွေမသိဘူး။ ဒီရွာကို လာတာ ဈေးရောင်းဖို့လာတာ"

သူ့တွင်ပါသမျှ ကုန်ပစ္စည်းတွေ ထုတ်ပြလိုက်သည်။ မိန်းကလေးက ရှင်မြူးစွာပြုံးကာ...

"ရှင် လည်ရောင်းစရာမလိုဘူး။ ဒီကပဲစောင့်။ ကျွန်မ အိမ်တွေကို လှည့်အကြောင်းကြားလိုက်မယ်"

ဟုဆိုကာ ထွက်သွား၏။ မကြာမီ ရွာထဲမှလူများ အလျှိုအလျှို ရောက်လာကာ သူ့ပစ္စည်းတွေကို အလု



www.burmeseclassic.com

www.burmeseclassic.com



အယက်ဝယ်ကြရာ သူသည် လက်မလည်အောင် ရောင်းနေရသည်။ သူတို့ရွာသို့ ဤကဲ့သို့သောပစ္စည်းမျိုး အံရင်က မည်သူမှလာမရောင်းကြဟုဆို၏။

ညနေအတော်စောင်းမှ လူအနည်းငယ်ကျဲသွား၏။ သူတော်လည်း အခုမှ ဆာလောင်ရမှန်းသိလာ၏။ သူသည် မနက်စာပင်မစားရသေးချေ။ ထို့ကြောင့် မိန်းကလေးအား

"နှမလေး... ဒီရွာ ဘယ်နားမှာများ ထမင်းဆိုင် ရှိပါသလဲ"

မေးသောအခါ မိန်းကလေးက ရယ်၏။

"ကြံကြံဖန်ဖန် ဒီလောက်ခေါင်ပြီး ခရီးသွားမလာတဲ့ရွာ၊ ဘယ်က ထမင်းဆိုင် ရှိမှာလဲ"

"ဒါဆို ကျုပ်တော့ ငတ်ပြီ"

"မငတ်ပါဘူး။ ညီ့သည်ကို အငတ်မထားပါဘူး။ မောင်ကြီး ဈေးရောင်းနေတုန်း ကျွေးဖို့ ချက်ပြုတ်ထားပြီးသားပါ။ ကျွန်မတို့က မုဆိုးမသားအမိ နေတာဆိုတော့ ဆင်းရဲတယ်။ ဖွယ်ဖွယ်ရာရာတော့ မရှိဘူး။





မောင်ကြီးက ကျွန်မတို့ကျွေးတာ စားရဲ ရဲ့လား"

"အဆိပ်ကျွေးတောင် မငြင်းပါဘူး"

ယခုအခါ သူတော်သည် အပင်းသွင်းမှာတွေ ဘာတွေ ဂရုစိုက်မနေအားချေ။ ဗိုက်ဆာနေသဖြင့် ကျွေးသမျှကို အားရပါးရ စားပစ်လိုက်၏။ ရေတ်သီးထောင်းနှင့် ချဉ်ပေါင်ဟင်း ဖြစ်သော်လည်း မိန်းကလေးက ဟင်းချက်လက်ရာကောင်းသဖြင့် စား၍မြိန်လှသည်။

ထို့နောက် မဝယ်နိုင်သည့် မိန်းကလေးအား သူ့တွင်ပါလာသော ပစ္စည်းတချို့ လက်ဆောင်ပေးရာ သားအမိနှစ်ယောက်လုံး ကျေးဇူးတင်မဆုံး ဖြစ်နေပေသည်။ သို့သော် အပြင်တွင် မှောင်စပျိုးပြီဖြစ်ရာ သူတော်သည် ပြန်ရန် မဖြစ်နိုင်တော့။ မိန်းမပျိုကလေး ရှိသောအိမ်တွင်လည်း သူ အိပ်စက်ရန်မသင့်။ ထမင်းဆိုင်ပင် မရှိသောအရပ်၌ တည်းခိုခန်းလည်း ရှိလိမ့်မည်မဟုတ်။ တည်းခိုခန်းမရှိသော အရပ်များတွင် ဘုန်းကြီးကျောင်း၌ တောင်းပန်အိပ်စက်ခဲ့ဖူး၏။

ထို့ကြောင့် မာလာအား ဘုန်းကြီးကျောင်း ဘယ်နားတွင်ရှိသလဲ မေးသောအခါ မရှိဟု သိရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ရွာတွင် သာရေးနာရေးရှိလျှင် တခြားရွာမှ သွားပင့်ဖိတ်ရသည်ဟု ဆိုလေသည်။

“ဒါဆိုလည်း ရွာထိပ်က သချိုင်းနားမှာ ဇရပ်ပျက်တစ်ခုရှိတယ်။ အဲဒီမှာ သွားအိပ်တော့မယ်”

“မောင်ကြီး အိပ်ရဲလို့လား”

“ရွေးစရာလမ်းမှ မရှိတော့ဘဲ”

“သတိဝီရိယနဲ့အိပ်နော်”

ဟု မာလာက နှုတ်ဆက်ရင်း အိမ်ဝတွင် ရပ်ငေးကျန်ခဲ့လေသည်။ ဇရပ်နားအရောက်တွင် မည်းမည်းအရာကြီးကို တွေ့သဖြင့် ရုတ်တရက် လန့်သွား၏။ သေသေချာချာကြည့်တော့မှ အရပ်ခပ်ဆိုးဆိုး လူတစ်ယောက် ဖြစ်နေ၏။ ထိုသူကား အရက်သောက်ကာ ပြန်လာပုံရ၏။ သူ့ထံမှ အရက်နံ့ရ၏။ သို့သော် သဘောကောင်းပုံရ၏။ သူက ဇရပ်တွင်အိပ်ရန် လာသည်ဟု ပြောသောအခါ...

“သြော်...နေ့ခင်းက ရွာထဲကို ရောက်နေတဲ့ ဧည့်သည် ထင်ပါတယ်”

“ဟုတ်ကဲ့...”





“ဒါဆိုလည်း ကျုပ်တဲမှာ လိုက်အိပ်။ ယာတဲမှာ ကျုပ်တစ်ယောက်တည်းနေတာ။ အားနာစရာမရှိဘူး။ အမိုးအကာမရှိတဲ့ ဇရပ်ပျက်ထက်တော့ သာပါတယ်ဗျ”

“ကျေးဇူးပဲဗျာ”

သို့ဖြင့် ထိုသူ၏တဲကလေးသို့ လိုက်သွား၏။ တဲကလေးမှာ သေးသော်လည်း လူနှစ်ယောက် အိပ်လောက်အောင်တော့ ကျယ်ဝန်းပါသည်။ သူက ရေနံဆီမီးခွက် ထွန်းကာ ခေါင်းအုံးခပ်ညစ်ညစ် တစ်လုံးနှင့် စောင်တစ်ထည်ပေး၏။ သူကတော့ သူတော်အနီး ကြမ်းပြင်တွင် ဒီအတိုင်းပင် ပက်လက်လန်လှဲရင်း...

“ဧည့်သည် အိပ်ချင်ရင် မီးခွက်မှုတ်ပြီး အိပ်နော်”

ဟုမှာကာ မကြာခင် မှုးမှူးနှင့် အိပ်ပျော်သွားလေသည်။ သူတော်သည် လဲလျောင်းရင်း ရွာထဲတွင် သူ့ကို ဧည့်ဝတ်ကျေပွန်စွာ ပြုစုလိုက်သည့် မာလာ့မျက်နှာကလေးကို ပြန်လည်မြင်ယောင်လာကာ စိတ်ကူးနယ်ချဲ့နေမိရာမှ မနက်စောစော ခရီးထွက်ရမည်ကို သတိရကာ မီးခွက်မှုတ်၍ အိပ်လိုက်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ညလယ်ရောက်သောအခါ သူ ဆီးသွားချင်သဖြင့် အိပ်ရာမှနိုးလာ၏။ အိမ်အပြင်တွင် လရောင်က ထိန်ထိန်သာနေ၏။ သူက အိမ်သာသွားရန် အထတွင် သူ့ဘေး၌ အိပ်နေသော တဲရှင်၏ဗိုက်ပေါ် တက်နင်းမိလေသည်။ သို့သော် တဲရှင်ထံက ဘယ်လိုအသံမှ ထွက်မလာသဖြင့် အနီးရှိ မီးခွက်ကို ထွန်းကာ ကြည့်လိုက်သောအခါ သူတော်သည် လိပ်ပြာလွင့်စဉ်မတတ် ထိတ်လန့်၍သွားလေတော့သည်။

ယာတဲရှင်မှာ ကြမ်းပြင်ပေါ်တွင် မလှုပ်မယှက် ပက်လက်အနေအထားဖြင့် ရှိနေ၏။ သို့သော် သူ့ခန္ဓာကိုယ်တွင် ခေါင်းကမရှိ။ လည်ပင်းမှ ငုတ်တိုပြတ်၍နေ၏။ သူတော်က သူကြားဖူးသော ခေါင်းပြတ်စုန်းဆိုသော စကားကို ကြားယောင်လာ၏။ ယခုလိုလသာသောညမျိုးတွင် စုန်းပညာတတ်သူတို့သည် ခန္ဓာကိုယ်မှ ခေါင်းတစ်ခုတည်း ခွဲထွက်ကာ လရောင်ရှိရာ လဟာပြင်ထဲ၌ ကျက်စားမြူးထူးကြသည်ဟု ဆို၏။ ဤယာတဲရှင်ကား စုန်းကြီးတစ်ယောက် ဖြစ်ပုံရ၏။ ထို့ကြောင့်သာ ရွာပြင်၌ တစ်ယောက်တည်းနေထိုင်ခြင်း ဖြစ်ပေမည်။





သူတော်မှာ ကြောက်လွန်း၍ တဆတ်ဆတ်တုန်နေ၏။ သူကသာ စုန်းမှန်းသိသွားပြီဆိုလျှင် ထိုစုန်းကြီးသည် သူ့အသည်းကို ဖောက်၍စားပေမည်။ ထို့ကြောင့် မျက်စိကို စုံမှိတ်ကာ အိပ်ချင်ယောင်ဆောင်နေ၏။ သို့သော် ကြောက်လွန်းသဖြင့် အိပ်မပျော်။

မပျော်တပျော်အခြေအနေတွင်ပင် အိပ်မက်မက်ရာ အိပ်မက်ထဲ၌ စုန်းခေါင်းပြတ်ကြီးက ထွက်ပြေးသော သူ့နောက်သို့ လိုက်ကာ ကိုက်ခဲရန် ကြိုးစားလေရာ သူ ချွေးတဒီးဒီးကျအောင်ပြေးရ၏။ သူ ဆက်၍မအိပ်ရဲတော့။ အိပ်ရာထဲမှထကာ ပြေးထွက်လာခဲ့သည်။ လှည့်ကြည့်လိုက်တော့ သူ့နောက် ကောင်းကင်ပေါ်မှ ပျံဝဲလိုက်လာသော အရာတစ်ခုကို တွေ့ရသည်။ အလင်းရောင်ကောင်းစွာမရသဖြင့် မည်းမည်းကြီးဖြစ်နေသော်လည်း စုန်းခေါင်းပြတ်ကြီးသာဖြစ်ကြောင်း သိနေ၏။ သူက အားသွန်ကာပြေးသည်။ သူ့ခေါင်းပေါ်က ထိုမည်းမည်းအရာက 'ဂီး'ခနဲအော်မြည်ကာ ဖြတ်ပျံသွားလေမှ ဇီးကွက်ကြီးတစ်ကောင်မှန်း သိလိုက်ရ၏။

"ဟော့လူ...မပြေးနဲ့"

ရှေ့တွင် ဓါးတွေ လှံတွေနှင့် လူတစ်ယောက်ကို တွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



၏။ အဖော်တွေ့ရသဖြင့် သူ ပျော်သွားသည်။ သို့သော် ထိုလူတွေက သူ့ကို ဖမ်းဆီးလိုက်ကြ၏။ လုံခြုံရေးအတွက် ကင်းလှည့်နေကြသော ဘုရားကလေးရွာမှ လူစုပင်ဖြစ်၏။ သူတော်ကိုယ်ပေါ်တွင် သွေးတွေစွန်းနေသဖြင့် မသင်္ကာဟုဆိုသည်။ သူတော် ပြောပြသော ခေါင်းပြတ်စုန်းဆိုတာ အယုံအကြည်မရှိကြ။

သူတည်းသည့်အိမ်သို့ သွားကြည့်သောအခါ ခေါင်းမရှိသော ခန္ဓာကိုယ်ကို တွေ့ကြရသဖြင့် သူတော်ကိုသာ လူသတ်သမားဟု စွပ်စွဲကြလေတော့သည်။ ရှာဖွေသောအခါ အိမ်နှင့်မနီးမဝေး ချုံထဲတွင် လွှင့်ပစ်ထားသည့် အိမ်ရှင်၏ခေါင်းကို တွေ့ကြရလေသည်။ ညအိပ်နေစဉ် ထိုခေါင်းဖြတ်အသတ်ခံရသည့်အလောင်းမှ ထွက်သည့် သွေးတွေက ယိုစီးထွက်ကာ သူတော်၏ အဝတ်အစားများကို စွန်းပေနေခြင်းဖြစ်သည်။

နောက်ဆုံးတော့ သူကြီးက ဂါတ်တဲ(ရဲဌာန) ပို့လိုက်၏။ သူ လူသတ်မှုဖြင့် တရားစွဲခံရသည်။ မာလာက သူ့ဘက်က လိုက်ပါကာ ကာကွယ်ထွက်ဆိုပေး၏။ သို့သော် သက်သေအထောက်အထားတွေက သူသာ လူသတ်တရားခံဖြစ်ကြောင်း ညွှန်ပြနေသဖြင့်





ခက်၍နေသည်။ ဆွမ်းခံရင်း ၄က်သင့်သောအဖြစ် ဖြစ်သည်။ ဥပါဒါန်ကြောင့်လည်း ဥပါဒ်ဖြစ်ရခြင်းဖြစ်၏။ သူက ခေါင်းဖြတ်အသတ်ခံရသော အလောင်းကို တွေ့ပါလျက် သူကြီးကို အကြောင်းကြားရမည့်အစား ခေါင်းပြတ်စုန်းထင်ကာ ထွက်ပြေးခဲ့သည်။ ကင်းက ဖမ်းမိသောအခါ ထိုကဲ့သို့ ထွက်ပြေးခြင်းမှာ ရာဇဝတ်မှုကျူးလွန်ခဲ့သောကြောင့်ဟု ယူဆကြလေသည်။

နောက်ဆုံးတော့ သူတော် လက်လျှော့လိုက်သည်။ ရုံးတော်က ပေးသမျှ အပြစ်ဒဏ် ခံရတော့မည်ဟု ဆုံးဖြတ်လိုက်၏။ သို့သော် ထိုအချိန်မှာပင် ကံကောင်းသွားသည်။ ရဲဘက်က လူသတ်မှုတရားခံအစစ်ကို မထင်မှတ်ဘဲ ဖမ်းမိလိုက်၏။ ထိုသူက အရက်ဆိုင်တွင် အရက်မူးကာ သူ လူသတ်ခဲ့ကြောင်း ကြွားဝါနေရာမှ အမှုပေါ်ခဲ့ခြင်းဖြစ်သည်။ ယာတဲရှင်နှင့် လူသတ်သမားသည် အရက်ဆိုင်တွင် စကားများကြရာမှ အငြိုးဖြင့် သတ်ဖြတ်ခဲ့ခြင်းဟု နောက်ဆုံး ဝန်ခံလိုက်လေသည်။

သူသည် ကံအားလျော်စွာ ထိုအမှုက တရားသေလွတ်၍သွားသည်။ ထိုနောက်တွင်မူ သူတော်သည် ထိုရွာကလေးသို့ မာလာကို အကြောင်းပြု၍ မကြာခဏ



www.burmeseclassic.com

www.burmeseclassic.com



လာရောက်ချေးရောင်းရာမှ...

မာလာ၏မိခင်ကြီးကွယ်လွန်သောအခါ တစ်ကိုယ်တည်း အားကိုးရာမဲ့ ကျန်ရစ်ခဲ့သော မာလာကို လက်ထပ်ယူခဲ့လေသည်။ ထို့နောက် မြို့ကလေးပေါ်သို့ ပြောင်းရွှေ့လာကာ အလှကုန် စတိုးဆိုင်လေးကို မာလာ ဟူသော အမည်ဖြင့် ဖွင့်လှစ်ရာ တိုင်းရင်းသားဆိုင် ဖြစ်သဖြင့် ကရုတ်ဆိုင်ထက်ပို၍အားပေးခြင်းခံရလေသည်။

■





[ ၃ ]

ဦးသူတော်က သူ့ဇာတ်ကြောင်းကို အဆုံးသတ်လိုက်၏။ စုန်းကဝေဇာတ်လမ်း ကောင်းကောင်းကို နားထောင်ရလိမ့်မည်ထင်ကာ အားခဲထားသော ကျွန်ုပ်သည် အဖျားရှူးသွားသလိုရှိသော သူ့ဇာတ်လမ်းကြောင့် စိတ်ပျက်၍သွားမိ၏။

"မာလာကတော့ လွန်ခဲ့တဲ့ ၁၅ နှစ်လောက်ကပဲ လူကြီးရောဂါနဲ့ ကွယ်လွန်သွားပြီကွဲ့။ အခုတော့ ငါတစ်ယောက်တည်းပေါ့ကွယ်။ သေရမယ့်နေ့ကို စောင့်ဆိုင်းသလို နေထိုင်နေရတော့တာပါပဲ"

ဟုဆိုလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်မှာပင် ကျွန်ုပ်စီးမည့် အဝေးပြေးကားမှာ ဆိုက်ရောက်လာသဖြင့် ဆိုင်ရှင်အား ခေါက်ဆွဲ အဘိုးအခ စားသောက်သမျှကိုပါ ငွေရှင်း၍ နုတ်ဆက်ထွက်လာခဲ့ပါ၏။

မကြာမီ ထိုမြို့ကလေးကို ကျော်ခိုင်းလာခဲ့၏။ သို့သော် ဦးသူတော်ပြောပြသော ခေါင်းပြတ်စုန်းပုံပြင်ကတော့ ကျွန်ုပ်ရင်ထဲဝယ် ငြိတွယ်နေဆဲပင် ဖြစ်လေတော့သတည်း။ ။

ဒေဝလကျော်

■



Coming Soon

ဂျိုကာ
ပျော်စရာဝတ္ထုစာစဉ် (၁)

ကြပ်ကလေး
ပဉ္စမံဒီရိုင်း
မိုးဆက်လင်းထက်
လူနေ
ဝိဇယ

ဟာသဝတ္ထုလတ် (၅)ပုဒ်စုစည်းမှု

www.burmeseclassic.com